# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၁) ရက် ၊ စနေနေ့ ၊ (3-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၃၄)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၃ ခုနှစ် အစိုးရ ပါဠိ ပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များ စာရင်း ထုတ်ပြန်ကြေညာ

စာမျက်နှာ - ၂၁

## အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် MNDAA၊ TNLA၊ AA ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၁၇

## ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြား

စာမျက်နှာ - ၂၄

# အကြောင်းတရားတို့ပေါင်းစုံ စုစည်းညီညွတ်ရာမှသည် ရွှေရောင်ကာလတစ်ခုဆီသို့ . . .

အကြောင်းတရားတို့ ပေါင်းစုံညီညွတ်သည့်အခါ ကောင်းသောအကျိုးတရားတို့သည် ထွက်ပေါ်စမြဲသာ။ အကြောင်းကောင်း၍ အကျိုးကောင်းဖြစ်ရသည်။ အချို့သော ရလဒ်ကောင်းများဟူသည် ချက်ချင်းလက်ငင်းရရှိလာသည် မဟုတ်၊ တစ်ဆင့်ချင်းတစ်ဆင့်ချင်း တည်ဆောက်ယူရသည်ကို ယနေ့ကာလ အားကစားကဏ္ဍ တိုးတက်မှုအချို့က ပြသနေသည်။

ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ရယူမည်ဆိုလျှင် အခြေခံအုတ်မြစ်ကောင်းများ ခိုင်ခံ့အောင် ဦးစွာပြုလုပ်ယူရသည်။ အခြေအနေဖန်တီးနိုင်မှုအပါအဝင် အဘက်ဘက်က အခက်အခဲ၊ အနှောင့်အယှက်၊ ထိခိုက်နစ်နာမှု၊ အားနည်းချက်များစွာ ရှိနေသည့် အခြေအနေမှာဆိုလျှင် ပိုဆိုးသည်။ အရင်းအမြစ်နှင့် သွင်းအားစု inputs တို့ ချို့တဲ့လှသည့်အခြေအနေများမှာ ရလဒ်ကောင်းများဖြင့် အကောင်းဆုံး outcomes ကို ရယူနိုင်ဖို့ဆိုလျှင် ဦးဆောင်မှုနှင့် ကောင်းမွန်ထိရောက်သော efficient ဖြစ်သည့် စီမံခန့်ခွဲမှုကသာ အရေးကြီးဆုံးဖြစ်သည်ကို ပြီးစီးအောင်မြင်ခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးက ပြသနေပါသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ⚐




မေ ၁၀ ရက်က ကျင်းပခဲ့သည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်းအားကစားနည်း (အမျိုးသမီး) ကွင်းသွင်းခြင်းစတ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မြန်မာကစားသမားများ အောင်ပွဲခံနေစဉ်။




ရတနာပုံ
၂၀၂၃ ဇွန် ၃ ရက်
အယ်ဒီတာ့အာဘော်

# သံနှင့် သံမဏိလုပ်ငန်း ပြန်လည်နိုးကြားလာစေရေး

နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် သံနှင့်သံမဏိသည် မဖြစ်မနေလိုအပ်သည့်ပစ္စည်းဖြစ်သကဲ့သို့ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း အရေးပါသည်။ ထို့ကြောင့် နိုင်ငံတော်က သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြားလာစေရန် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သံမဏိသည် ၁၀၀ ရာခိုင်နှုန်း ပြန်လည်အသုံးပြုနိုင်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်သည်။ သံမဏိသည် အခြားမည်သည့်သတ္တုနှင့်မျှ မတူညီသည့် ထူးခြားဆန်းပြားသောအရည်အသွေးများနှင့်ပြည့်စုံနေသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် သံမဏိလိုအပ်ချက်သည် ဆက်တိုက်မြင့်မားလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းများ၌ နှစ်စဉ် သံမဏိလိုအပ်ချက်များရှိနေသည်။

မိမိတို့နိုင်ငံတွင် သံနှင့်သံမဏိလိုအပ်ချက်အနေဖြင့် နှစ်စဉ် တန်ချိန်နှစ်သန်းခန့်ရှိပြီး ပြည်ပငွေများစွာသုံးစွဲနေရသည်။ ထို့ကြောင့် ယခင်အစိုးရလက်ထက်က ရပ်တန့်ခဲ့သောစက်ရုံကို ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သံမဏိထုတ်လုပ်ရေးအတွက် လျှပ်စစ်ဓာတ်အားလိုအပ်လျက်ရှိသည်။ ထို့ကြောင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့်နေရာများကို မြေပြင်တွင် ကွင်းဆင်းသုတေသနပြုဆောင်ရွက်သွားရန်လိုသည်။ အလားတူ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုလည်း ဆောင်ရွက်ရန်လိုအပ်သည်။

ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် သံမဏိစက်ရုံများ စက်စွမ်းအားပြည့်လည်ပတ်ထုတ်လုပ်ပါက တစ်နှစ်လျှင် သံမဏိတန်ချိန် တစ်သန်းခန့်သာထုတ်လုပ်နိုင်ပြီး လိုအပ်သောသံမဏိတန်ချိန်နှစ်သန်းခန့်ကို ပြည်ပမှတင်သွင်းနေရသည်။ မိမိတို့နိုင်ငံတွင် သံနှင့်သံမဏိထုတ်လုပ်ရန် သံသတ္တုရိုင်းသိုက်နှင့် ကျောက်မီးသွေးများ အထိုက်အလျောက်ရှိ၍ သယံဇာတများနှင့် ကိုက်ညီသည့်နည်းပညာများကို အသုံးချပြီး သံရိုင်းမှ သံမဏိအဖြစ်လည်းကောင်း၊ သံတိုသံစများမှ အဆင့်မြင့်သံမဏိအဖြစ်လည်းကောင်း ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီကျော်လွန်အောင် ထုတ်လုပ်နိုင်ပါက ပြည်ပမှ ဝယ်ယူတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲရမှုမှ သက်သာစေမည်ဖြစ်သဖြင့် နိုင်ငံတော်၏ စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်သည်။

ပြည်တွင်း၌ သံမဏိထုတ်လုပ်ရာတွင် စံချိန်စံညွှန်းများပြည့်မီရန်လိုအပ်သလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး သံသတ္တုရိုင်းများကို သန့်စင်ကျိုချက်ရာမှထွက်ရှိလာသည့် ဓာတ်ငွေ့နှင့် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိခိုက်မှုမရှိအောင် သံမဏိလုပ်ငန်းရှင်များအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများရှိ သံမဏိလုပ်ငန်းရှင်များသည် ရင်းနှီးမြှုပ်နှံမှု၏ ၁၅ ရာခိုင်နှုန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည်။

သို့ဖြစ်ရာ စက်မှုလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ အစဉ်ထာဝရရပ်တည်ရှင်သန်နိုင်ရေး၊ တိုးတက်ဖြစ်ထွန်းအောင်မြင်စေရေးအတွက် တစ်ဦးကောင်း တစ်ဖွဲ့ကောင်း ဆောင်ရွက်ခြင်းမပြုဘဲ အမြော်အမြင်ကြီးစွာ မိမိတို့၏အရင်းအမြစ်အသီးသီးကို စုပေါင်းလျက် နိုင်ငံတကာနှင့်ရင်ပေါင်တန်း၍ သံနှင့်သံမဏိလုပ်ငန်း ပြန်လည်နိုးကြားလာစေရေး၊ မြန်မာ့စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာစေရေး နည်းပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# နယုန်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး ဇွန် ၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ နယုန်လပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် နေ့ထူးနေ့မြတ်ဖြစ်သော နယုန်လပြည့် မဟာသမယအခါတော်နေ့ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ဟာ နယုန်လပြည့်နေ့ ဥပုသ်နေ့ဖြစ်တာကြောင့် မဟာမုနိရုပ်ရှင်တော်မှာ ဘုရားဖူးတွေနဲ့ စည်ကားနေပါတယ်။ ရွှေသက်နှင်းကပ်လှူသူတွေလဲ များပြားပါတယ်။ ဘုရားဖူးတွေဟာ သမိုင်းပန်းချီပြတိုက်၊ ကြေးစည်တော်ကြီးပြတိုက်၊ ကြေးရုပ်ပြတိုက်နဲ့ ကြေးမောင်းကြီး နေရာတွေကိုလဲ သွားရောက်လေ့လာကြပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်" ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၈၂၆၀၈၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင်လည်း ဘုရားဖူးများဖြင့် နံနက်အစောပိုင်းမှစ၍ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(၁၈၅)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၂**

မန္တလေး မြေဈေးကွက်အတွင်း ယခုအခါ ပြန်လှုပ်ခတ်စပြုလာသော်လည်း အရောင်းအဝယ် သိသိသာသာ ပြောင်းလဲခြင်းမျိုးမရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင်များက ပြောပြ၍ သိရသည်။

ယခုအခါ အိမ်ခြံမြေများ ကာလပေါက်ဈေးထက် ကျဆင်းလာသော်လည်း ငွေကျပ်သိန်းထောင်ကြီးပိုင်းနှင့် သောင်းဂဏန်းပိုင်းရှိနေသည့် အိမ်ခြံမြေများသည် ဈေးနှုန်း တင်းခံမှုများကြောင့် အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း၊ အငှားဈေးကွက်လည်း ကျဆင်းသွားခြင်းမျိုးမရှိဘဲ မြို့တွင်း အချက်အချာကျသည့် နေရာများ အပါအဝင် လူနေရပ်ကွက်များတွင် ငှားရမ်းရမှုများနေဆဲဖြစ်ကြောင်း သိရသည်။

"အိမ်ခြံမြေလုပ်ငန်း ရင်းနှီးမြှုပ်နှံသူတွေနဲ့ ဆောက်လုပ်ရေးလုပ်ငန်းရှင်တွေအပါအဝင် အိမ်ခြံမြေနဲ့ ဆက်စပ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ တော်တော်များများက အိမ်ခြံမြေဈေးကွက် သိသိသာသာပြောင်းလဲသွားနိုင်တယ်လို့ မျှော်လင့်ထားကြပေမဲ့ ထင်သလောက်ဖြစ်လာတာ မတွေ့ရပါဘူး။ ဈေးကွက်မှာက ခေါ်ဈေးထက် ဈေးလျှော့ရောင်းမှ အဆင်ပြေတာများပါတယ်။ အားလုံးမျှော်လင့်ထားသလို အရောင်းအဝယ်ပိုင်း သိသိသာသာ မြင့်တက်မလာသေးဘဲ တိုက်ခန်းဝယ်ယူကြတာတွေကိုတော့ ပိုပြီးစိတ်ဝင်စားလာကြပါတယ်"ဟု အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးက ပြောပြသည်။

ထို့ပြင် ဈေးကွက်အတွင်း တန်ဖိုးနည်းအကွက်ရိုက်မြေကွက်များအပြင် တန်ဖိုးသင့်နေအိမ်ပါပြီး မြို့တွင်းပိုင်း မြေကွက်များလည်း မေးမြန်းဝယ်ယူမှု အနည်းငယ်ရှိလာကြောင်း၊ အကွက်ရိုက်မြေကွက်များမှာ မြေတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းပေးချေပြီး ကျန်ငွေကို အရစ်ကျစနစ်ဖြင့် ရောင်းဝယ်နေခြင်းကြောင့် အမှန်တကယ် နေထိုင်လိုသူများ အများဆုံးဝယ်ယူနေကြကြောင်း သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် အကွက်ရိုက်မြေကွက်များမှာ ချမ်းမြသာစည်မြို့နယ် အရှေ့ခြမ်းရှိ အကွက်ရိုက်မြေကွက်များ၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာမြေများဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့် အထက်၊ အမရပူရမြို့နယ်တွင် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်၊ လမ်းမတန်းကြီးများတွင် လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၁၅၀၀ ခန့်နှင့် အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဌေးထံမှ သိရသည်။

(၁၇၃)

# မန္တလေး သီရိမာလာကုန်စိမ်းဈေးတွင် အောင်ပန်းဒေသနှင့် နောင်ချိုဒေသမှဝင်ရောက်လာသည့်ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ သီရိမာလာ ကုန်စိမ်းဈေးတွင် အောင်ပန်းဒေသနှင့် နောင်ချိုဒေသမှဝင်ရောက်လာသည့် ခရမ်းချဉ်သီးများ အရောင်းအဝယ်ကောင်းနေကြောင်း အဆိုပါဈေးအတွင်းရှိ အောင် ကုန်စိမ်းပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခရမ်းချဉ်သီးများသည် ရှမ်းပြည်နယ် အောင်ပန်းဒေသနှင့် နောင်ချိုဒေသမှထွက်ရှိပြီး မန္တလေး သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ၁၂ ဘီးကား ၂၆ စီးထိ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ ယခုလက်ရှိအချိန်တွင် ဈေးနှုန်းများမှာလည်း အောင်ပန်းသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၂၀၀၀၀ နှင့် နောင်ချိုသီး ၁၈ ပိဿာဝင် သေတ္တာတစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀ ထိ ဈေးရရှိနေကြောင်း သိရသည်။

"လက်ရှိမှာတော့ ခရမ်းချဉ်သီး အဓိကစိုက်ပျိုးတဲ့ ရှမ်းပြည်နယ်ဘက်က ခရမ်းချဉ်သီးတွေ ဈေးကွက်ကို အများဆုံးဝင်ရောက်လာတာပါ။ အောင်ပန်းသီးတွေ ဈေးကောင်းရရှိနေကြတယ်။ နောင်ချိုသီးတွေလဲ ဈေးကောင်းရရှိနေပါတယ်။ အဝင်နည်းပြီး ပစ္စည်းပြတ်လပ်နေတာကြောင့်လဲ ဈေးကောင်းရနေတာပါ။ တစ်နေ့ကို နောင်ချိုဒေသဘက်က ၁၂ ဘီးကား ခြောက်စီးနဲ့ အောင်ပန်းဒေသဘက်က ၁၂ ဘီးကား အစီးရေ ၂၀ ကျော် ပုံမှန်ဝင်ရောက်နေပါတယ်။ အရောင်းအဝယ်ကတော့ ကောင်းနေပါတယ်။ ကျန်တဲ့ဒေသတွေက ထွက်ရှိမှုမရှိတော့ပါဘူး။ ကျန်တဲ့ ကုန်စိမ်းသီးနှံတွေလဲ အရောင်းအဝယ် ကောင်းနေပါတယ်"ဟု ဦးအောင်မိုးနိုင်က ပြောပြ၍ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်သာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများရွေးချယ်

**တောင်သာ ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းကျေးရွာများရွေးချယ်ပွဲကို ဇွန် ၁ ရက်နံနက်ပိုင်းက တောင်သာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်သူရက အမှာစကားပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက စီမံကိန်းရွေးချယ်ရာတွင် လိုက်နာရမည့် စံနှုန်းများဖြစ်သည့် ဆင်းရဲသည့်ကျေးရွာ၊ စည်းလုံးညီညွတ်သည့် ကျေးရွာ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးကောင်းမွန်သောကျေးရွာ၊ စီမံကိန်းဆောင်ရွက်လိုသည့် ကျေးရွာစသည့်အချက်များနှင့် ကိုက်ညီသောကျေးရွာများကို ဦးစားပေးရွေးချယ်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တောင်သာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်သူရ၊ တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ မြို့နယ်စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း Type-1 အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာရွေးချယ်ရေးစံနှုန်းများနှင့်ကိုက်ညီသည့် အိုးဖိုကျေးရွာအုပ်စု ထန်းတောကျေးရွာနှင့် တလိုင်းရပ်ကျေးရွာအုပ်စု တလိုင်းရပ်(ရွာသစ်) ကျေးရွာတို့ကို အတည်ပြုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၆၅လမ်း ၁၀၈ လမ်းနှင့် ၁၀၉ လမ်းကြားနေ သားသမီးမြေးမိသားစုက ဦးလေးမြင့်-ဒေါ်စောမာလာတို့အားရည်စူး၍ ရာသက်ပန်ဆွမ်းအလှူငွေကျပ် ၂၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ယခုဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းခြောက်ခုဝင်ရောက်ရန် ဆောင်ရွက်နေ



**ဘားအံ ဇွန် ၂**

ယခုဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်၌ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းခြောက်ခု ဝင်ရောက်ရန် လျာထားဆောင်ရွက်နေကြောင်း ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ မေ ၃၁ ရက် သတင်းများအရ သိရသည်။

ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ယခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှစ်ခု စုစုပေါင်း ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခြောက်ခု ဝင်ရောက်လုပ်ကိုင်လာရန် လျာထားဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် မျှော်မှန်းဆောင်ရွက်ထားသည့် လုပ်ငန်းများမှာ စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏကို ငွေကျပ်သန်း ၆၀၀၀ ဝင်ရောက်လာရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း စက်မှုကဏ္ဍနှင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍများတွင် ဝင်ရောက်လုပ်ကိုင်လာရန် လျာထားဆောင်ရွက်နေပြီး အဆိုပါ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်း ဝင်ရောက်လာရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

လက်ရှိတွင် ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိကြောင်း၊ ထို့ပြင် ကရင်ပြည်နယ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာစေရေးအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုအသစ်များကို ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ယခင်ခွင့်ပြုပြီးခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကိုလည်း ရေရှည်ရပ်တည် အောင်မြင်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းချမ်း**

# တံတားဦးမြို့နယ်၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**တံတားဦး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက် ညနေ ၃ နာရီက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းကို တံတားဦးမြို့နယ်ရှိ ကျေးရွာများမှ သင်တန်းသူ ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက အဆင့်မြင့်စက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ဇွန် ၁ ရက်မှ ၃၀ ရက်ထိ တစ်လကြာ စာတွေ့၊ လက်တွေ့အခမဲ့ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ကျောက်ဆည်ခရိုင်၌ ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး Presentation & Microsoft Power Point Training သင်တန်းဖွင့်

**ကျောက်ဆည် ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေလွယ်ကူစေပြီး စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ Presentation & Microsoft Power Point Training သင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက်နံနက်ပိုင်းက အဆိုပါခရိုင်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပို့ချပေးသော သင်ခန်းစာများကို သေချာစွာလေ့လာသင်ယူပြီး လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိရှိပြန်လည်အသုံးချဆောင်ရွက်ကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြ ဆရာများက သင်တန်းတွင် ပို့ချသင်ကြားမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ Presentation & Microsoft Power Point Training သင်တန်းကို ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်တို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ဝန်ထမ်း ၁၀ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်ဆရာ၊ ဆရာမများက Presentation & Microsoft Power Point စသည့် ဘာသာရပ်များကို ဇွန် ၁ ရက်မှ ၂၀ ရက်ထိ ရက် ၂၀ ကြာ အခမဲ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြင့်က ပြောပြ၍ သိရသည်။

**မောင်နိုင်**



# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ (၁၈၁)

ကြည်လွင်မြင့်(မုံရွာ)

**မေး ။ ။ ဆရာကြီးရှင့် ကျွန်မအသက် ၄၂ နှစ်ပါရှင့်။ ပြီးခဲ့တဲ့ ၁၂ နှစ်က ဘယ်ဘက်ခြမ်းလေဖြန်းဖူးပါတယ်။ နောက်ပိုင်းမှာ အစားအသောက်အနေအထိုင်ဆင်ခြင်လို့ သွေးပေါင်ချိန်လဲ ၁၂၀/၈၀ ပုံမှန်ရှိပါတယ်ရှင့်။ သွေးလဲမဆုံးသေးပါဘူး။ ဒါပေမဲ့ ပြီးခဲ့တဲ့လက မဇ္ဈတာအနည်းငယ်ပဲလာပါတယ်။ အရင်လေဖြန်းဖူးတဲ့ ဘယ်ဘက်ခြမ်း လက်မောင်းရင်းကနေလက်ဖျားထိ ထုံကျဉ်ပြီး အလုပ်လုပ်ကိုင်ရင် နာလာပါတယ်။ ရေတစ်ဆုံထောင်းတာဖြစ်ဖြစ်၊ အဝတ်လျှော်ပြီး ရေညှစ်တာဖြစ်ဖြစ်လုပ်မိရင် ဘယ်လက်တစ်ဖက်လုံး မခံနိုင်အောင် နာလာပါတယ်။ အရင်ကလဲ လေဖြန်းဖူးတဲ့ဘက်ဖြစ်တာမို့ စိုးရိမ်လို့ပါရှင့်။ ဘာဆေးသောက်ရမလဲ၊ ဘယ်လိုနေထိုင်စားသောက်ရမလဲဆိုတာ ပြောပြပေးပါရှင့်။ ကျေးဇူးအထူးတင်ပါတယ်ရှင့်။**

ဖြေ ။ ။ လေဖြန်းဖူးတဲ့ဘက်က အကြောလေလျှောက်အားနည်းနေတာပါ။ လေလျှောက်အားနည်းတော့ လုပ်ရကိုင်ရတာ အားမရဘူးဖြစ်နေတာပါ။ လေ့ကျင့်ခန်းလုပ်ပေးပါ။ သောက်ဆေး၊ လိမ်းဆေး လိမ်းပေးဖို့တော့ လိုပါတယ်။ အကြောပြင်ဆရာကောင်းရှိရင် ပြပါ။ အကြောပြင်ပေးပါ။ သွေးမဆုံးသေးပေမဲ့ သွေးအားနည်းတဲ့အခါ၊ အအိပ်အစားမမှန်တဲ့အခါ ဓမ္မတာလာတာနည်းတတ်ပါတယ်။ သွေးကျန်ပြီး နေထိုင်မကောင်းဖြစ်တတ်ပါတယ်။ အကြောအဆစ်တွေ နာကျင်ကိုက်ခဲတာဖြစ်တတ်ပါတယ်။ ဓမ္မတာပုံမှန်ပေါ်အောင် အစားအသောက်ဂရုစိုက်ပါ။ သွေးချုပ်စေတဲ့ ဆီးဖြူသီး၊ ဖန်ခါးသီး၊ တည်းသီးစတာတွေ ရှောင်စားပါ။ တိုင်းရင်းဆေးသုံးစွဲမယ်ဆိုရင်တော့ အကြောလေလျှောက်ဆေး၊ လေပူကျဆေး၊ ပရွတ်ဆီနဲ့ ငရုတ်ကောင်းဆီပါဝင်တဲ့ အကြောလိမ်းဆေးအဆီတွေ လိမ်းပေးပါ။ ဝံအူမြစ်၊ တောရှောက်မြစ်တွေပါတဲ့ အကြောလိမ်းဆေးအမှုန့်တွေလိမ်းပေးပါ။ အကြောပိတ်စေတဲ့ ကုလားပဲ၊ အုန်းထမင်း၊ နို့မလိုင်၊ ဝက်သား၊ ဆီများတဲ့အစာတွေ၊ စားအုန်းဆီပါတဲ့အစာတွေရှောင်ကြဉ်စားပါ။ အစာစားပြီးတိုင်း အစာကြေစေဖို့ ရေနွေးပူပူသောက်ပေးပါ။ အစာကြေရင် အကြောလေလျှောက်အားကောင်းပြီး သွေးအားတွေလဲကောင်းလာပါလိမ့်မယ်။

**မေး ။ ။ ဆရာကြီးရှင့်၊ သမီးအသက် ၂၇ နှစ်ပါ။ သမီး ဒီနှစ်နှစ်အတွင်းမှာ တဖြည်းဖြည်းဝလာလို့ပါ။ သမီးအသက် ၂၅ နှစ်တုန်းက ကိုယ်အလေးချိန် ၁၂၆ ပေါင်ရှိပါတယ်။ အခု အသက် ၂၇ နှစ်မှာ ကိုယ်အလေးချိန် ၁၅၂ ပေါင်ရှိလာပါတယ်။ သမီးတို့မျိုးရိုးမှာ အဖေက ပိန်ပေမဲ့ အမေနဲ့ အဒေါ်တွေက ဝကြပါတယ်။ ဝတာကမျိုးရိုးလိုက်တာ မှန်ပါသလားရှင့်။ ဒီထက် ဆက်မဝအောင် သမီး ဘယ်လိုထိန်းသိမ်းရမယ်ဆိုတာ လမ်းညွှန်ပေးပါရှင့်။ စားဆေးသောက်ဆေးတွေရှိရင်လဲ ညွှန်ကြားပေးပါရှင့်။**

ဖြေ ။ ။ ဝတဲ့သူတွေဟာ မျိုးရိုးကြောင့် အဝလွန်တာနဲ့ မျိုးရိုးမရှိဘဲ လမ်းလျှောက်နည်းတာ၊ အစားအသောက်လွန်ကဲတာ၊ အဆီအအိမ့်၊ အချိုအစားများတာတွေကြောင့် အဝလွန်တာဖြစ်တတ်ပါတယ်။ ဝတာဟာရောဂါမဟုတ်ပါဘူး။ လေ့ကျင့်ခန်း၊ အစားအသောက်၊ အနေအထိုင် ပြုပြင်ခြင်းဖြင့် အဝမလွန်အောင်ထိန်းသိမ်းနိုင်ပါတယ်။ ဝတာကိုပိန်စေဖို့အတွက် ဆေးအပြင်းတွေ၊ ဓာတုဗေဒဆေးဝါးတွေ သောက်သုံးရင် မကောင်းပါဘူး။ မှန်ကန်တဲ့လေ့ကျင့်ခန်းပြုလုပ်တာ၊ နေ့စဉ်မှန်မှန်လမ်းလျှောက်တာ၊ အဆီနဲ့အချိုအဆိမ့် လွန်ကဲတဲ့အာဟာရတွေ ရှောင်ကြဉ်ပြီး အသီးအနှံ၊ သဘာဝအစားအစာ



ဆေးဖက်ဝင် သက်ရင်းကြီးပင်ကို တွေ့ရစဉ်။

များများစားသုံးပေးခြင်းဖြင့် ထိန်းထားနိုင်ပါတယ်။ အဆီကျပြီး ခန္ဓာကိုယ်အဝမလွန်အောင်ထိန်းပေးနိုင်တဲ့ဓာတ်စာနဲ့ ဆေးနည်းတိုတွေကို အောက်မှာဖော်ပြထားပါတယ်။ မိမိနှစ်သက်ရာသင့်တော်သလို သုံးစွဲကြည့်ပါ။

(၁) သံပရာသီးကို ထက်ခြမ်းခြမ်းပြီး အခွံပါ ရေနွေးစိမ်သောက်ရင် အဆီကျပြီး ပိန်စေနိုင်ပါတယ်။

(၂) ရှောက်သီးအရည်နဲ့ ပျားရည်ကို သုံးချိုးတစ်ချိုးရောစပ်ပြီး နေ့စဉ်သောက်သုံးပေးရင် အဆီကျပိန်စေနိုင်ပါတယ်။

(၃) ထမင်းစားရင် အချိုရည်၊ ရေခဲရေနဲ့ အအေးသောက်တာကို ရှောင်ပြီး ရေနွေးကြမ်းအဖန်ရည်ကို ထမင်းစားပြီးတိုင်း သောက်သုံးပေးရင် အဝလွန်တာကို ထိန်းစေနိုင်ပါတယ်။

(၄) ဝပြီး ဝမ်းဗိုက်စူရင် သက်ရင်းကြီးအရွက်နုကိုပြုတ်ပြီး နှစ်ရွက်၊ သုံးရွက် နေ့စဉ် အတို့အမြှုပ် ပြုလုပ်စားရင် ဝပြီး ဝမ်းဗိုက်စူတာကို သက်သာစေနိုင်ပါတယ်။

(၅) ကြခတ်ဝါးရွက်ကိုပြုတ်ပြီး ပြုတ်ရည်မတ်ခွက်တစ်လုံးစာကို နေ့စဉ်သောက်ပေးရင် အဆီကျပြီးအဝလွန်တာကိုထိန်းစေနိုင်ပါတယ်။

(၆) ချင်းတက်ကိုထောင်းပြီး ဟင်းစားဇွန်းတစ်ဇွန်း အရည်ညှစ်ယူ၊ ပျားရည်တစ်ဇွန်းရောစပ်ပြီး ထမင်းစားပြီးချိန်တိုင်း သောက်သုံးပေးပါက အစာကြေပြီး သွေးတွင်းအဆီတိုးတာကို သက်သာစေနိုင်ပါတယ်။

(၇) နနွင်းမှုန့်အစစ်ကို ပျားရည်နဲ့ရောပြီး ချွေးကြီးစေ့ခန့်လုံး တစ်နေ့ကို နံနက်၊ ညသုံးလုံးစီ စွဲမြဲစွာသောက်ပေးရင် အဆီကျပြီး အဝလွန်တာကိုထိန်းစေပါတယ်။

(၈) ရှောက်သီးအရည်သုံးဇွန်းကို ဆားခါးတစ်ဇွန်းရေအေးနဲ့ရောစပ်ပြီး ညအိပ်ရာဝင်ချိန်သောက်သုံးပေးရင် ဝမ်းမှန်ပြီး အဝလွန်တာ၊ ဗိုက်ခေါက်ထွက်တာကို ထိန်းစေနိုင်ပါတယ်။

**မေး ။ ။ ဆရာကြီးခင်ဗျာ ကျွန်တော့်ရဲ့သားလေး အသက် ၁၆ နှစ် ကိုးတန်းကျောင်းသားမှာ အားနည်းပြီး မကြာခဏဖျားလဲတတ်ပါတယ်။ ညဥ့်နက်အောင်စာကျက်ရင်လဲ နောက်နေ့မနက်မှာ အိပ်ရာကမထနိုင်ဘဲ အားမရှိသလို၊ အိပ်ရေးမဝသလို အမြဲဖြစ်နေတတ်ပါတယ်။ ဆေးစန်းတွေပြတဲ့အခါ သွေးအားနည်းတယ်၊ အားရှိတဲ့အစာတွေကျွေးပါလို့ ညွှန်ကြားပါတယ်။ သွေးအားနည်းတာအတွက် ကောင်းစေမဲ့ အစားအသောက်ဓာတ်စာတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ သွေးအားနည်းရောဂါမှာ ခန္ဓာကိုယ်တွင်းရေဓာတ် (အာပေါဓာတ်) လျော့နည်းလို့ဖြစ်တဲ့ သွေးအားနည်းရောဂါနဲ့လေဓာတ် (ဝါယောဓာတ်) တွန်းအားပို့အားနည်းလို့ဖြစ်တဲ့ သွေးအားနည်းရောဂါဆိုပြီး နှစ်မျိုးရှိပါတယ်။ အောက်ပါဓာတ်စာတွေကို စားသုံးပေးပါ။

(၁) ဟင်းနုနယ်ရွက်ကို နှမ်းဆီနဲ့ကြော်စားပါ။ ကြက်ဥနဲ့ရောကြော်စားလဲရပါတယ်။

(၂) ပန်းကညွတ်ဥ(ရှဥ့်မတက်ဥ)ကို နှမ်းဆီ၊ ထောပတ်၊ ပျားရည်တို့နဲ့စိမ်ပြီး အားဆေးအဖြစ် စားသုံးပါ။

(၃) ရွှေကန်စွန်းဥကို မြေပဲဆန်အစိုနဲ့ရောစပ်ပြီး ယိုထိုးစားပါ။

(၄) သွေးပေါင်ချိန်ကျရင် ကြံ့သွေး၊ ကျောက်သွေးတို့ကို အပူငြိမ်း သွေးဆေးနဲ့ရောစပ်ပြီး သောက်သုံးပေးပါ။

(၅) သွေးပေါင်ကျပြီး အားနည်းရင် နွားနို့ ၂၅ ကျပ်သားကို ဆူပွက်အောင်ကျိုပြီး သကြားဟင်းစားဇွန်း သုံးဇွန်းနဲ့ နနွင်းမှုန့် ကော်ဖီဇွန်းငယ် တစ်ဇွန်းထည့်ဖျော်ပြီး သောက်ပေးပါ။

(၆) ခါကြက်ဥ(မုန်လာဥနီ)ကို ကြိတ်ပြီး သကြားနဲ့ နွားနို့ထည့်ကာ ဖျော်ရည်လုပ်သောက်ရင် သွေးအားတိုးစေနိုင်ပါတယ်။

(၇) အားအင်ကုန်ခန်းရင် ထောပတ်သီးကို နွားနို့နဲ့ရောပြီး ဖျော်ရည်လုပ်သောက်ပေးပါ။

**မေး ။ ။ ဆရာကြီးခင်ဗျာ မိုးအနည်းငယ်ရွာပြီးနောက် မျက်စိနာတာ၊ မျက်စိနီရဲတာတွေ ဖြစ်ကြပါတယ်။ မျက်စိနာရောဂါဖြစ်ရင် ဘယ်လိုဆေးနည်းတွေသုံးစွဲရမယ်ဆိုတာ ညွှန်ကြားပေးစေလိုပါတယ်။ မျက်စိယားတဲ့အခါလဲ ပွတ်မိရင်ပိုစိုးပါတယ်။ မျက်စိယားသက်သာအောင် ဘယ်လိုဆေးမျိုးတွေသုံးစွဲသင့်ပါသလဲ ဖြေကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ မျက်စိနာက ရာသီဥတုကြောင့် အပူအထက်ပြန်ပြီးဖြစ်တဲ့ မျက်စိနာ၊ ကူးစက်လို့ဖြစ်တဲ့ မျက်စိနာ၊ ရေတိမ်ကြောင့်ဖြစ်တဲ့ မျက်စိနာဆိုပြီး အမျိုးမျိုးရှိပါတယ်။ အောက်ပါဆေးနည်းတိုတွေကို သင့်တော်သလို သုံးစွဲပေးပါ။

(၁) ကျားမနိုင်မြစ်ကို သွေးပြီး မျက်စိကွင်းပေးပါ။

(၂) မန်ကျည်းခေါက်ကို ဆားနဲ့ရောသွေးပြီး ကွင်းပေးရင် မျက်စိနာ၊ မျက်စိယားသက်သာစေပါတယ်။

(၃) သာမန်မျက်စိနာဖြစ်ရင် ရေသန့်အကြမ်းပန်းကန်တစ်လုံးစာမှာ အိမ်သုံးဆား မန်ကျည်းစေ့လောက်ထည့်ဖျော်ပြီး အရည်ကြည်ကို မျက်စဉ်းခတ်ပေးပါ။ တစ်နေ့ သုံးကြိမ်ခတ်ပေးရင် မျက်စိနာတာကို ကာကွယ်နိုင်ပါတယ်။

(၄) ထိခိုက်မိဒဏ်ကြောင့်ဖြစ်တဲ့ မျက်စိနာ၊ ဖုန်၊ သဲ၊ မှန်ကွဲဝင်တဲ့ မျက်စိနာကို သံပရာသီးထက်ခြမ်းခြမ်းပြီး အစေ့တွေဖယ် အရည်တစ်စက်၊ နှစ်စက် ညှစ်ထည့်ပေးရင် မျက်ရည်ကျပြီး အမှုန်တွေ ကင်းစင်သွားစေပါတယ်။

(၅) သိန္ဓောဆားကို မိုးရေနဲ့ စိမ်ထားပြီး မျက်စဉ်းခတ်ပေးရင် အတွင်းတိမ်ကြောင့်ဖြစ်တဲ့ မျက်စိနာကို သက်သာစေပါတယ်။


(၆) ထိကရုံးဆူးပေါက်ပင်ရဲ့ အမြစ်ကို ရေစိမ်ပြီး မျက်စဉ်းခတ်ပေးရင် ရေတိမ်ကို သက်သာစေပါတယ်။

(၇) ဒန့်သလွန်ရွက်ကို ရေသန့်သန့်နဲ့ဆေးထောင်းပြီး အရည်ညှစ် မျက်စဉ်းခတ်ပေးရင် မျက်လုံးအိမ်ထဲက ကိုက်ခဲတာ၊ မျက်ရိုးကိုက်တာ၊ မျက်စိနာတာ စတဲ့ဝေဒနာတွေကို သက်သာစေပါတယ်။

(၈) သွေးလိုနီရဲတဲ့ မျက်စိနာဖြစ်ရင် ကျန်းမာတဲ့မိခင်ရဲ့နို့ရည်ကို တောင်းယူပြီး မျက်စဉ်းခတ်ပေးရင် သက်သာပျောက်ကင်းစေနိုင်ပါတယ်။

(၉) ရှားစောင်းလက်ပပ်ကို အပြင်ခွံခွာပြီး အနှစ်နဲ့ မျက်လုံးအိမ်ပေါ်ကနေ ကပ်ပေးရင် မျက်စိနာပြီး မျက်လုံးအိမ်ဖူးရောင်တာကို သက်သာပြီး အရောင်ကျစေနိုင်ပါတယ်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ဆိုတာပါ။

# ဖျာပုံမြို့နယ်တွင် ရေချိုငါးသလောက်တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ထိ ဈေးကောင်းရရှိနေ

**ဖျာပုံ ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ရေချိုငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် ရေချိုငါးသလောက်ထွက်ရှိပြီး မတ်လနှင့် ဧပြီလအတွင်းက ရေချိုငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀၀ ထိသာဈေးရရှိခဲ့ပြီး မေ ၁ ရက်မှ ဇွန် ၂ ရက်ထိ ရေချိုငါးသလောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါ ဖျာပုံမြို့နယ်က ရေချိုငါးသလောက်များကို ပြည်တွင်းဟိုတယ်နှင့် စားသောက်ဆိုင်များက အများဆုံးဝယ်ယူနေသဖြင့် ဈေးကောင်းရရှိနေခြင်းဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ငါးသလောက်က လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးကောင်းရနေပါတယ်။ အရောင်းအဝယ်ကလဲ သွက်နေပါတယ်။ လက်ရှိ တစ်ပိဿာကို ငွေကျပ် ၅၅၀၀၀ ထိ ဈေးကောင်းရနေပါတယ်။ ရေချိုငါးသလောက်ကို ဝယ်ယူမှုအားကောင်းလာသလို ဈေးကောင်းလဲရနေတာဖြစ်ပါတယ်။ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှု အားကောင်းနေတယ်။ အခုလိုဈေးကောင်းရတော့ ရေလုပ်သားတွေ အဆင်ပြေနေပါတယ်"ဟု ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဖျာပုံမြို့နယ်က ထွက်ရှိသည့် ရေချိုငါးသလောက်များကို ပုသိမ်မြို့ဈေးကွက်အပြင် ရန်ကုန်နှင့် နေပြည်တော်ဈေးကွက်သို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးသလောက်များ ဈေးကောင်းရရှိနေပြီး နေ့စဉ် ငါးသလောက်ပိဿာချိန် ၉၀၀၀ မှ ၁၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသကထွက်ရှိတဲ့ ငါးသလောက်က ရေချိုငါးသလောက်တွေပါ။ လက်ရှိ ရေချိုငါးသလောက်ဖမ်းဆီးရရှိမှုနည်းနေပါတယ်။ ဖမ်းဆီးရရှိမှုနည်းနေပေမဲ့ ငါးသလောက်ဈေးက ကောင်းနေပါတယ်။ အခုလအတွင်းမှာ ရေချိုငါးသလောက်ဈေးက သိသိသာသာ တက်လာတော့ အဆင်ပြေနေပါတယ်"ဟု ဖျာပုံမြို့နယ်မှ ငါးသလောက်ရှာဖွေသူ ရေလုပ်သား ကိုထွန်းထွန်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဂုဏ်အင်ပြည့်စုံ လနယုန်

- တိမ်ရောင်စုံ ကွန့်မြူးပါတဲ့
မိုးဦးစ လဝသန်၊
မုတ်သုံလေ အလည်တစ်ခေါက်
လာရောက်ခဲ့ပြန်၊
နယုန်လရဲ့ သရုပ်မှန်
ပန်းမန်ဝေ မြိုင်တစ်လွှား၊
ပုလဲရည် ပက်ကာဖျန်းလေတော့
လန်းဆန်းဝံ့ကြွား။

- နွေလဝယ် ပိတ်လို့ထားတဲ့
ကျောင်းတံခါးများ ဖွင့်လေပြီ၊
ခေါင်းလောင်းသံ ချိုချိုအေးက
လေသွေးရာချီ၊
အနာဂတ်ရဲ့ပန်းတိုင်ဆီ
ဖွဲညီညီ တူလျှောက်လှမ်း၊
စိတ်မပျက်ပေ
အိပ်မက်တွေ တကယ်မဝေးပါဘု
တွေးဆမျှော်မှန်း။

- မြတ်နိဗ္ဗူ သာစခန်းသို့
လမ်းပြသည့် သံဃာထေရ်၊
သာသနာတော် အဓွန့်ရှည်ရေး
မြော်တွေးလို့လေ၊
စာပြန်ပွဲ နွှဲကာဖြေ
အကျော်မော်တွေ ဖြစ်စေရေး၊
မညှိုးသာသနာ
အမျိုးဘာသာ တက်နေဝန်းသို့
ထွန်းပဖို့လေး။ ။

**ဖြိုးသဥာ(ပညာရေး)**

# ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာ၌ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်

**ရပ်စောက် ဇွန် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ကျွမ်းကျင်လုပ်သားများပေါ်ပေါက်လာစေရန်ရည်ရွယ်၍ အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက ဖောင်းတောကျေးရွာအုပ်စု ဖောင်းတောကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်ဝင်းစန္ဒာက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွေးရယ်က အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတက်ရောက်ရာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတွင် သင်ကြားပို့ချမည့်ဘာသာရပ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ အသီးသီးလွှဲပြောင်းပေးအပ်သည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်စက်ချုပ်သင်တန်းသို့ ဖောင်းတောကျေးရွာမှ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အဆင့်မြင့်စက်ချုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို နည်းပြဆရာမနှစ်ဦးက ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်ထိ တစ်လကြာအခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# စလင်းမြို့နယ် မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ မကျီးပင်ပုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ပထမနှစ်စက်ဝန်းတွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးတောင်သူ ၁၂၇ ဦးတို့၏ မိသားစုစီးပွားရေးလုပ်ငန်းများ တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ရေး၊ စားသုံးဆီလုံလောက်စွာရရှိနိုင်ရေးအတွက် လိုအပ်သော ငွေကြေးနှင့်ဝန်ဆောင်မှုများ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းမိုး**

# နိုင်ငံတကာ သတင်းများ

## ၂၀၂၂ ခုနှစ် ဂျပန်နိုင်ငံ၏ကလေးမွေးဖွားမှုနှုန်း သတ္တမမြောက်နှစ်အဖြစ် ဆက်လက်ကျဆင်း

**တိုကျို ဇွန် ၂**

ဂျပန်နိုင်ငံ၏ နှစ်စဉ်ကလေးမွေးဖွားမှုနှုန်းသည် ၂၀၂၂ ခုနှစ်တွင်လည်းသတ္တမမြောက်နှစ်အဖြစ် ဆက်တိုက် စံချိန်တင်ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ် ကလေးမွေးဖွားမှုနှုန်းသည် လူဦးရေလျင်မြန်စွာအိုမင်းလာသည့် ဂျပန်နိုင်ငံ၏ လူဦးရေအကျပ်အတည်းကို ထင်ဟပ်လျက်ရှိသည်။

၂၀၂၂ ခုနှစ်အတွင်း ဂျပန်အမျိုးသမီးများ၏ မျိုးဆက်ပွားနိုင်မှုနှုန်း သို့မဟုတ် ကလေးမွေးဖွားနိုင်မှု ပျမ်းမျှနှုန်းမှာ အမျိုးသမီးတစ်ဦးစီလျှင် ကလေး ၁ ဒသမ ၂၆၅ ဦးနှုန်းသာ မွေးဖွားနိုင်ခဲ့ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂျပန်နိုင်ငံ၏ လက်ရှိကလေးမွေးဖွားမှုနှုန်းမှာ လူဦးရေတည်ငြိမ်ရေးအတွက် လိုအပ်သည့်ကလေးမွေးဖွားနှုန်းဖြစ်သည့် အမျိုးသမီးတစ်ဦးလျှင် ၂ ဒသမ ၀၇ ဦးနှုန်းထက် များစွာနည်းပါးနေကြောင်း ဂျပန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင်ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါသည် ကျဆင်းနေသော ကလေးမွေးဖွားမှုနှုန်းကို ထိန်းချုပ်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံ၏ လူငယ်လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် စတင်ကျဆင်းတော့မည်ဖြစ်ရာ ကြားကာလအတွင်း ကလေးမွေးဖွားမှုနှုန်းကျဆင်းမှုကို မဖြစ်မနေတားဆီးရမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်က ပြောကြားထားသည်။

KKO

## ဂျော်ဒန်အိမ်ရှေ့မင်းသား၏ မင်္ဂလာပွဲ အမန်မြို့၌ ကျင်းပ

**အမန် ဇွန် ၂**

ဂျော်ဒန်အိမ်ရှေ့မင်းသား ဟူစိန်၏ လက်ထပ်မင်္ဂလာပွဲကိုအမန်မြို့၌ မေ ၃၁ ရက်တွင် ခမ်းနားစွာကျင်းပခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဂျော်ဒန်အိမ်ရှေ့မင်းသားသည် အသက် ၂၉ နှစ်ရှိ ဆော်ဒီအမျိုးသမီး ဗိသုကာပညာရှင် ရာဂျဝါအယ်လ်ဆေ့ဖ်နှင့် လက်ထပ်ခဲ့ခြင်းဖြစ်သည်။

ဂျော်ဒန် ဟာရှီမိုက်မိသားစု၏ ထုံးတမ်းအစဉ်အလာများနှင့်အညီ အမန်ဇာရန်းနန်းတော်၌ ကျင်းပခဲ့သည့် အဆိုပါမင်္ဂလာပွဲသို့ အမေရိကန်သမ္မတဇနီး ဂျီးလ်ဘိုင်ဒင်နှင့် ဗြိတိန်ဝေလမင်းသား ဝီလျံ အပါအဝင် အာရှနှင့် ဥရောပမှ တော်ဝင်မိသားစုဝင်များနှင့်ထိပ်တန်းဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

မင်္ဂလာပွဲ သတို့သမီး ရာဂျဝါအယ်လ်ဆေ့ဖ်ကိုယ်တိုင်သည်လည်း ဆော်ဒီအာရေဗျတော်ဝင်မိသားစုနှင့် ဆက်စပ်မှုရှိသည့် မိသားစုမှ မွေးဖွားလာသူဖြစ်သည်။

သို့သော် ဂျော်ဒန်အိမ်ရှေ့မင်းသား၏ လက်ထပ်ပွဲကြောင့် ဆော်ဒီအာရေဗျနှင့် ဂျော်ဒန်တို့ကြား ဆက်ဆံရေးပိုမိုနီးစပ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

သို့ရာတွင် မေ ၃၁ ရက် လက်ထပ်မင်္ဂလာပွဲသို့ ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက် ဘင်ဆယ်လ်မန်တက်ရောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

ဂျော်ဒန်နိုင်ငံသည် ၎င်း၏ စီးပွားရေးကို ထိန်းထားနိုင်ရေးအတွက် အနောက်အုပ်စုနိုင်ငံများ၏အကူအညီအထောက်အပံ့များကို အားပြုမှီခိုနေရသော နိုင်ငံဖြစ်ကြောင်း သိရသည်။

KKO



## အမေရိကန်နိုင်ငံသို့ ပျံသန်းပြေးဆွဲခွင့်ရထားသည့် တရုတ်လေကြောင်းလိုင်းများ ရုရှားလေပိုင်နက်ကို ရှောင်ရှားပျံသန်း




**နယူးယောက် ဇွန် ၂**

အမေရိကန်နိုင်ငံသို့ မကြာသေးမီက ပျံသန်းပြေးဆွဲခွင့်ရရှိထားသော တရုတ်လေကြောင်းလိုင်းများမှ ခရီးသည်တင်လေယာဉ်များသည် ရုရှားဝေဟင်ပိုင်နက်ကို ရှောင်ရှား ပျံသန်းနေရကြောင်း လေယာဉ်ခရီးစဉ် ခြေရာခံစောင့်ကြည့်ရေးဝက်ဘ်ဆိုက်များကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဇွန် ၁ ရက်တွင် ဖော်ပြခဲ့သည်။

သို့သော် ယခင်ကပင် အမေရိကန်နိုင်ငံသို့ ပျံသန်းခွင့်ရထားသော တရုတ်လေကြောင်းလိုင်းများမှလေယာဉ်များက ရုရှားလေပိုင်နက်ကို ဆက်လက်အသုံးပြုနေဆဲဖြစ်သည်။

အမေရိကန်နိုင်ငံသို့ ပျံသန်းပြေးဆွဲခွင့် မကြာသေးမီက ရရှိထားသော တရုတ်လေကြောင်းလိုင်းများအား ရုရှားဝေဟင်ပိုင်နက်ကို ရှောင်ရှားပျံသန်းရန် အမေရိကန်အစိုးရက တောင်းဆိုထားခြင်း ရှိ၊ မရှိ မသိရသေးကြောင်း သိရသည်။

ထို့အတူ အဆိုပါ တရုတ်လေကြောင်းလိုင်းများကလည်း ရုရှားလေပိုင်နက်ကို ရှောင်ရှားပျံသန်းနေရမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

ရုရှားနိုင်ငံသည် အမေရိကန်လေကြောင်းလိုင်းများနှင့် အခြားပြည်ပလေကြောင်းလိုင်းအချို့ကို ရုရှားလေပိုင်နက် အသုံးပြုခွင့် ပိတ်ပင်ထားသည်။

ယူကရိန်းပြဿနာကို အကြောင်းပြု၍ အမေရိကန်အစိုးရက ရုရှားလေကြောင်းလိုင်းများ အမေရိကန်လေပိုင်နက်အသုံးပြုခွင့်ကို ပိတ်ပင်ခဲ့ပြီးနောက် ရုရှားနိုင်ငံကလည်း အလားတူနည်းလမ်းဖြင့် တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## ရှန်ဂရီလာလုံခြုံရေးညီလာခံကို စင်ကာပူနိုင်ငံ၌ စတင်ကျင်းပ

**စင်ကာပူ ဇွန် ၂**

အာရှ၏ ထိပ်တန်းလုံခြုံရေးညီလာခံတစ်ခုဖြစ်သော ရှန်ဂရီလာလုံခြုံရေးညီလာခံကို စင်ကာပူနိုင်ငံ၌ ယနေ့တွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။




အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား အားပြိုင်မှုပြင်းထန်လာမှုပြဿနာသည် ရှန်ဂရီလာလုံခြုံရေး ညီလာခံမိန့်ခွန်းများတွင် အဓိကအကြောင်းအရာ ဖြစ်လာနိုင်သည်။

ဇွန် ၄ ရက်ထိ ကျင်းပမည့် ရှန်ဂရီလာ လုံခြုံရေးညီလာခံတွင် ဩစတြေးလျဝန်ကြီးချုပ်၊အမေရိကန်ကာကွယ်ရေးဝန်ကြီးနှင့် တရုတ်ကာကွယ်ရေးဝန်ကြီးတို့က မိန့်ခွန်းများ အသီးသီးပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ရှန်ဂရီလာ လုံခြုံရေးညီလာခံတွင် တရုတ်ကာကွယ်ရေးဝန်ကြီး လီရှန်ဖူးနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့တွေ့ဆုံဆွေးနွေးရန် အမေရိကန်အစိုးရက အဆိုပြုခဲ့သော်လည်း ယင်းအဆိုပြုချက်ကို တရုတ်အစိုးရက ငြင်းပယ်ထားကြောင်း သိရသည်။

တရုတ်(ထိုင်ဝမ်) ပြဿနာမှသည် တောင်တရုတ် ပင်လယ်ဒေသ ပြဿနာထိ ပါဝင်သည့်ပြဿနာ အမျိုးမျိုးတို့ကြောင့် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား နှစ်နိုင်ငံဆက်ဆံရေးမှာ နှစ်ပေါင်းများစွာအတွင်း အနိမ့်ဆုံးအဆင့်သို့ ရောက်ရှိနေသည်။

တရုတ် ကာကွယ်ရေးဝန်ကြီး လီရှန်ဖူးသည် ယခုနှစ် မတ်လကပင် တရုတ်ကာကွယ်ရေးဝန်ကြီး တာဝန်ကို စတင်ရယူခဲ့သူဖြစ်ကြောင်း သိရသည်။ KKO

## နျူကလီးယားလက်နက်ကန့်သတ်ချက်များဆက်လက်လိုက်နာရန် အမေရိကန်အစိုးရက ရုရှားကိုကမ်းလှမ်းခဲ့ဟုဆို

**နယူးယောက် ဇွန် ၂**

မဟာဗျူဟာ လက်နက်များထိန်းချုပ်ရေးစာချုပ်သစ် (New START) ၌ ထည့်သွင်းထားသော နျူကလီးယားလက်နက်ကန့်သတ်ချက်များကို ရုရှားနိုင်ငံက စာချုပ်သက်တမ်းကုန်ဆုံးချိန် ၂၀၂၆ ခုနှစ်ထိ လိုက်နာပေးပါက အမေရိကန်နိုင်ငံကလည်း အလားတူလိုက်နာပေးမည်ဟု ကမ်းလှမ်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကမ်းလှမ်းချက်ကို အမေရိကန်အမျိုးသား လုံခြုံရေးအကြံပေး ဂျိတ်ခ်ဆူလီဗန်က ယနေ့တွင် ပြောကြားမည့်လက်နက်ထိန်းချုပ်ရေးမိန့်ခွန်းတစ်ခု၌ ထည့်သွင်းကြေညာမည်ဖြစ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ဇွန် ၁ ရက်တွင်ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန် အစိုးရအနေဖြင့် နျူကလီးယားအန္တရာယ်ကိုထိန်းချုပ်ရေးအတွက် မည်သည့်ခြွင်းချက်မျှမရှိသည့်ဆွေးနွေးပွဲများကို ရုရှားနှင့် ပြန်လည်စတင်ကျင်းပရန် အသင့်ရှိနေကြောင်း သိရသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့ကြား နိုင်ငံရေးအရဆက်ဆံမှု အဆင့်အနိမ့်ဆုံးသို့ ရောက်နေချိန်၊ တင်းမာမှု မြင့်တက်နေချိန်တွင် နျူကလီးယားလက်နက်များထိန်းချုပ်ရေးနှင့် နျူကလီးယားအန္တရာယ်လျှော့ချရေးတို့မှာ အရေးအကြီးဆုံးကိစ္စဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မဟာဗျူဟာ လက်နက်များထိန်းချုပ်ရေးစာချုပ်သစ်၌ ပူးပေါင်းပါဝင်မှု ရပ်ဆိုင်းမည်ဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ဖေဖော်ဝါရီလအတွင်း ကြေညာထားသည်။

ယင်းသဘောတူညီချက်သည် ကမ္ဘာပေါ်၌ နျူကလီးယားလက်နက်အများဆုံးပိုင်ဆိုင်ထားသော ရုရှားနှင့် အမေရိကန်တို့ကြား နောက်ဆုံးကျန်ရှိသည့် လက်နက်ထိန်းချုပ်ရေးသဘောတူညီချက် ဖြစ်ကြောင်း သိရသည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ ပိုလန်ကစားသမားစဝီယာတက်ခ် တက်ရောက်

**ပဲရစ် ဇွန် ၂**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ် တစ်ပွဲအဖြစ် လက်ရှိချန်ပီယံပိုလန် တင်းနစ်မယ် စဝီယာတက်ခ်နှင့် အမေရိကန်တင်းနစ်မယ် ကလဲ ယားလူတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စဝီယာတက်ခ်က (၆-၄ ၊ ၆-၀) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယ အဆင့်သို့ တက်ရောက်ခဲ့ကြောင်း AA သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်သည် ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် ပြင်သစ်အိုးပင်း တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး ယခုနှစ်တွင်လည်း နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့်ကစားသမား တစ်ဦးဖြစ်သည်။

ကလဲယားလူသည် ပထမပွဲငယ်တွင် စဝီယာတက်ခ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားနိုင်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင်မူ နိုင်ပွဲတစ်ပွဲပင်မရဘဲ စဝီယာတက်ခ်ကို ရှုံးနိမ့်ခဲ့ရသည်။

အဆိုပါနိုင်ပွဲသည် စဝီယာတက်ခ်အတွက် ယခုနှစ်အတွင်း နိုင်ပွဲ ၃၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပြီး ယခုနှစ်အတွင်း နိုင်ပွဲအများဆုံး ရရှိထားသော တင်းနစ်မယ်အဖြစ် ကာဇက်စတန်တင်းနစ်မယ် ရိုင်ဘာကီနာနှင့် ပူးတွဲရပ်တည်လျက်ရှိသည်။

စဝီယာတက်ခ်က "ဒီနေ့ပွဲစဉ်မှာ စွမ်းဆောင်ရည်ပိုင်းအပေါ် အားရကျေနပ်မှုရှိပါတယ်။ ပထမပွဲငယ်မှာ ကစားရခက်ခဲ့ခဲ့ပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ အကောင်းဆုံးပုံစံရရှိခဲ့တယ်။ မြတ်သားတဲ့ ရလဒ်နဲ့အနိုင်ရခဲ့သလို လိုချင်တဲ့ ပုံစံအတိုင်းလဲ ကစားနိုင်ခဲ့ပါတယ်။ ဒုတိယပွဲငယ်မှာ ရစ်သမ်ပိုမိခဲ့တဲ့ အတွက်ကြောင့်လဲ ရလဒ်ပိုကောင်းခဲ့တာပါ။ တတိယအဆင့်ကိုတက်ရောက်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



## အားကစားသတင်း အတိုအထွာများ

- နည်းပြလက်မဲ့ဖြစ်နေသည့် စပါးအသင်းက ဆဲလ်တစ်နည်းပြ ပိုစတီကိုဂလူကို နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ပြီးနောက် လာမည့်ရက်သတ္တပတ်အတွင်း အတည်ပြုကြေညာမည်ဟု ထုတ်ပြန်ခဲ့သည်။
- ဘရိုက်တန်အသင်းတွင် အငှားဖြင့်သွားရောက်ကစားနေသည့် ချဲလ်ဆီးအသင်း လူငယ်ခံစစ်ကစားသမား ကိုးဝဲလ်ကို ဘရိုက်တန်အသင်းတာဝန်ရှိသူများက စတာလင်ပေါင် သန်း ၃၀ ဖြင့် အပြီးသတ်ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ ချဲလ်ဆီးအသင်းက ငြင်းပယ်ခဲ့သည်။
- ယူရိုပါလိဂ်ဗိုလ်လုပွဲစဉ်ကို တာဝန်ယူကိုင်တွယ်ခဲ့သည့် အင်္ဂလန်ဒိုင် အန်တိုနီတေလာကို ရိုးမားအသင်းပရိသတ်များက ဘူတာပတ်လေဆိပ်တွင် နှောင့်ယှက်မှုများပြုလုပ်ခဲ့သောကြောင့် လေဆိပ်လုံခြုံရေးတာဝန်ရှိသူများက အစောင့်အရှောက်ဖြင့် လိုက်ပါပို့ဆောင်ခဲ့ရကြောင်း သိရသည်။ ML

# ၂၀၂၃ ခုနှစ် နွေရာသီဖိတ်ခေါ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဇွန် ၂**

၂၀၂၃ ခုနှစ် နွေရာသီဖိတ်ခေါ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘတ်စကက်ဘော ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ အမျိုးသမီးအသက် ၂၅ နှစ်အောက် ဘတ်စကက်ဘော ပြိုင်ပွဲ၌ စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စစ်ကိုင်းအသင်းကပထမရရှိပြီး အမျိုးသားအသက် ၂၅ နှစ်အောက် ဘတ်စကက်ဘော ပြိုင်ပွဲတွင် ရန်ကုန်(A)အသင်းနှင့် တောင်ကြီး(B)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်(A)အသင်းက ပထမဆုရရှိခဲ့သည်။

ဆက်လက်ပြီး ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ အမျိုးသမီးအသက် ၂၅ နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသော စစ်ကိုင်းအသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်အသင်း၊ တတိယဆုရရှိသော Western Park အသင်းတို့ကို တာဝန်ရှိသူများက ဆုကြေးငွေနှင့် ဆုတံဆိပ်များ ပေးအပ်ခဲ့ပြီး အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသော ရန်ကုန်(A)အသင်း၊ ဒုတိယဆုရရှိသော တောင်ကြီး(B)အသင်း၊ တတိယဆုရရှိသော ရန်ကုန်(B)အသင်းတို့ကို အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးအောင်နိုင်ဆွေနှင့် တာဝန်ရှိသူများက ဆုကြေးငွေနှင့် ဆုတံဆိပ်တို့ကိုပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် တစ်ဦးချင်းဆုရရှိကြသူများကိုတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ် ချီးမြှင့်ခဲ့ပြီးနောက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲတံခွန်စိုက်ဆုရ စစ်ကိုင်းအသင်းနှင့် ရန်ကုန်(A)အသင်းတို့ကို မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နာယက ဒေါက်တာနီနီကဒိုင်းဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ STA

# ဆောက်သမ်တန်မှထွက်ခွာမည့် ဝက်ပရောက်စ်ကို ပရီးမီးယားလိဂ်အသင်းလေးသင်းကခေါ်ယူရန် အပြိုင်ကြိုးပမ်း

**လန်ဒန် ဇွန် ၂**

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် အမှတ်ပေးပြိုင်ပွဲပြီးဆုံးချိန်တွင် ဆောက်သမ်တန်အသင်းအနေဖြင့် ချန်ပီယံရှစ်ပြိုင်ပွဲသို့ တန်းဆင်းခဲ့ရသောကြောင့် အသင်းခေါင်းဆောင် ဝက်ပရောက်စ်သည် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေကာ နယူးကာဆယ်၊ ဝုဗ်၊ ဝက်စ်ဟမ်းနှင့် အေဗီလာအသင်းတို့ကခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း Fot-mob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၈ နှစ်ရှိ ဝက်ပရောက်စ်သည် ဆောက်သမ်တန်အသင်းနှင့် သုံးနှစ်စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း အသင်းအနေဖြင့် တန်းဆင်းခဲ့ရသဖြင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် အသင်းတာဝန်ရှိသူများက စတာလင်ပေါင် သန်း ၄၀ ဝန်းကျင်ရရှိပါက ရောင်းချရန်စီစဉ်နေကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဝက်ပရောက်စ်သည် အလွတ်တည်ကန်ဘောများကို ကျွမ်းကျင်ပိုင်ဆိုင်သည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် ဝက်စ်ဟမ်းအသင်းက အသင်းမှထွက်ခွာမည့် ဒီကလန်ရိုက်နေရာတွင်အစားထိုးရန်ပစ်မှတ်ထားနေပြီး နယူးကာဆယ်အသင်းနှင့် အေဗီလာအသင်းတို့ကလည်း လာမည့်နှစ် ဥရောပပြိုင်ပွဲအတွက် ကစားသမားဖြည့်တင်းရန် ဝက်ပရောက်စ်ကိုခေါ်ယူရန်ကြိုးပမ်းနေသကဲ့သို့ ဝုဗ်အသင်းကလည်း ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ၎င်းကိုခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှုများ ပြုလုပ်လျက်ရှိနေကြောင်း သိရသည်။ ML

# လိုက်ပ်ဇစ်အသင်းက တောင်ပံကစားသမား အိုလ်မိုကို ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**ဘာလင် ဇွန် ၂**

လိုက်ပ်ဇစ်အသင်းက အသင်းမှထွက်ခွာရန် ပြင်ဆင်နေသည့် တောင်ပံကစားသမား အိုလ်မိုကို ဂျာမန်ပိုကယ်ဖလား ပြိုင်ပွဲမတိုင်မီ နှစ်ရက်အလိုတွင် သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ပြီး လာမည့် ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း Rble-ipzig.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၅ နှစ်ရှိ အိုလ်မိုသည် လိုက်ပ်ဇစ်အသင်းနှင့် ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်၍ ဥရောပထိပ်သီးကလပ်အသင်းများကခေါ်ယူရန် အပြိုင်ကမ်းလှမ်းမှုများရှိနေသောကြောင့် အသင်းတာဝန်ရှိသူများက လက်မလွှတ်လိုသဖြင့် သက်တမ်းတိုးရန် ဆွေးနွေးခဲ့ရာ သုံးနှစ်စာချုပ်ချုပ်ဆိုရန်သဘောတူညီမှုရရှိခဲ့သည်။

အိုလ်မိုသည် ၂၀၂၀ ပြည့်နှစ်က ဒိုင်နမိုဇာဂရက်အသင်းမှ လိုက်ပ်ဇစ်အသင်းသို့ရောက်ရှိခဲ့ပြီး နောက်ပိုင်း အသင်းအတွက်ပြိုင်ပွဲစုံ ၁၂၂ ပွဲပါဝင်ခဲ့ရာတွင် သွင်းဂိုး ၂၁ ဂိုးနှင့် ဂိုးဖန်တီးမှု ၂၉ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သည့်အပြင် အသင်းကို ၂၀၂၀ ပြည့်နှစ်တွင် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်နှင့် ၂၀၂၂ ခုနှစ်တွင် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်ထိ ရောက်ရှိအောင် အဓိကကူညီနိုင်ခဲ့ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ပိုကယ်ဖလား ချန်ပီယံဆုဖလားရယူပေးနိုင်ခဲ့သည်။

ထို့ပြင် ၎င်းသည် ယခုနှစ်ဘောလုံးရာသီပြိုင်ပွဲစုံတွင် ပွဲ ၃၀ ထိ ပါဝင်ကစားပေးနိုင်ခဲ့ပြီး သွင်းဂိုး ငါးဂိုးနှင့်ဂိုးဖန်တီးမှု ၁၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ကာ အသင်းကို ပိုကယ်ဖလား ဗိုလ်လုပွဲစဉ်သို့ တက်ရောက်နိုင်အောင် အဓိက နေရာမှ ပါဝင်နိုင်ခဲ့သောကြောင့် အသင်းတာဝန်ရှိသူများက ကစားသမား၏မိသားစုအပါအဝင် အေးဂျင့်ဖြစ်သူတို့နှင့်တွေ့ဆုံ၍ သက်တမ်းတိုးရန်ကြိုးပမ်းခဲ့ရာ ၂၀၂၇ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။




ML

# MFF Carabao Futsal Amateur Cup 2023 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၄၀ ဖြင့် ထပ်တိုးကျင်းပမည်

**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် MFF Carabao Futsal Amateur Cup 2023 ပြိုင်ပွဲကို အသင်းပေါင်း ၄၀ ဖြင့် ပြိုင်ပွဲဝင်အသင်းထပ်တိုးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို အစောပိုင်းက ပြိုင်ပွဲဝင် အသင်းပေါင်း ၃၂ သင်းဖြင့် ကျင်းပရန်စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း ပြိုင်ပွဲဝင်လိုသည့် အသင်းအရေအတွက်များပြားခြင်းကြောင့် အသင်းပေါင်း ၄၀ ထိ တိုးမြှင့်ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။



MFF Carabao Futsal Amateur Cup 2023 ပြိုင်ပွဲကို အုပ်စုရှစ်ခုဖြင့် ကျင်းပမည်ဖြစ်ရာ အုပ်စု တစ်ခုချင်းစီတွင် အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တစ်သင်းလျှင် အုပ်စုပွဲစဉ်လေးပွဲ ကစားရမည်ဖြစ်သည်။

MFF Carabao Futsal Amateur Cup 2023 ပြိုင်ပွဲဝင် ရောက်ယှဉ်ပြိုင်လိုသည့်အသင်းများအနေဖြင့် ဇွန် ၅ ရက်ထိ သုဝဏ္ဏကွင်းအတွင်းရှိ ဖူဆယ်နှင့် သဲသောင်ပြင်ဌာနတွင် လျှောက်လွှာများထုတ်ယူစာရင်းသွင်းနိုင်မည်ဖြစ်ပြီး ဇွန် ၅ ရက်မှ ၉ ရက်ထိ ကစားသမားနှင့် အသင်းအုပ်ချုပ်သူများအတွက် မှတ်ပုံတင်ခြင်းများကို ပြုလုပ်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့်အသင်းများသည် ဝင်ကြေးအနေဖြင့် တစ်သင်းလျှင် ငွေကျပ် ၅၀၀၀၀ နှင့်အာမခံကြေး ငွေကျပ် ၁၀၀၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အသင်းများအနေဖြင့် တစ်သင်းလျှင် ကစားသမား အနည်းဆုံး ၁၄ ဦးနှင့် အများဆုံး ၁၆ ဦးထိ ပါဝင်ရမည်ဖြစ်ကာ နည်းပြအဖွဲ့များအနေဖြင့် သုံးဦးမှ ငါးဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်း သိရသည်။

STA

# ဘိုင်ယန်မြူးနစ်လက်ထောက်နည်းပြတော့မိုလာကို နည်းပြသစ်ခန့်အပ်ရန် ဖရန့်ဖတ်အသင်းသဘောတူညီမှုရရှိ



**ပဲရစ် ဇွန် ၂**

ဖရန့်ဖတ်အသင်းက လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာမည့် နည်းပြဂလက်စ်နာနေရာတွင် အစားထိုးရန်အတွက် ဘိုင်ယန်မြူးနစ်အသင်း လက်ထောက်နည်းပြဖြစ်သည့် တော့မိုလာကို နည်းပြသစ်ခန့်အပ်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း Get German Football news သတင်းစာက ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိ ဖရန့်ဖတ်အသင်း နည်းပြဂလက်စ်နာသည် ၎င်း၏ လက်ထက်တွင် အသင်းကိုယူရိုပါလိဂ်ဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့် ရယူပေးခဲ့သော်လည်း လာမည့် ဇွန် ၃၀ ရက်တွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသောကြောင့် ဖရန့်ဖတ်အသင်းတာဝန်ရှိသူများက ဘိုင်ယန်မြူးနစ်အသင်း နည်းပြဟောင်း နာဂယ်စမန်းလက်အောက်တွင် လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် တော့မိုလာကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့သည်။

ဖရန့်ဖတ်အသင်းသည်လာမည့် ဇွန် ၄ ရက်တွင် ကစားရမည့် လိုက်ပ်ဇစ်အသင်းနှင့် ပွဲစဉ်အပြီးတွင် အသက် ၄၂ နှစ်ရှိ နည်းပြတော့မိုလာနှင့်နောက်ဆုံးသဘောတူစာချုပ်ချုပ်ဆို၍ နည်းပြသစ်အဖြစ် တရားဝင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

နည်းပြ တော့မိုလာသည် ၂၀၁၉ ခုနှစ်က လူဇင်ဘတ်ကလပ်ဇာတန်အသင်းကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ်မှစတင်ကာ နည်းပြနာဂယ်စမန်းလက်အောက်တွင် လက်ထောက်နည်းပြအဖြစ် လိုက်ပ်ဇစ်အသင်းနှင့် ဘိုင်ယန်မြူးနစ် အသင်းတို့တွင် ယနေ့ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ဖရန့်ဖတ်အသင်းက နည်းပြချုပ်တာဝန်ခန့်အပ်ရန် ကမ်းလှမ်းလာချိန်တွင် လက်ခံခဲ့ခြင်းဖြစ်သည်။

ဖရန့်ဖတ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အမှတ်ပေးဇယား အဆင့်(၇)ဖြင့်ပြီးဆုံးခဲ့သဖြင့် ဥရောပကစားခွင့်နှင့် လွဲချော်ခဲ့သော်လည်း ပိုကယ်ဖလားဗိုလ်လုပွဲစဉ်တွင် ဆုဖလားရရှိပါက ယူရိုပါလိဂ်ဝင်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

ML

# Memorial Tournament ပြိုင်ပွဲအမှတ်ပေးဇယားကို ဒါဗစ်ရီလေ ဦးဆောင်

**ဒပ်ဘ်လင် ဇွန် ၂**

အမေရိကန် အိုဟိုင်းယိုးပြည်နယ် ဒပ်ဘ်လင်မြို့တွင်ကျင်းပနေသည့် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ဒါဗစ်ရီလေက သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်းThe Globle And Mail သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဒန်နီဝီလက်က သတ်မှတ်ရိုက်ချက်ထက် လေးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အမေရိကန် နာမည်ကြီးဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စပိုက် အပါအဝင် ပြိုင်ပွဲဝင် ခုနစ်ဦးထိက သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

လက်ရှိချန်ပီယံအနေဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် အမေရိကန် ဂေါက်သီးရိုက် ကစားသမား ဟော့စချယ်အပါအဝင် နာမည်ကြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် စကော့တီရှက်ဖလာ၊ မက်ကူချာတို့မှာ ဒုတိယနေ့တွင် Cut စာရင်း၌ ပါဝင်နိုင်ရေးအတွက်သာ ကြိုးစားရတော့မည့်အခြေအနေဖြစ်နေသည်။

ဟော့စချယ်က "ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဒီနေ့မှာကစားနိုင်ခဲ့တဲ့ ပုံစံဟာ စိတ်ပျက်စရာအကောင်းဆုံးနဲ့ အဆိုးရွားဆုံးပုံစံဖြစ်ပါတယ်။ ဒီလောက်ထိဆိုးရွားတဲ့ ရလဒ်မျိုး တစ်ခါမှမရဖူးဘူး။ ကျွန်တော့်ရဲ့ ကစားသမားဘဝဟာ အနိမ့်ဆုံးအခြေအနေကို ရောက်နေတယ်လို့လဲ ခံစားရတယ်။ သတ်မှတ်ရိုက်ချက်ထက် ၁၂ ချက် ပိုရိုက်ထားတယ်ဆိုတဲ့ ရလဒ်ဟာရက်စရာကောင်းပါတယ်။ လက်ရှိချန်ပီယံတစ်ဦးအနေနဲ့ ပါဝင်ယှဉ်ပြိုင်နေတယ်လို့လဲ မခံစားမိတော့ဘူး။ တော်တော်လေးကိုရှက်စရာကောင်းပါတယ်။ ဆက်တောင်ပြိုင်ချင်စိတ်မရှိတော့တဲ့ အခြေအနေဖြစ်နေတယ်။ ဒီပြိုင်ပွဲဟာကစားရခက်တဲ့ ပြိုင်ပွဲတစ်ရပ် ဖြစ်တယ်ဆိုတာ ပြိုင်ပွဲဝင်တိုင်းသိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# စပိန်လာလီဂါ ပွဲစဉ်(၃၈) ပွဲကြိုသုံးသပ်ချက်များ

STA

**ဆိုစီဒက် Vs ဆီဗီလာ**

**ကစားမည့်ရက်/အချိန် ၄-၆-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဆီဗီလာ ၁ - ၂ ဆိုစီဒက်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | - | ဝေး(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဆီဗီလာ | - | ဝေး(သရေ) | အိမ်(ရှုံး) | အိမ်(သရေ) |

နှစ်သင်းစလုံးအတွက် ရလဒ်ပိုင်းကအရေးမကြီးတော့ပါဘူး။ ဆိုစီဒက်အသင်းဟာ အိမ်ကွင်းဆိုရင်အသင်းလိုက်ကစားပုံကောင်းမွန်လို့ ဆီဗီလာအသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ လက်ရှိ ဆီဗီလာအသင်းရဲ့ အဝေးကွင်းခံစစ်ပိုင်းကလဲစိတ်မချရလို့ အိမ်ကွင်းကစားပုံကောင်းမွန်တဲ့ ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆိုစီဒက် ၃ - ၁ ဆီဗီလာ**

**အိုဆာဆူနာ Vs ဂျီရိုနာ**

**ကစားမည့်ရက်/အချိန် ၄-၆-၂၀၂၃ (ည ၁၁:၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၁ - ၁ အိုဆာဆူနာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အိုဆာဆူနာ | - | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဂျီရိုနာ | - | အိမ်(ရှုံး) | ဝေး(သရေ) | အိမ်(ရှုံး) |

အခုပွဲမှာအနိုင်ရရှိတဲ့အသင်းက ဥရောပဝင်ခွင့်တစ်နေရာရရှိမှာဖြစ်လို့ အမှားခံလို့မဖြစ်ပါဘူး။ အိုဆာဆူနာအသင်းက အိမ်ကွင်းဆိုရင်အသင်းလိုက် ကစားပုံကောင်းမွန်လို့ ဂျီရိုနာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ အိုဆာဆူနာအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အိုဆာဆူနာ ၂ - ၁ ဂျီရိုနာ**

# အီတလီစီးရီးအေ ပွဲစဉ်(၃၈) ပွဲကြိုသုံးသပ်ချက်များ

ML

**အူဒီးနီးစ် Vs ဂျူဗင်တပ်**

**ကစားမည့်ရက်/အချိန် ၅-၆-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျူဗင်တပ် ၁ - ၀ အူဒီးနီးစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | - | ဝေး(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ဂျူဗင်တပ် | - | ဝေး(ရှုံး) | ဝေး(ရှုံး) | အိမ်(ရှုံး) |

နောက်ဆုံးသုံးပွဲဆက် ရှုံးနိမ့်ထားတဲ့ အူဒီးနီးစ်အသင်းအနေနဲ့ အဓိကကစားသမားတွေ ဒဏ်ရာရနေလို့ အခုပွဲစဉ်မှာဆက်လက်ရှုံးကန်ရမှာပါ။ ဂျူဗင်တပ်ကလဲ သုံးပွဲဆက်နိုင်ပွဲမရခဲ့ပေမဲ့ အခုပွဲစဉ်ကို အနိုင်ရမှသာ ဥရောပပြိုင်ပွဲဝင်ခွင့်သေချာမှာပါ။ ဒါကြောင့် ကစားသမားစုဖွဲ့မှုကောင်းတဲ့ ဂျူဗင်တပ်အသင်း တိုက်စစ်မြှင့်နိုင်ပွဲရှာဖွေမှာပါ။

**အင်တာနက်ခန့်မှန်း - အူဒီးနီးစ် ၁ - ၂ ဂျူဗင်တပ်**

**ရိုးမား Vs စပီဇီယာ**

**ကစားမည့်ရက်/အချိန် ၅-၆-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စပီဇီယာ ၀ - ၂ ရိုးမား**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | အိမ်(သရေ) | ဝေး(ရှုံး) | ဝေး(သရေ) |
| စပီဇီယာ | - | အိမ်(နိုင်) | ဝေး(သရေ) | အိမ်(ရှုံး) |

ယူရိုပါလိဂ်ဗိုလ်လုပွဲမှာ ဒုတိယဆုနဲ့ကျေနပ်ခဲ့ရတဲ့ ရိုးမားအနေနဲ့ နောက်ဆုံးအိမ်ကွင်းနှစ်ပွဲဆက် ရှုံးပွဲမရှိသေးပါဘူး။ စပီဇီယာကလဲ အခုပွဲကိုအနိုင်ရမှသာ စီးရီးအေမှာဆက်ကစားခွင့်ရမှာဖြစ်ပေမဲ့ အဝေးကွင်းခံစစ်ပိုင်းအားနည်းချက်ကြောင့် နိုင်ပွဲရဖို့ခက်ခဲမှာပါ။ ဒါကြောင့် အိမ်ကွင်းနိုင်ပွဲရှာပြီး ယူရိုပါလိဂ်ဝင်ခွင့်ရယူမဲ့ ရိုးမားကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၁ - ၂ စပီဇီယာ**

# အရှေ့အလယ်ပိုင်းဒေသရှိ လေးနိုင်ငံလုံခြုံရေးအဖွဲ့



အိန္ဒိယ၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု(UAE) နှင့် အမေရိကန်နိုင်ငံဟူသည့် လေးနိုင်ငံမှ အမျိုးသားလုံခြုံရေးအကြံပေး (NSA) များသည် မကြာသေးမီက ဆော်ဒီအာရေဗျနိုင်ငံတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများပါဝင်သော ဒုတိယမြောက် လေးနိုင်ငံလုံခြုံရေးအဖွဲ့ (Quad) ကိုဖွဲ့စည်းသွားဖွယ်ရာရှိပြီး ပထမ Quad တွင် အိန္ဒိယ၊ အစ္စရေး၊ UAE နှင့် US တို့ပါဝင်ပြီး I2U2 ဟုလည်း ခေါ်ဆိုသည်။

အမေရိကန် အမျိုးသားလုံခြုံရေးအကြံပေး ဂျိတ်ဆူလီဗန်၊ ဆော်ဒီဝန်ကြီးချုပ်နှင့် အိမ်ရှေ့စံ မိုဟာမက် ဘင်ဆော်မန်၊ UAE အမျိုးသားလုံခြုံရေးအကြံပေး ရှိတ်တာနွန်ဘင်ဇာယက်အယ်နာယန်နှင့် အိန္ဒိယ အမျိုးသားလုံခြုံရေးအကြံပေး အဂျစ်ဒိုဗယ်တို့သည် အရှေ့အလယ်ပိုင်းဒေသပိုမိုလုံခြုံရေးနှင့် သာယာဝပြောရေးအတွက် ၎င်းတို့၏ မျှော်မှန်းချက်များကို မျှဝေရန် မေ ၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း အမေရိကန်အိမ်ဖြူတော်က ထုတ်ပြန်ခဲ့သည်။ အဆိုပါဆွေးနွေးပွဲသည် အနောက်အာရှဒေသ၌ အိန္ဒိယ-အမေရိကန် ထိတွေ့ဆက်ဆံမှုကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

အိန္ဒိယနှင့် အမေရိကန် နှစ်နိုင်ငံစလုံးသည် မကြာသေးမီနှစ်များအတွင်း အရှေ့အလယ်ပိုင်းဒေသတွင် သံခင်းတမန်ခင်းဆိုင်ရာ ထိတွေ့ဆက်ဆံမှုကို အလေးထား ဆောင်ရွက်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်က လက်မှတ်ရေးထိုးခဲ့သော Abraham Accords သည် အစ္စရေး၊ UAE နှင့် ဘာရိန်းအပါအဝင်အရှေ့အလယ်ပိုင်းဒေသရှိနိုင်ငံများကြား ဆက်ဆံရေးပုံမှန်အခြေအနေပြန်လည်ရောက်ရှိလာသည့် ထင်ရှားသောအခြေအနေပင်ဖြစ်ပြီး သံခင်းတမန်ခင်းဆက်ဆံရေးအတွက်လည်း တံခါးသစ်များ ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါနိုင်ငံများကြား ဆက်ဆံရေးပုံမှန်အခြေအနေပြန်လည်ရောက်ရှိခြင်းသည် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ နယ်ပယ်များတွင် ဖြစ်နိုင်ခြေရှိသည်များကို စူးစမ်းလေ့လာသွားနိုင်ရေးအတွက် တွန်းအားများဖြစ်စေသည်။

အစ္စရေးနှင့်ဆော်ဒီအာရေဗျတို့အနေဖြင့် လက်ရှိအချိန်ထိ သံတမန်ဆက်ဆံရေးတွင် ပုံမှန်အခြေအနေပြန်လည်ရောက်ရှိခြင်းမရှိသေးသော်လည်း နှစ်နိုင်ငံကြား နောက်ကွယ်မှ ထိတွေ့ဆက်ဆံမှုများရှိနေပြီး လူသိများနေသော လျှို့ဝှက်ချက်ပင်ဖြစ်သည်။ အစ္စရေးနှင့်ဆော်ဒီအာရေဗျ နှစ်နိုင်ငံစလုံးသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တည်ရှိမှုနှင့် လွှမ်းမိုးမှုကျဆင်းလာသည့်အပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ နှစ်နိုင်ငံစလုံးအနေဖြင့် အီရန်၏ နျူကလီးယားအစီအစဉ်နှင့် ဒေသတွင်း၌ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိပြီး ၎င်းတို့အနေဖြင့် အီရန်အပေါ် အမေရိကန်၏ ဆက်လက်ဖိအားပေးမှုကို လိုလားလျက်ရှိကြသည်။

နှစ်နိုင်ငံဆက်ဆံရေး တိုးချဲ့လျက်ရှိသော်လည်း ဆော်ဒီအာရေဗျသည် အစ္စရေးနှင့်ပုံမှန်ဆက်ဆံရေး ထူထောင်သွားရန် အသင့်မဖြစ်သေးပေ။ အစ္စရေး ဝန်ကြီးချုပ် နက်တန်ယာဟုသည် ခိုင်မာသောမိတ်ဖက်ရှာဖွေရေးအတွက် အစ္စရေး၏စွမ်းဆောင်ရည်အပေါ် မျှော်လင့်ချက်ထားနေဆဲပင်ဖြစ်သည်။ ဆော်ဒီအာရေဗျအနေဖြင့်လည်း အမေရိကန်ထံမှလုံခြုံရေးအာမခံချက် မျှော်လင့်လျက်ရှိသည်။ အစ္စရေးနှင့်ပုံမှန်ဆက်ဆံရေးထူထောင်မှုအတွက် အရပ်ဘက်သုံး နျူကလီးယားအစီအစဉ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမေရိကန်မှ လက်နက်ရောင်းချမှုများအပေါ် ကန့်သတ်ချက်များလျှော့ချပေးရန် မျှော်လင့်လျက်ရှိသည်။ ဘိုင်ဒင်အစိုးရအဖွဲ့သည် ၂၀၂၃ ခုနှစ် မကုန်မီ ဆော်ဒီအာရေဗျ-အစ္စရေးငြိမ်းချမ်းရေးစာချုပ် ရရှိမည်ဟု ယုံကြည်လျက်ရှိကြောင်း သတင်းမီဒီယာများတွင် ဖော်ပြလျက်ရှိသည်။

ထိုအတောအတွင်း အိန္ဒိယအနေဖြင့်လည်း အရှေ့အလယ်ပိုင်းတွင် သံတမန်ဆက်ဆံရေးမြှင့်တင်လျက်ရှိသည်။ အိန္ဒိယသည် အရှေ့အလယ်ပိုင်းဒေသနှင့် အဆက်အသွယ်ဟောင်းများရှိခဲ့သော်လည်း အပြန်အလှန် သွားရောက်လည်ပတ်ခြင်းအားဖြင့် မကြာသေးမီနှစ်များအတွင်း ဆက်ဆံရေးအရှိန်အဟုန်ကောင်းလာခဲ့သည်။ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (GCC) နှင့် GCC အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် UAE နှင့် ဆော်ဒီအာရေဗျတို့သည် အိန္ဒိယ၏စွမ်းအင်လိုအပ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် အဓိကကျသော မဟာမိတ်များအဖြစ် ဆက်လက်တည်ရှိနေသည့်အပြင် GCC သည်အိန္ဒိယကျွမ်းကျင်ပညာရှင်နေထိုင်ရာ နေရာလည်းဖြစ်နေသည်။ မည်သို့ပင်ဆိုစေ လွန်ခဲ့သောဆယ်စုနှစ်အတွင်း အိန္ဒိယနှင့်အရှေ့အလယ်ပိုင်းဒေသ ဆက်ဆံရေးသည် ပုံမှန်အခြေအနေထက် သိသိသာသာတိုးတက်လာခဲ့သည်။ အထူးသဖြင့် အိန္ဒိယကျွမ်းကျင်ပညာရှင်၏ လုပ်ခလစာလွှဲပြောင်းပေးပို့ခြင်းမှသည် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာဆက်ဆံရေး၊ အထူးသဖြင့် ပင်လယ်ရေကြောင်းလုံခြုံရေး၊ အကြမ်းဖက်ဝါဒ တန်ပြန်တိုက်ခိုက်ရေးနှင့် ဆိုက်ဘာလုံခြုံရေးတို့တွင် သိသိသာသာ တိုးတက်လာခဲ့သည်။

မိုဒီအစိုးရ၏ "အနောက်မျှော်ဝါဒ"သည် အရှေ့အလယ်ပိုင်းဒေသသို့ အလေးထားချဉ်းကပ်ဆောင်ရွက်ခဲ့သည်။ မည်သို့ပင်ဆိုစေ အထိအရှမခံသော ဆက်ဆံရေးဖြစ်သည့်အတွက် အိန္ဒိယအနေဖြင့်သတိထားကိုင်တွယ်သွားရန် လိုအပ်သည်။ ၂၀၂၂ ခုနှစ် နွေရာသီတွင် အရှေ့အလယ်ပိုင်းဒေသ၌ အိန္ဒိယဆန့်ကျင်ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပွားခဲ့သည်။ UAE အပါအဝင် ဒေသတွင်း၌ ဆန္ဒထုတ်ဖော်မှုများဖြစ်ပွားခဲ့သဖြင့် ဝန်ကြီးချုပ်မိုဒီသည် အဆိုပါပြဿနာ ဖြေလျှော့ရေးအတွက် ဂျာမနီတွင်ပြုလုပ်သည့် G-7 ထိပ်သီးဆွေးနွေးပွဲမှအပြန်တွင် UAE သို့ တစ်ရက်ကြာ အလည်အပတ်ခရီး ဝင်ရောက်ခဲ့ရသည်။ UAE အပါအဝင် မွတ်ဆလင်နိုင်ငံအများစုသည် BJP ခေါင်းဆောင်များ၏မှတ်ချက်များအပေါ် ပြင်းပြင်းထန်ထန်ရှုတ်ချခဲ့သည်။ UAE နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနတို့က မတူညီသောဘာသာကိုးကွယ်သူများခံစားချက်ထိခိုက်စေမည့်အလေ့အထများကို ရှောင်ရှားရင်း သည်းခံခွင့်လွှတ်တတ်မှုနှင့် အတူယှဉ်တွဲနေထိုင်တတ်မှုတန်ဖိုးများပျံ့နှံ့ရေး နိုင်ငံတကာတာဝန်ယူမှု၊ တာဝန်ခံမှုတို့ အရေးပါပုံကို အသားပေးထားသည့် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အိန္ဒိယသည် ဆယ်စုနှစ်တစ်ခုကြာ UAE နှင့် ဆက်ဆံရေးကောင်းမွန်ခဲ့သည့်အတွက် နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားမှုအခြေအနေများကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ မိုဒီကိုယ်တိုင်ပင်လျှင် ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် UAE သို့ ပထမဆုံးအကြိမ်သွားရောက်ခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်ဖြစ်ပြီး တစ်နှစ်အကြာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လတို့တွင်လည်း UAE သို့ သွားရောက်ခဲ့သည်။ ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်းက သွားရောက်ခဲ့သည့် အလည်အပတ်ခရီးစဉ်သည် ပျက်ပြားလာသော ဆက်ဆံရေးကို ပြန်လည်တည်ဆောက်သွားရန်ပင်ဖြစ်သည်။ သို့သော် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနကမူ မိုဒီသည် ကွယ်လွန်သွားသူ UAE သမ္မတဟောင်း ရှိတ်ခါလီဖာဘင်ဇာယက်အယ်လ်နာယန်ကို ဂါရဝပြုနှုတ်ဆက်ရန် UAE သို့ရောက်ရှိနေခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ မိုဒီ၏ ခရီးစဉ်သည် ဆူပူဆန္ဒထုတ်ဖော်မှုများ ဖြစ်ပေါ်ပြီးနောက် ဆက်ဆံရေး ပြန်လည်ခိုင်မာအောင်လုပ်ခဲ့သည့်အပြင် UAE သမ္မတ အသစ်နှင့် ပုဂ္ဂိုလ်ရေးအရတွေ့ဆုံသွားရန်လည်းဖြစ်သည်။ ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသသည် တရုတ်၏ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (BRI)၏ အရေးပါသောအစိတ်အပိုင်းဖြစ်ပြီး တရုတ်နိုင်ငံပိုင်ကုမ္ပဏီများသည် အဆိုပါဒေသတွင်း၌ ရထားလမ်းများ၊ ကားလမ်းများ၊ ဆိပ်ကမ်းများနှင့် စွမ်းအင်စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသည်။ ဆိုရလျှင် တရုတ်နိုင်ငံကို ဟန့်ချက်ထိန်းညှိနိုင်ရေးအတွက် တောင်အာရှနှင့် အရှေ့အလယ်ပိုင်းဒေသတွင် အခြေခံအဆောက်အအုံ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ကာကွယ်ရေးနှင့် လုံခြုံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်လျက်ရှိသည်။

အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဆူလီဗန်သည် ဆော်ဒီအာရေဗျသို့မသွားရောက်မီ အမေရိကန်အင်စတီကျူ၌ မိန့်ခွန်းပြောကြားသွားရာတွင် အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်မျှော်မှန်းချက်ကို အဓိက နယ်ပယ် ငါးခုဖြစ်သည့် မိတ်ဖက်ဖွဲ့စည်းခြင်း၊ ဟန့်တားခြင်း၊ သံခင်းတမန်ခင်းနှင့်တင်းမာမှုအရှိန်လျှော့ချခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် တန်ဖိုးထားမှုများဖြင့် တည်ဆောက်လျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။ ဆူလီဗန်အနေဖြင့် အိန္ဒိယ၊ အစ္စရေး၊ UAE နှင့် US တို့၏ အရှေ့အလယ်ပိုင်း လေးနိုင်ငံလုံခြုံရေးအဖွဲ့ကို I2U2 အဖြစ် အတိုကောက် ရည်ညွှန်းခေါ်ဆိုခဲ့သည်။ I2U2 ၏အခြေခံအချက်သည် အရှေ့တောင်အာရှမှ အရှေ့အလယ်ပိုင်း၊ ထိုမှတစ်ဆင့် အမေရိကန်သို့ ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေး၊ နည်းပညာနှင့် သံခင်းတမန်ခင်းတို့ကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိပြီး အနာဂတ်တွင်လည်း ထပ်မံအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဆူလီဗန်က

❖ အစ္စရေးနှင့်ဆော်ဒီအာရေဗျတို့အနေဖြင့် လက်ရှိအချိန်ထိ သံတမန်ဆက်ဆံရေးတွင် ပုံမှန်အခြေအနေ ပြန်လည်ရောက်ရှိခြင်းမရှိသေးသော်လည်း နှစ်နိုင်ငံကြား နောက်ကွယ်မှထိတွေ့ဆက်ဆံမှုများရှိနေပြီး လူသိများနေသော လျှို့ဝှက်ချက်ပင်ဖြစ်သည်။ အစ္စရေးနှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံစလုံးသည် အရှေ့အလယ်ပိုင်းဒေသတွင် အမေရိကန်တည်ရှိမှုနှင့်လွှမ်းမိုးမှုကျဆင်းလာသည့်အပေါ် စိုးရိမ်ပူပန်လျက်ရှိသည်။ နှစ်နိုင်ငံစလုံးအနေဖြင့် အီရန်၏နျူကလီးယားအစီအစဉ်နှင့် ဒေသတွင်း၌ စစ်ရေးဆိုင်ရာလှုပ်ရှားမှုအပေါ် စိုးရိမ်ပူပန်လျက်ရှိပြီး ၎င်းတို့အနေဖြင့် အီရန်အပေါ် အမေရိကန်၏ ဆက်လက်ဖိအားပေးမှုကို လိုလားလျက်ရှိကြသည်။ ❖

အိန္ဒိယနှင့်အမေရိကန်တို့သည် အရှေ့အလယ်ပိုင်းဒေသတွင် ကာလရှည်ကြာတည်ရှိလျက်ရှိသော်လည်း ဆော်ဒီအာရေဗျနှင့်အီရန်တို့ကြား ငြိမ်းချမ်းရေးအကျိုးဆောင်ခြင်းအပါအဝင် ဒေသတွင်း၌ တရုတ်၏ လှုပ်ရှားမှုများ မြင့်တက်လာသောကြောင့် ၎င်းတို့၏ အခန်းကဏ္ဍ ပြန်လည်မြှင့်တင်ရန် လှုပ်ရှားမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လာရသည်။ မတ်လအစောပိုင်းတွင် အီရန်အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး အလီရှမ်ခါနီနှင့် ဆော်ဒီအမျိုးသားလုံခြုံရေးအကြံပေး မူဆက်ဘင်မူဟာမက်အလီအီဘင်တို့သည် ပေကျင်းမြို့၌ သဘောတူညီချက် တစ်ရပ် လက်မှတ်ရေးထိုးခဲ့ရာ ကာလရှည်ကြာ ရန်လိုမုန်းတီးမှုများ အဆုံးသတ်ခဲ့ပြီး နှစ်နိုင်ငံကြား သံတမန်ထပ်လောင်းပြောကြားသွားခဲ့သည်။ ထို့ကြောင့် အမေရိကန်နှင့် အိန္ဒိယတို့အနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ၎င်းတို့၏ကြိုးပမ်းအားထုတ်မှုများ အရာထင်လာစေရန်အတွက် I2U2 မှတစ်ဆင့် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သွားရန် လိုအပ်ပေသည်။

**ကိုးကား**

- **A Second Quad in the Making in the Middle East? by The Diplomat.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ရင်ခုန်သံ FM ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၁၈ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇွန် ၂**

ရင်ခုန်သံ FM ရုပ်သံဇာတ်လမ်းတွဲကို ဇွန် ၁၈ ရက်တွင် Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်မင်းခန့်က ပြောပြ၍ သိရသည်။

ရင်ခုန်သံ FM ရုပ်သံဇာတ်လမ်းတွဲသည် Channel K ရုပ်သံလိုင်း၏ မူပိုင်ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး အဆိုပါ ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်ညွှန်းကို ညမွှေးပန်းနှင့် သက်တန့်ရောင်တို့က ရေးသားကာ ဒါရိုက်တာ ဝေယံဖေက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း၊ ၎င်းရုပ်သံဇာတ်လမ်းတွဲကို Channel K ရုပ်သံလိုင်းက ဇွန် ၁၈ ရက်မှစတင်ကာ စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၇ နာရီတွင် ထုတ်လွှင့်သွားမည်ဖြစ်ပြီး ဇာတ်လမ်းတွဲတွင် အပိုင်း (၁၆) ပိုင်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

“ဒီဇာတ်လမ်းတွဲကတော့ လူငယ်ကြိုက် အချစ်ဇာတ်လမ်းတွဲလေးပါပဲ။ အသံလွှင့်ဌာနတစ်ခုမှာ နေ့စဉ်ကြုံတွေ့ရတဲ့ လုပ်ငန်းခွင်အနေအထားနဲ့ လူငယ်တွေရဲ့အချစ်၊ သဘာဝနဲ့ ဟာသဇာတ်လမ်းလေးပါ။ ဒီဇာတ်လမ်းတွဲမှာ အသံလွှင့်ဌာနတစ်ခုရဲ့ အကောင်းဆုံးစီစဉ်တင်ဆက်သူတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ထားပါတယ်။ စောင့်မျှော် အားပေးပါအုံး”ဟု သရုပ်ဆောင် အောင်မင်းခန့်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်မင်းခန့်၊ ဗညားဘုန်းပြည့်၊ လီလီကျော်ခိုင်၊ မေသစ်လွင် (ဝိုင်ဝိုင်း)၊ ရန်ရန်း၊ မေဘရမီတို့အပြင် ဝါရင့်ဇာတ်ပို့သရုပ်ဆောင် ဒေါ်ဂေးဝေ၊ ဦးရွှေမိုး၊ ဟန်နီခေတ်တို့နှင့်အတူ အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Fast and Furious မူကွဲဇာတ်ကား၌ မင်းသား ဒွင်းဂျွန်ဆင် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၂**

Fast and Furious မူကွဲဇာတ်ကား၌ ကမ္ဘာကျော်အက်ရှင်မင်းသား ဒွင်းဂျွန်ဆင် ပြန်လည်ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇွန် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဒွင်းဂျွန်ဆင်သည် လုပ်ဟော့ ဇာတ်ကောင်နေရာမှာပင် ပြန်လည်သရုပ်ဆောင်မည်ဖြစ်သည်။

မင်းသား ဒွင်းဂျွန်ဆင်သည် Fast and Furious ပင်တိုင်သရုပ်ဆောင်တစ်ဦးဖြစ်သည့် ဗင်ဒီဆယ်နှင့် ဆက်ဆံရေးမကျေမလည်ဖြစ်ခဲ့ရပြီးနောက် အထက်ပါဇာတ်ကားများ၌ ပါဝင်တော့မည်မဟုတ်ကြောင်း ယခင်က ပြောခဲ့ဖူးသည်။

မင်းသား ဒွင်းဂျွန်ဆင်ပြန်လည်ပါဝင်မည့် Fast and Furious မူကွဲဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စရစ်မော်ဂန်က တာဝန်ယူရေးသားပေးမည်ဖြစ်သည်။

လက်ရှိတွင် Fast and Furious မူကွဲဇာတ်ကားရိုက်ကူးမည့် ဒါရိုက်တာကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့်ထုလုပ်ထားသော ပုဂံသူပန်းပုရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသော ပုဂံသူပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းစင်တာမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းပုရုပ်များသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ ဒါးပိန်ပန်းပုကျေးရွာမှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေအတွက်အစုံ ၅၀ ခန့် ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

“အခုလဆန်းပိုင်းမှာ ဈေးကွက်ထဲဝင်လာတဲ့ ပုဂံသူပန်းပုရုပ်တွေက ဒီဇိုင်းလေးမျိုးဝင်လာပါတယ်။ ဒီဇိုင်းတစ်မျိုးချင်း ဝယ်ယူလို့ရသလို ဒီဇိုင်းလေးမျိုးတစ်စုံကိုလဲ အထူးနှုန်းနဲ့ ရောင်းချပေးမှာပါ။ ရုံးခန်း၊ ဟိုတယ်နဲ့ နေအိမ်ဧည့်ခန်းတွေမှာ အလှထားဖို့ ရည်ရွယ်ထုလုပ်ထားတာဖြစ်ပါတယ်”ဟု မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။



လက်ရှိကာလသည် ရန်ကုန်တိုင်းဒေသကြီးသို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့်အတွက် အဆိုပါပန်းပုရုပ်များမှာ အခြားပန်းပုရုပ်များထက် ပိုမိုရောင်းချရကြောင်း သိရသည်။

အဆိုပါ ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားသော ပုဂံသူပန်းပုရုပ်များမှာ အမြင့် ၁၈ လက်မအရွယ်အစားရှိပြီး ပန်းပုရုပ်တစ်ရုပ်လျှင် ငွေကျပ် ၇၅၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိပြီး ဒီဇိုင်းလေးမျိုးတစ်စုံလျှင် ငွေကျပ် ၂၅၀၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ ASH

# ဖိုးဘီးမဂ္ဂဇင်း၏ အချမ်းသာဆုံးအမျိုးသမီးစာရင်း၌ မင်းသမီး ရီဆီဝစ်သာစပွန်း ရပ်တည်နေ

**နယူးယောက် ဇွန် ၂**

ဖိုးဘီးမဂ္ဂဇင်း၏အချမ်းသာဆုံး အမေရိကန် အမျိုးသမီးစာရင်း (၂၀၂၃)တွင် မင်းသမီး ရီဆီဝစ်သာစပွန်းသည် အချမ်းသာဆုံးအမျိုးသမီးသရုပ်ဆောင်အဖြစ် ရပ်တည်နေကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဇွန် ၁ ရက်တွင် ရေးသားတင်ပြထားသည်။

Legally Blonde မင်းသမီး ရီဆီဝစ်သာစပွန်း၏ ကိုယ်ပိုင်ပိုင်ဆိုင်မှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်း ၄၄၀ ထိရှိကြောင်း သိရသည်။

မင်းသမီး ရီဆီဝစ်သာစပွန်းသည် အမေရိကန်အနုပညာလောကအချမ်းသာဆုံး မင်းသမီးအဖြစ် ရပ်တည်နေသော်လည်း ဖိုးဘီးမဂ္ဂဇင်း၏ အချမ်းသာဆုံးအမေရိကန်အမျိုးသမီးများစာရင်းတွင် အဆင့်(၅၉)နေရာ၌သာရှိကြောင်း သိရသည်။

မင်းသမီး ရီဆီဝစ်သာစပွန်းသည် ဖိုးဘီးမဂ္ဂဇင်း၏အချမ်းသာဆုံး အမေရိကန်အမျိုးသမီးများစာရင်း (၂၀၂၃)၌ပါဝင်သည့် တစ်ဦးတည်းသော ရုပ်ရှင်လောကသားဖြစ်ပြီး အထက်ပါစာရင်းတွင် အမေရိကန်အမျိုးသမီးအဆိုတော် ရီဟားနားနှင့် တေလာဆွစ်တို့လည်း ပါဝင်နေကြောင်း သိရသည်။

KKO



# ပုဏ္ဏားကျွန်းမြို့နယ် ရှင်တော်ကျေးရွာ၌ ကြိမ်၊ ဝါးလက်မှုပြုလုပ်နည်းသင်တန်းဖွင့်

**ပုဏ္ဏားကျွန်း ဇွန် ၂**

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ရှင်တော်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကြိမ်၊ဝါးလက်မှုပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက်က အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးပုချေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပုဏ္ဏားကျွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးလှိုင်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ ပို့ချသင်ကြားပေးမည့် သင်ခန်းစာများကို လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိ အသုံးချလုပ်ကိုင်ကြစေလိုကြောင်း၊ မိမိတို့ရပ်ရွာရှိ စိတ်ဝင်စားသော ဒေသခံပြည်သူများကိုလည်း လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြများက သင်တန်းတွင်ပို့ချမည့်ဘာသာရပ်များအကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ ရှင်တော်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ကြိမ်၊ ဝါးလက်မှုပြုလုပ်နည်းနှင့်ပတ်သက်သည်များကို ဇွန် ၁ ရက်မှ ဇွန် ၂၂ ရက်ထိ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့ဖွင့်လှစ်ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# Myanmar conducts the largest amount of trade with China, Thailand, Singapore, Malaysia, India, and Indonesia in 2022-2023 FY


Yangon port handling cargo containers.

**Nay Pyi Taw June 2**

Myanmar has conducted trade with 167 trading partner countries in 2022-2023 FY, with the largest amount of trade from China, Thailand, Singapore, Malaysia, India and Indonesia, according to reports from the Ministry of Commerce,.

Myanmar is carrying out trade activities with a total of 238 trading partner countries.

In doing so, exports amount of US$16,620.177 million and imports amount of US$17,352.722 million, totaling US$33,972,899 million, were achieved.

China topped the list with export amount of US$3,833.397 million and import amount of US$5,446.751 million, totaling US$9,280.148 million and followed by Thailand with export amount of US$3,684.923 million and import amount of US$2,313.877 million, totaling US$5,998.800 million. Singapore stood third with export amount of US$196.551 million and import amount of US$4,434.056 million, totaling US$4,630.607 million. 336

# Plans to repair damaged seawater preventive embankments before monsoon

**Sittway June 2**

Three seawater preventive embankments damaged by cyclone Mocha will be repaired before monsoon in order to grow monsoon paddy at full capacity in Rakhine State, said advocate-general U Hla Thein of the state.

The Rakhine State Department of Irrigation and Water Utilization Management will repair three seawater preventive embankments before monsoon for cultivation of monsoon paddy.

"Mocha destroyed three of 32 seawater preventive embankments in Rakhine State. These are Chanmyin embankment in Maungtaw Township, Kalapon island circled embankment in MraukU Township and Ngamanyekyun embankment-1 and 2 in Myebon Township. Most of them were eroded by water. In this regard, the department needs to repair the embankments with 32,933 suddles of soils. These tasks started on 21 May," said the advocate-general.

Till 28 May, a total of 10,365 suddles of soil have been embankments, accounting for 31.47 per cent. The soil works will be completed on 3 June.

Thanks to repaired embankments, monsoon paddy can be safely cultivated on 14,225 acres of farmlands. It is reported to complete construction of embankments in the first week of June.

ASH


Embankments under repair with the use of heavy machinery.

# Mandalay Green Energy Fair 2023 to take place at MCC on 10 and 11 June

**Mandalay June 2**

Chairman of Mandalay Region Chambers of Commerce and Industry U Win Htay said that the Mandalay Green Energy Fair 2023 will take place at Mandalay Convention Centre (MCC) in Chanmathazi Township of Mandalay Region on 10 and 11 June.

It will be jointly organized b MRCCI and EV Myanmar Group to showcase latest EVs, solar panels and related accessories, and electronic products.

The Chairman said, "The fair will exhibit latest models of EVs, solar and accessories, and electronic products from 8 am to 6 pm. The fair has prepared the venue for test driving of EVs, and purchasers may but EVs in connection with banks."

Visitors may observe electric vehicles and charging stations in Mandalay Region.

Currently, people are interested in EV measures. The government allowed exemption for EVs in addition to charge of using roads as from 1 April. Charging stations will be built on highways and highway bus terminals as well as public places in Yangon and Mandalay.

ASH

# Senate passes US debt ceiling deal, averting a US default

**Washington June 2**

The US Congress has approved a deal to lift the country's borrowing limit, days before the world's largest economy is due to default on its debt.

The bipartisan measure sped through the Senate by a vote of 63-36, a day after it cleared the US House of Representatives.

President Joe Biden has said he will enact the measure into law.

His signature on the bill will spare the US from a catastrophic default on its $31.4tn (£25tn) debt.

The country is forecast to overshoot its current debt ceiling on Monday 5 June.

A default would limit the government's ability to borrow more money or pay all of its bills. It would also threaten to wreak havoc overseas, affecting prices and mortgage rates in other countries.

In Thursday night's session, the bill passed with support from 44 Democrats and 17 Republicans, plus two independents.

Sixty votes were required to approve the measure in a 100-seat chamber that Democrats only narrowly control.

Thirty-one Republicans were opposed, including a member of the party's leadership in the chamber, John Barrasso.

Democratic senators John Fetterman and Elizabeth Warren, plus Bernie Sanders who is independent, also voted against.

Senators first proposed 11 amendments to the debt ceiling bill, but they were all rejected in quick order, paving the way for a final vote.

If a single one of the amendments had passed, the whole bill would have had to be sent back to the House, leaving little time to ensure final passage of the measure before the US fell off a fiscal cliff.

BBC

# Senegal shuts social media as protesters die after Sonko sentencing

**Dakar June 2**

Social media and messaging platforms have been blocked in Senegal after unrest erupted over the sentencing of opposition leader Ousmane Sonko.

At least nine people were killed when Sonko's supporters clashed with police in several cities on Thursday.

Sonko was not in court when he was given a two-year jail term for immoral behaviour, but cleared of rape charges.

The justice minister said he could be arrested at any time - and police are surrounding his house in the capital.

His supporters fear the conviction could prevent the 48-year-old politician from contesting next year's presidential election.

Hundreds of officers are blocking his supporters from reaching his home in Dakar - and even his lawyers have been unable to visit him.

When the court handed down its verdict on Thursday, Sonko's Pastef party called on people to "take to the streets".

Interior Minister Antoine Félix Diome said the government had imposed restrictions on social media to stop the "dissemination of hate and subversive messages".

People are upset about the move, which is affecting popular apps like Facebook, Instagram, Messenger, Telegram, TikTok, WhatsApp and YouTube.

They can be accessed using a virtual private network (VPN), but not everyone is aware about such software and how it works.

BBC

# Plans underway to prevent bank erosion at Mehauk and Namting creeks in Shan State in 2023-24 FY


Bank erosion prevention measures taken at a creek.

**Taunggyi June 2**

The Shan State government on 26 May issued a press release, saying that it will carry out prevention of bank erosion at Mehauk and Manting creeks in Shan State in 2023-24 financial year.

Mehauk Creek is streaming in Tachilek Township in Shan State (East) whereas Namting Creek is located in Hopang Township of Shan State.

The Department of Water Resources and Improvement of River Systems in Shan State will implement the projects with the budget of Shan State government in 2023-24 FY.

In this regard, the department will purchase construction materials from private businesspersons. So, it will invite open tender to businesspersons. Tender proposals are sold from 25 May to 8 June, and tender proposals must be submitted at the department in Kangyi Ward of Taunggyi.

For further information, dial 081-2132271 and 09-695931616 and contact email: region12.dwir@gmail.com. 336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Nine artists to showcase diverse artistic works at Dimension online art show

**Yangon June 2**

The Collector Art Gallery in Kyauktada Township in Yangon Region will showcase artistic works of nine artists online, said gallery in-charge Daw Kay Zar Oo.

The Dimension online art show will last from 1 to 7 June. Famous artists Tin Shwe Cho, Maung Thiha, Hla Tun Aung, Dr Kyaw Gyi, Saya Zaw, Lu Thit, Shwe Moe, Thant Zaw Hlaing and Kyaw Hlwan Moe will present their emotions on 150 artistic works in multicolours.

"We will sell some 100 artistic works in different perspectives from the gallery. Most of the artistic works were created by artists Ko Tin Shwe Cho, Ko Thiha and Ko Kyaw Hlwan Moe. These artistic works created this year have not been presented online," said Daw Kay Zar Oo.

The artistic works are in sizes of 24x24 inches, 36x24 inches, 18x24 inches and 18x18 inches. These are valued at ranging from K500,000 to K2 million. The artists created their works in water colour, oil colour, acrylics and sketch. ASH


A painting featuring Pathein parasols.

# Arrivals of local and foreign travellers on the rise in Mingun region

**Mandalay June 2**

Number of travellers is on the increase to pay visits to Mingun region from Mayanchan port of Mandalay, said Chair U Win Maung of Mandalay Region Private Vessel Discipline Enforcement Committee.

Mingun region is attractive to local and foreign travellers with ancient religious edifices, Mingun bell, Myatheintan Pagoda and Pahtotawgyi Stupa.

"In the first week of May, travellers leading to Mingun region from Mayanchan port of Mandalay were lesser number. As now is time of rising water level in Ayeyawady River, arrivals of local and foreign travellers are on the rise heading for Mingun region as from the last week of May," he explained.

Some 50 local and foreign travellers per day paid visits to Mingun region of Mayanchan port from Mandalay in the first week of May. In the last week of May, more than 120 travellers pay visits to Mingun on a daily.

"Those travellers came from Southeast Asian countries and South Korea, China and the Philippines but number of travellers who came from European countries are lesser," he added.

More than 200 vessels dock at Mayanchan port of Mandalay to transport passengers as well as rice, cooking oil, salt, fish-paste, dried fish and other groceries. 184


Visitors seen at a jetty in Mingun region.

# Plans to construct 17 rural roads in Magway District with more than K2.4 billion this FY

**Magway June 2**

More than K2.4 billion will be spent on construction of 17 rural roads in Magway District in 2023-24 financial year, said Director U Thein San Hlaing of Department of Highways.

The department will repave asphalt, concrete, gravel and laterite on 17 rural roads in Magway, Taungdwingyi, Yenangyoung, Natmauk and Myothit townships of Magway District.

The director disclosed, "The department will undertake repaving of 17 rural roads in townships of Magway District with K826.758 million from the Union budget and K166.417 million from the region government."

In order to improve rural roads in Magway District, K465.527 million will be allotted from the Union budget for 2.6 miles long asphalt road, K210.243 million for 1.37 miles long repaved road, K74 million for 3.219 miles long laterite road and K76 million for 0.98 mile long other roads.

Magway Region government fund will be allotted to K560 million for 3.218 miles long asphalt road, K191 million for 3.218 miles long repaved road, K475.5 million for 7.759 miles long gravel road, K419.347 million for 11.527 miles long laterite road and K21 million for 0.03 mile long other roads.

Improvement and construction of rural roads aim to ensure smooth transport, education, health and social sectors of the people.

The department stated that plans are underway to construct 15.758 miles long rural road with K1,645.604 million from the Union budget and K43.27 miles long rural roads with K4,842.8 million from the region government fund.

Po Htet (Minbu)

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်လေတပ်က B-52 ဗုံးကြဲလေယာဉ်ကို တာဝေးပစ်ပဲ့ထိန်းပင်လယ်ပြင်မိုင်းများ တပ်ဆင်စမ်းသပ်



အမေရိကန်လေတပ် (USAF) သည် ဟာဝိုင်ရီ၊ Kauai ကမ်းလွန်တွင် Quick Strike Extended Range (QS-ER) B-52 Stratofortress ဗုံးကြဲလေယာဉ်ကို တာဝေးပစ် ပဲ့ထိန်းပင်လယ်ပြင်မိုင်းများ တပ်ဆင်စမ်းသပ်ပျံသန်းခဲ့ကြောင်း မေ ၃၁ ရက်က The Defense Post တွင် ရေးသားဖော်ပြခဲ့သည်။

QS-ER အယူအဆသည် Mk64 ရေအောက်မိုင်းတစ်ခုကို Joint Direct Attack Munition (JDAM) Extended Range မူကွဲဖြင့် ပေါင်းစပ်ထားပြီး မိုင် ၄၀ ကျော် အကွာအဝေးမှ ပစ်မှတ်ကိုတိကျစွာတိုက်ခိုက်နိုင်မည်ဖြစ်သည်။ JDAM ကိရိယာတွင် ခဲယမ်းများကို သတ်မှတ်ထားသော ပစ်မှတ်ဆီသို့ ဦးတည်ရာတွင် အထောက်အကူဖြစ်စေသော GPS-Assisted Inertial Navigation လမ်းညွှန်စနစ် ပါဝင်သည်။

QS-ER အယူအဆသည် လေယာဉ်တစ်စင်းကို အလေးချိန်ပေါင် ၂၀၀၀ (၉၀၇ ကီလိုဂရမ်) လေးသော ဝေဟင်မှ ပစ်လွှတ်နိုင်သည့် မိုင်းအများအပြားကို စွန့်စားရနိုင်ခြေနည်းပါးစွာ ပဋိပက္ခဖြစ်ပွားနေသော ရေလမ်းကြောင်းများတွင် တစ်ပြိုင်နက်ခင်းထားနိုင်စေမည်ဖြစ်သည်။ နှိုင်းယှဉ်ကြည့်လျှင် လမ်းညွှန်မဲ့(ပဲ့ထိန်းမဲ့) မိုင်းတစ်ခုခင်းရာတွင် လေယာဉ်သည်အန္တရာယ်ရှိသောအနိမ့်ပျံသန်းခြင်းဖြင့် အချိန်ကြာမြင့်စွာခင်းရန် လိုအပ်မည်ဖြစ်သည်။

"QS-ER မိုင်းနဲ့ပတ်သက်ပြီး ထူးခြားတာက သူ့ရဲ့အကွာအဝေးနဲ့တိကျမှုပါပဲ"ဟု အမှတ်(၄၉) စမ်းသပ်ဖော်ထုတ်ရေးမှ အုပ်ချုပ်ရေးမှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး Matt Spinelli က ပြောကြားခဲ့သည်။

မိုင်းခင်းရန် သတ်မှတ်ထားသော နေရာသို့ ရောက်ရှိနိုင်ရန်အသင့်လျော်ဆုံး အနေအထားတွင် အမျိုးမျိုးသော အမြန်နှုန်းနှင့် အမြင့်ပေများမှ ပစ်လွှတ်နိုင်ပြီး မယုံနိုင်လောက်အောင် တိကျမှုရှိသော လက်နက်ကိုပိုင်ဆိုင်နိုင်ပြီ ဖြစ်သည်။ ၎င်းသည် မိုင်းကွင်းကို ပိုမိုထိရောက်စေရန် လိုအပ်သော မိုင်းအရေအတွက်ကိုလျှော့ချပေးပြီး ပစ်လွှတ်သည့် လေယာဉ်အတွက် ရပ်တည်ရှင်သန်နိုင်စွမ်း ပိုမိုမြင့်မားစေကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

ပြီးခဲ့သည့် မတ်လအတွင်းက သရုပ်ပြသမှုသည် ၂၀၁၅ ခုနှစ်တွင်စတင်ခဲ့သော စမ်းသပ်မှုများထဲမှ စတုတ္ထမြောက် လက်နက်စမ်းသပ်မှုဖြစ်သည်။ ၎င်းသည် မဟာဗျူဟာမြောက် ယှဉ်ပြိုင်မှုကိုဖြည့်ဆည်းရန် အမေရိကန် အင်ဒို-ပစိဖိတ်စစ်ဌာနချုပ်၏ ကြိုးပမ်း အားထုတ်မှုများနှင့် လိုက်ဖက်ညီစွာ ဆောင်ရွက်နေခြင်းဖြစ်သည်။

**USAF Test Launches Long-Range Guided Sea Mine From B-52 Bomber ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွီဒင်စစ်ဘက်က Carl-Gustaf ခဲယမ်းများမှာယူရန် Saab ကုမ္ပဏီနှင့်စာချုပ်ချုပ်ဆို

ဆွီဒင်နိုင်ငံသည် Carl-Gustaf Recoilless ရိုင်ဖယ်များအတွက် ခဲယမ်းများ မှာယူရန်အတွက် ပြည်တွင်းကာကွယ်ရေးကုမ္ပဏီ Saab နှင့်စာချုပ်ချုပ်ဆိုခဲ့ကြောင်း မေ ၃၁ ရက်က The Defense Post တွင် ဖော်ပြထားကြောင်း သိရသည်။

ခဲယမ်းအရေအတွက်ကို ထုတ်ဖော်ပြောကြားထားခြင်းမရှိပါ။ တန်ဖိုးအားဖြင့် ဆွီဒင်ခရိုနာ ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၇၇ သန်း) ရှိသည့်စာချုပ်သည် Saab ကုမ္ပဏီနှင့်ဆွီဒင်နိုင်ငံကာကွယ်ရေးပစ္စည်းဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့ (Swedish Defense Materiel Administration-FMV) တို့ကြားချုပ်ဆိုထားသော ကျယ်ပြန့်သည့် မူဘောင်သဘောတူညီချက်မှ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဆွီဒင်စစ်ဘက်သည် အနာဂတ်ပဋိပက္ခများအတွက် လုံလောက်သော ခဲယမ်းသိုလှောင်မှုပမာဏကို စုဆောင်းထားရှိရန် သေချာစေမည်ဖြစ်ကြောင်း Saab ကုမ္ပဏီဥက္ကဋ္ဌ Micael Johansson ၏အဆိုအရ သိရသည်။

ခဲယမ်းမီးကျောက်များသည် လက်နက်စနစ်များ၏ နည်းဗျူဟာ ပြောင်းလွယ်ပြင်လွယ်ရှိမှုအပေါ် ခိုင်မာအားကောင်းစေပြီး ထိမှန်နိုင်ခြေနှင့်တိုက်ပွဲဝင်ရာတွင် ထိရောက်မှုတို့ကို တိုးမြင့်စေနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ ကမ္ဘာ့ထိပ်တန်းအဆင့်မြင့်နည်းပညာသုံး ဖြေရှင်းချက်တွေကို ဆွီဒင်နိုင်ငံအတွက် ဆက်လက်ပေးပို့ပြီး ဆွီဒင်ကာကွယ်ရေးစွမ်းရည်ကိုပံ့ပိုးပေးနိုင်ခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်"ဟု Johansson က ရှင်းပြခဲ့သည်။

Carl-Gustaf ခဲယမ်းများကို ၂၀၂၆ ခုနှစ်တွင် စတင်လွှဲပြောင်းပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ၏ စစ်လက်နက်နှင့်ကိရိယာများတိုးမြှင့်ဝယ်ယူခြင်းသည် NATO အဖွဲ့ဝင်လိုအပ်ချက်များကိုပြည့်မီရန် လှုပ်ရှားမှုတစ်ခုအဖြစ် ရှုမြင်နိုင်သည်။

ဆွီဒင်နိုင်ငံသည် ဖင်လန်နိုင်ငံ၏ NATO သို့ ဝင်ရောက်မှုအတိုင်း လိုက်ပါလုပ်ဆောင်နိုင်ရန် မျှော်လင့်ထားပြီး ၎င်းလုပ်ဆောင်သည့် နည်းလမ်းများမှာအဖွဲ့အစည်းကို လုံလောက်သောပံ့ပိုးမှုပေးနိုင်ကြောင်းပြသရန်ရည်ရွယ်နေခြင်းလည်းဖြစ်ကြောင်း သိရသည်။



**Sweden Orders Carl-Gustaf Ammunition From Saab ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားကိုတိုက်ခိုက်ရန် အမေရိကန်က ယူကရိန်းကိုအားပေးအားမြှောက်လုပ်နေသည်ဟု အမေရိကန်ဆိုင်ရာရုရှားသံအမတ်ကြီးပြော




ရုရှားနိုင်ငံကို တိုက်ခိုက်ရန် အမေရိကန်က ယူကရိန်းကို အားပေးတိုက်တွန်းနေကြောင်း အမေရိကန်ဆိုင်ရာ ရုရှားသံအမတ်ကြီး Anatoly Antonov က မေ ၃၁ ရက်တွင် ပြောကြားသည်။

ရုရှားမြို့တော်ကို မကြာသေးမီက ဒရုန်းများဖြင့် စီးနင်းတိုက်ခိုက်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် အမေရိကန်၏ ပြောကြားချက်သည် ယူကရိန်းအကြမ်းဖက်သမားများအတွက် အားပေးအားမြှောက်တစ်ခုဟုသတ်မှတ်နိုင်ကြောင်း Antonov က ပြောကြားခဲ့သည်။

"ရုရှားပိုင်နက်ထဲ ယူကရိန်းတိုက်ခိုက်မှုကိုထောက်ခံခြင်းမရှိတဲ့ သူတို့ရဲ့လက်သုံးစကားတွေကို ဘယ်သူမှမယုံဘူးဆိုတာ အမေရိကန်အုပ်ချုပ်ရေးက နားမလည်ဘူးလား"ဟု သံရုံး၏ Telegram က ထုတ်ပြန်ချက်တွင် ရုရှားသံအမတ်ကြီး Anatoly Antonov က ပြောကြားခဲ့သည်။

ယေဘုယျအားဖြင့် ရုရှားနိုင်ငံတွင်းဖြစ်ပေါ်နေသည့် တိုက်ခိုက်မှုများကို မထောက်ခံကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူက သတင်းထောက်များကို ပြောကြားခဲ့ပြီးနောက် ယခုကဲ့သို့ Antonov က မှတ်ချက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒရုန်းတိုက်ခိုက်မှု၏ ရည်ရွယ်ချက်မှာ ရုရှားပြည်သူများကြားတွင် အကြောက်တရားများတိုးပွားစေရန်နှင့် အာဏာပိုင်များအပေါ် ယုံကြည်မှုပျက်ပြားစေရန်ဖြစ်ကြောင်း Antonov က ဆက်လက်ပြောကြားခဲ့သည်။

"ရုရှားဖက်ဒရေးရှင်းကို အနောက်နိုင်ငံမှာ ဖယ်ကြဉ်သတ်မှတ်ခဲ့ကြတာကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့ ရိုးရိုးရှင်းရှင်းပြောရရင် ဒီပန်းတိုင်ကိုရောက်ဖို့ သူတို့မှာ အစွမ်းအစမရှိပါဘူး"ဟု ရုရှားသံအမတ်ကြီး Anatoly Antonov က ပြောကြားသည်။

ရုရှားမြို့မှ လူနေအဆောက်အအုံများကိုဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်လာသောဒရုန်းများဖြင့် မေ ၃၀ ရက် နံနက်ပိုင်းက ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ အဆိုပါတိုက်ခိုက်မှုတွင် UAV ရှစ်စင်းပါဝင်ခဲ့ပြီး ၎င်းတို့အားလုံးသည် လေကြောင်းရန်ကာကွယ်ရေးနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးစနစ်များကြောင့် ပျက်စီးသွားခြင်း သို့မဟုတ် လမ်းလွဲသွားခြင်းဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ သိရသည်။

မေ ၃၀ ရက် တိုက်ခိုက်မှုတွင် တစ်စုံတစ်ဦးမျှ သေဆုံးခြင်း သို့မဟုတ် ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းမရှိဟု ပြောကြားခဲ့သည်။ ယူကရိန်းသမ္မတ ဇီလန်စကီး၏ အကြီးတန်းအကြံပေး မီခေးလ်ပိုဒိုလိက်ခ်က အဆိုပါတိုက်ခိုက်မှုတွင် ယူကရိန်းနိုင်ငံပါဝင်ပတ်သက်မှုမရှိကြောင်း ငြင်းဆိုသော်လည်း စီးနင်းတိုက်ခိုက်မှုများ ယခုထက် ပိုမိုတွေ့မြင်ရလိမ့်မည်ဟု ရုရှားသံအမတ်ကြီး Anatoly Antonov က အခိုင်အမာ ပြောကြားထားကြောင်း သိရသည်။

**US encouraging Ukraine to attack Russia – ambassador ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ကြံ ၁၀၉၃၆ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူမြို့နယ်မှာ ကြံဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ကြံဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဆက်လက်စိုက်ပျိုးနေကြပါတယ်။ ကန့်ဘလူမြို့နယ်မှာ ကြံစိုက်ပျိုးမှုကို စီးပွားဖြစ် စိုက်ပျိုးတယ်။ အထွက်နှုန်းတိုးတဲ့ကြံမျိုးပြောင်းပြီး စိုက်နေပါတယ်။ ကြံစိုက်ပျိုးမှုဟာ မိုးရာသီမှာ အများစု စိုက်ပျိုးကြတာပါ"ဟု မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင်၂၀၂၂ ခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ ကြံစိုက်ပျိုးခဲ့ကြရာ စုစုပေါင်း ၂၄၄၁ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင်၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ကြံ ၂၉၄၁ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ကြံ ၈၂၉ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးတို့ကို စိုက်ပျိုးကြကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြောင်း သိရသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။ (၂၀၆)




# မံစီမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

**မံစီ ဇွန် ၂**

ကချင်ပြည်နယ် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၁ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်သန်းက ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်ထိ ဆက်လက်လေ့လာဆည်းပူးသွားကြရန် မှာကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက သင်တန်းနည်းပြဆရာမနှစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကာ မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျီးက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။



ထို့နောက် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသူများ ချုပ်လုပ်ထားသော အဝတ်အထည်များကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါအသက်မွေးဝမ်းကျောင်းအထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ မံစီမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်နည်းကို ကျွမ်းကျင်နည်းပြများက မေ ၂ ရက်မှ ၃၁ ရက်ထိ ရက် ၃၀ ကြာ စာတွေ့၊ လက်တွေ့ဖြင့် အခမဲ့သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မိုင်းဖြတ်မြို့နယ် ဆားလို့မိုင်-ဟာကြားမုတိကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် ဇွန် ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်၊ ထွက်ကုန်များ ရာသီမရွေး ဈေးကွက်သို့ အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဆားလို့မိုင်- ဟာကြားမုတိကျေးရွာတွင် ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုး၊ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားခဲ့သည်။

ဆားလို့မိုင်-ဟာကြားမုတိကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် တစ်ပေ ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းနှင့်ကုန်ထုတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၉၂ သန်းဖြင့် Hero Family ကုမ္ပဏီက ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာနှစ်ရွာမှ စိုက်ဧက ၁၀၀၊ အိမ်ခြေ ၅၄ အိမ်၊ လူဦးရေ ၃၁၆ ဦးအား အကျိုးပြုနေပြီဖြစ်ကြောင်း မိုင်းဖြတ်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ခင်မာ**

## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂-၆-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၈၀၀၀/၉၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၈၆၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၉၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၈၅၀၀၀/၉၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၆၀၀၀၀/၆၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၅၅၀၀၀/၅၇၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၅၆၀၀၀/၅၈၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၀၀၀/၆၅၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၁၈၉၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၇၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

၇ ရှေ့ဖုံးမှအဆက်




ဇွန် ၁ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သည့် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

## အားပေးမှုအခွင့်အလမ်းအောက်မှာ အားသာချက်များတည်ဆောက်

အထက်ပါယူဆချက်ကို အောင်မြင်မှုများရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည့်အခမ်းအနားကြီးနှင့် ထိုအခမ်းအနားတွင် နိုင်ငံအကြီးအကဲ၏ ဂုဏ်ပြုမှတ်ချက်စကားနှင့် လမ်းညွှန်မှာကြားချက်များတွင် ထင်ဟပ်နေသည်။ ကာလအတန်ကြာ အားနည်းနေသည့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံ၏ အားကစားအဆင့်အတန်းကို အဆင့်ဆင့်ပြန်လည်စနစ်တကျ ဆောင်ရွက်ရမည်ဟူသည့် လမ်းညွှန်ချက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့ကတည်းကပင် မှတ်သားခဲ့ရဖူးသည်။

**နိုင်ငံတစ်နိုင်ငံ အားကစားကောင်းမွန်ရန်ဆိုလျှင် အားကစားကွင်းကောင်းရှိရမည်။ အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်။ နည်းစနစ်ပိုင်း၊ နည်းပြပိုင်း ကောင်းမွန်ရမည်။ အားပေးထောက်ပံ့သည့် ပရိသတ်ရှိရမည်၊ ပြည်သူပါရမည်။ ပါရမီရှိသော၊ ကျွမ်းကျင်သော အားကစားသမားများရှိရမည်။** ထိုအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် တစ်ခုချင်းဖြည့်ဆည်းပံ့ပိုးပေးနေသည်ကိုတွေ့ရပါသည်။

ကျွန်တော်ထင်ပါသည်။ လက်ရှိနိုင်ငံတော်အကြီးအကဲသည် အားကစားကဏ္ဍကို အထူးအားပေးပုံရသည်။ နိုင်ငံတော်အကြီးအကဲ၏ နိုင်ငံတစ်ဝန်း ခရီးစဉ်များတွင် အားကစားကွင်းများစွာကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အဆင့်မီပြုပြင်မွမ်းမံရေး လမ်းညွှန်မှာကြားခြင်းနှင့် အားကစားအထောက်အကူပြုပစ္စည်းများစွာ ဖြည့်ဆည်းပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်သည်ကို သတင်းများတွင် တွေ့မြင်ရသည်။ ထိုလမ်းညွှန်ချက်နှင့်အညီ သုဝဏ္ဏ အားကစားရုံကြီးမှာလည်း မြန်မြန်ဆန်ဆန် ပြန်လည်အဆင့်မြင့်မားလာခဲ့သည်။ တစ်နိုင်ငံလုံးက ဘောလုံးကွင်းများအပါအဝင် အားကစားကွင်းများ ပြန်လည်တိုးတက်လာခဲ့သည်။ အားကစားပြိုင်ပွဲများ၊ လှုပ်ရှားမှုများ ပြန်လည်အသက်ဝင်လာခဲ့သည်။ နိုင်ငံတော်နေ့ကြီးနေ့ထူးများတွင် ကျောင်းသားလူငယ်လေးများ၏ အားကစားလှုပ်ရှားမှုများက နေရာယူလာခဲ့ကြသည်ကိုတွေ့ရသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်ပြိုင်ပွဲများ၊ ဝန်ကြီးဌာနအားကစားပြိုင်ပွဲများ ပို၍ သွက်သွက်လက်လက်ရှိလာကြသည်ကို သတိထားမိသည်။ နိုင်ငံအနှံ့နေရာအနှံ့ talent ဖြစ်သော၊ ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်ပိုင်နိုင်သော အားကစားရှက်ပုန်းသီးများ မြေလှန်ရှာဖွေစုဆောင်းလေ့ကျင့်မည့် သတင်းစကားများကိုလည်း ကြားသိလာရသည်။ ကစားသမားဘက်ကချည်းမဟုတ်၊ နည်းစနစ်ပိုင်းတိုးတက်ဖို့ နည်းပြကောင်းများ ခန့်အပ်တာဝန်ပေးမှုများကိုလည်း မြင်ရပြန်သည်။ မြန်မာ့ရိုးရာအားကစားနည်းများကို နိုင်ငံတကာပြိုင်ပွဲများမှာ ထည့်သွင်းကျင်းပလာနိုင်ရေးအတွက် ရိုးရာအားကစားနည်းအလိုက် ကမ္ဘာကသိလာအောင် အင်တိုက်အားတိုက်ကြိုးစားဆောင်ရွက်နေမှုများလည်း ရှိလာခဲ့ပြီဖြစ်သည်။

## ကြိုတင်ပြင်ဆင်မှုနှင့် ထောက်ပံ့အားပေးမှုကောင်းခြင်းမှ ရရှိလာသည့် အောင်မြင်မှု

ဘယ်အရာမဆို ကြိုတင်ပြင်ဆင်မှုအားကောင်းခြင်းနှင့် ထောက်ပံ့အားပေးမှုက အောင်မြင်မှုဂုဏ်ကို ဆောင်ယူစမြဲဖြစ်သည်။ ပြည်သူတစ်ရပ်လုံး၏သောသောညံအားပေးလက်ခုပ်သံများကိုလည်း မေ့ထား၍မရ၊ အဘယ်သို့သော နိုင်ငံအရေးကိစ္စမှန်သမျှ ပြည်သူမပါဘဲ မအောင်မြင်နိုင်ဟူသော အယူအဆသည် ဤဆီးဂိမ်းပြိုင်ပွဲကစ၍ ပို၍ထင်ရှားလာသည်ကို သတိပြုမိသည်။



ဇွန် ၁ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်အလံကို တိုင်ထိပ်ဖျားဆီ လွင့်တင်နိုင်ရုံမက နိုင်ငံအလံကိုလွှမ်းခြုံ၍ ကွင်းထဲပတ်ပြေးပရိသတ်ကို နှုတ်ဆက်အောင်ပွဲခံ၊ နိုင်ငံတော်သီချင်းကိုလည်း အဝေးဆီတိုင် လွင့်ပျံ့အောင် စွမ်းဆောင်ခဲ့ကြသည့် မြင်ကွင်းများကား အားကစားဖြင့်နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ပုံကို ပြသနေသည်။

ယှဉ်ပြိုင်ခွင့်ရှိသည့် အားကစားနည်းပေါင်း ၃၆ နည်းအနက် ၁၉ နည်း (၅၂ ဒသမ ၇၈ ရာခိုင်နှုန်းဖြင့်)မှာသာ ယှဉ်ပြိုင်စွမ်းရှိခဲ့သည်။ အားကစားသမား ၃၄၁ ဦး (ယှဉ်ပြိုင်သူ နိုင်ငံစုံမှအားကစားသမားများ၏ ၅ ဒသမ ၅ ရာခိုင်နှုန်း) နည်းပြ ၁၀၄ ဦးပေါင်း ၄၄၅ ဦးဖြင့်သာ ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ထိုအထဲမှ အားကစား ၈ နည်းတွင် ရွှေတံဆိပ် ၂၀ ခု ဆွတ်ခူးခဲ့ကြသည်။ ကျန် ၉ နည်းတွင် ငွေ ၂၅ ခု၊ ကြေး ၆၈ ခု ပေါင်း ဆုတံဆိပ်ပေါင်း ၁၁၄ ခုတို့ရရှိခဲ့ကြသည်။ မြန်မာပြည်သူတို့ အားပေးမှုအများဆုံး ဘောလုံးပြိုင်ပွဲမှာ အမျိုးသမီးအသင်းက အစဉ်အလာပြိုင်ဘက် ထိုင်းအသင်းကို အနိုင်ယူ၊ ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီးမှ ဘောလုံးအင်အားကြီး ဗီယက်နမ်ကို အရေးနိမ့်ခဲ့ရသည်။ အမျိုးသားအသင်းကလည်း အကြိုဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့သည်။ မြန်မာအားကစားတစ်ဖွဲ့လုံးသည် နိုင်သင့်သည့်ပွဲများတွင် ပြိုင်ဘက်များကို ဂုဏ်သိက္ခာရှိရှိ အနိုင်ယူခဲ့ကြသည်ဖြစ်၍ အတိုင်းအတာတစ်ခုအထိတော့ မြန်မာပြည်သူတို့ ကျေနပ်ခဲ့ကြသည်ဟုဆိုရပါမည်။

## အားကစားသမိုင်းတစ်ခုသာမက နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုလည်း စိုက်ထူနိုင်ခဲ့ပြီ

ဆက်လက်၍ မြန်မာအားကစားအဖွဲ့၏ နှစ်အလိုက် အောင်မြင်မှုအတိုင်းအဆကိုလည်း ခန့်မှန်းကြည့်ကြပါစို့..။ ယခုတစ်ကြိမ် အောင်မြင်မှုကို ၁၉၈၁ ခုနှစ်နောက်ပိုင်း အိမ်ရှင်အဖြစ်ကျင်းပသော အခြားနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ခဲ့သည်များနှင့် နှိုင်းယှဉ်လေ့လာလျှင် ၃၃ ဒသမ ၄၃ ရာခိုင်နှုန်း အများဆုံးသော ရာခိုင်နှုန်းဖြင့် မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။ ဆီးဂိမ်း (၂၇)ကြိမ်မြောက်မှ ယခု (၃၂)ကြိမ်မြောက်အထိ အောင်မြင်မှုအခြေအနေအကဲဖြတ်ဆန်းစစ်ချက်က ရာခိုင်နှုန်းအားဖြင့် အများဆုံးဖြစ်သလို အချိုးအားဖြင့်လည်း အမြင့်ဆုံးဖြစ်သည်ကို လေ့လာမိသည်။

(၃၀)ကြိမ်မြောက်ပြိုင်ပွဲတုန်းကမူ ဖိအားများကြားမှ နည်းနည်းနှင့် ကျဲကျဲပိုင်းခဲ့ရသည်။ ယခု(၃၂)ကြိမ်မြောက်တွင်မူ ပို၍ပြည့်စုံသည့် နိုင်ငံတော်ဘက်က ကျေနပ်ဖွယ်ရာ ပြင်ဆင်ပေးမှု၊ အားပေးထောက်ကူမှု၊ ကဏ္ဍအလိုက် အားထည့်မှုအစုံအစုံကို တွေ့မြင်ခဲ့ရသည်။

ပြီးခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများစွာ ပေါ်ထွက်ခဲ့ခြင်းမှာ အမြတ်တစ်ခုပင်ဖြစ်သည်။ ထူးချွန်ပြောင်မြောက်သော အရည်အသွေးကောင်းများနှင့် မဆုတ်မနစ်သော ယုံကြည်ချက် ခံယူချက်များဖြင့် စိတ်ဓာတ်ကောင်းများပိုင်ဆိုင်ရာ တကယ့်အားကစားသမားကောင်းများပင်ဖြစ်သည်။ သူတို့သည် နိုင်ငံတော်နှင့်ပြည်သူများအတွက် ဆုတံဆိပ်များရယူပေးခဲ့ပြီး သမိုင်းမှတ်တမ်းကောင်းတစ်ခုဖြင့် အားကစားမှတ်တိုင်တစ်ခုကို အောင်အောင်မြင်မြင် စိုက်ထူနိုင်ခဲ့ကြသည်။

မဖြစ်နိုင်ဘူးဟု ထင်သည့်အရာများကို ဖြစ်အောင်လုပ်ခဲ့ကြသည်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် အားကစားမှတ်တိုင်တစ်ခုသာမက နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုအဖြစ်လည်း တွင်ခဲ့ပါပြီ။ နည်းပြ/အုပ်ချုပ်သူများရော အားကစားသမားများပါ နိုင်လိုစိတ်ပြင်းပြစွာဖြင့် မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်တို့ဖြင့် ကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်မှာ မှတ်တမ်းတစ်ခုဖြစ်သည်။ အားကစားကို တန်ဖိုးထားပြီး ကိုယ့်အလုပ်ကိုယ်လုပ် ပရော်ဖက်ရှင်နယ်ပီသစွာ၊ စည်းကမ်းစနစ်တကျရှိစွာဖြင့် စာမျက်နှာ ၁၉ သို့




(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးအလေးမအားကစားနည်း (၄၅ ကီလို)ပြိုင်ပွဲတွင် မြန်မာကစားသမား မဇင်မေဦး ရွှေတံဆိပ်ဆုဆွတ်ခူးရရှိစဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ယှဉ်ပြိုင်ခဲ့ကြသူများဖြစ်ကြ၍ အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြုခံထိုက်သူများလည်းဖြစ်သည်။ ပြိုင်ပွဲမဝင်မီကပင် အပြင်းအထန်ကြိုးစားလေ့ကျင့်ခဲ့ကြပြီး တာဝန်ရှိသူများဘက်ကလည်း မကြာခဏပင် လေ့ကျင့်ရာကွင်းများရှိ နိုင်ငံလက်ရွေးစင်လောင်းများကို ကြပ်မတ်ကြည့်ရှုအားပေးခဲ့ကြသည်မှာ အောင်ပွဲတစ်ခု၏ပြယုဂ်တစ်ခုပင်ဖြစ်သည်။




(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပိုပီနမ်(အားနစ်)အမျိုးသားအလွတ်တန်း စွမ်းရည်ပြအသင်းလိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့ပြီး မြန်မာနိုင်ငံတော်သီချင်းသီဆိုဂုဏ်ပြုကာ မြန်မာနိုင်ငံတော်အလံလွှင့်တင်စဉ်။

## ဂုဏ်ပြုမှုဖြင့် ထိုက်တန်သူများအတွက် မကြုံစဖူး ထူးကဲသည့်ချီးမြှင့်မှုများ

သူတို့သည် အမိနိုင်ငံအတွက် ရောက်နံရောခန်းယှဉ်ပြိုင်ခဲ့ကြသူများဖြစ်၍ ထိုက်ထိုက်တန်တန် ချီးမြှင့်ခံထိုက်သူများဖြစ်ကြပါသည်။ နိုင်ငံ့ဂုဏ်ဆောင် တစ်ဦးချင်း ရွှေတံဆိပ်ဆုရအားကစားသမားတစ်ဦးအတွက် ချီးမြှင့်ငွေမှာ ကျပ်သိန်း ၃၀၀၊ ငွေတံဆိပ် ပိုင်ရှင်တစ်ဦးအတွက် ကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ပိုင်ရှင်တစ်ဦးအတွက် ကျပ်သိန်း ငါးနှစ်စာအထိ သုံးစွဲ၍ရသည်။ နှစ်နှစ်တစ်ကြိမ်ပြိုင်ရသည့် ဆီးဂိမ်းတစ်ခုက အောင်မြင်သူ၏ ဘဝအာမခံချက်အတွက် ချီးမြှင့်ပေးရာရောက်သည်ဟု ခံယူသင့်ပါသည်။

**နိုင်ငံတော်ဘက်က ငွေကြေးမနေပြည့်စုံနေ၍လည်းမဟုတ်၊ အားကစားသမားဘက်ကလည်း ငွေကြေးမက်မော၍ ယှဉ်ပြိုင်ခြင်းလည်းမဟုတ်ပါ။** နိုင်ငံအတွက်ကြိုးစား စိတ်ဓာတ်ကောင်းလာအောင် အားပေးမြှင့်တင်ခြင်း moral up ဖြင့် လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်ဆည်းလိုက်ခြင်းဟု မြင်မိပါသည်။

## ဝဏ္ဏကျော်ထင်ဘွဲ့နှင့် လူမှုထူးချွန်များ ချီးမြှင့်ပေးခဲ့

နိုင်ငံတော်က ဂုဏ်ပြုမှုများကိုလည်း ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ငါးခုအထက်ရရှိခဲ့ကြသူ အားကစားသမားများအနက်မှ ၂၄ ဦးကို **"လူမှုထူးချွန် ပထမအဆင့်"**ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်ပါသည်။

ခေတ်အဆက်ဆက် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့သူများနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်းငါးသောင်း၊ ကြေးတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း ချီးမြှင့်ပေးအပ်လျက်ရှိပြီး အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ၁၀ ခု အထက်ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်းငါးသောင်း၊ ရွှေတံဆိပ်ငါးခုမှ ကိုးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် တစ်သိန်း၊ ရွှေတံဆိပ်တစ်ခုမှ လေးခုအထိ ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ခုနစ်သောင်း၊ ငွေတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် ငါးသောင်း၊ ကြေးတံဆိပ်တစ်ခု ရရှိခဲ့သူဖြစ်ပါက လစဉ်ချီးမြှင့်ငွေကျပ် သုံးသောင်းတို့ကို ပေးအပ်ချီးမြှင့်လျက်ရှိပါသည်။

**ယနေ့အထိ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားဟောင်းကြီး ၂၃၀ ဦးအား လစဉ် ၁၅၅၁၀၀၀၀/-(ကျပ်တစ်ရာငါးဆယ့်ငါးသိန်းတစ်သောင်းတိတိ)အား ပံ့မှန်ထောက်ပံ့ပေးအပ်လျက်ရှိသည်။**

လိုအပ်နေသည့်ကွက်လပ်များကား ရှိနေဦးမှာဖြစ်သော်လည်း နိုင်ငံလက်ရွေးစင် ၁၀၀၊ အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေရပါက တစ်ဦးလျှင် ကျပ်သိန်း ၁၀၀၊ ငွေရပါကကျပ်သိန်း ၇၀၊ ကြေးရပါက ကျပ် ၃၅ သိန်း၊ နည်းပြ/အုပ်ချုပ်သူများအတွက်မူ ရွှေရပါက ကျပ်သိန်း ၁၀၀၊ ငွေရပါက ကျပ်သိန်း ၅၀၊ ကြေးရပါက ကျပ်သိန်း ၃၀ သိန်း စသည်ဖြင့် အသီးသီးချီးမြှင့်ခံကြရသည်။ ဗိုလ်လုပွဲနွှဲခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းဆိုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ အကြိုဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့သည့် အမျိုးသားဘောလုံးအသင်းကတော့ ဒေါ်လာ ၂၀၀၀၀ စသည်ဖြင့် ထိုက်ထိုက်တန်တန် ချီးမြှင့်ခံခဲ့ရသည့် သတင်းများကား မိဘပြည်သူများအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာများပင်ဖြစ်သည်။

ဆုကြေးငွေများအနေဖြင့် စုစုပေါင်းငွေကျပ် ၃၃၃၃ သန်း၊ အမေရိကန်ဒေါ်လာ ၇၀၀၀၀ ဟူသော ပမာဏမှာ ချီးမြှင့်မှုသမိုင်းတစ်လျှောက် များပြားသော ပမာဏတစ်ခုဖြစ်သည်။ ယခုတစ်ကြိမ် ချီးမြှင့်မှုပုံစံသည် အားကစားသမားများ၏ ရေရှည်ဘဝအာမခံချက်အတွက်လည်း တစ်ပိုင်းတစ်စဖြည့်ဆည်းရာရောက်သည်ဟု ဆိုချင်သည်။ ဥပမာ. . . ကစားသမားတစ်ဦးရရှိသည့် ချီးမြှင့်ငွေ သိန်း ၃၀၀ ဆိုပါစို့ တစ်လ ငါးသိန်းသုံးသွားမည်ဆိုလျှင် လပေါင်း ၆၀၊

**နိုင်ငံတော်ဘက်က ငွေကြေးမနေပြည့်စုံနေ၍လည်းမဟုတ်၊ အားကစားသမားဘက်ကလည်း ငွေကြေးမက်မော၍ ယှဉ်ပြိုင်ခြင်းလည်းမဟုတ်ပါ။ နိုင်ငံအတွက်ကြိုးစားဂုဏ်ဆောင်ခဲ့သူများဖြစ်၍ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းသည်ပင် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ခံယူ၍ဖြစ်ပါသည်။ ထို့ကြောင့် ဆီးဂိမ်းတစ်ခုနှင့်တစ်ခုအကြား နှစ်နှစ်အတွင်းမှာ လုပ်နိုင်ကိုင်နိုင်သမျှ ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးစားလေ့ကျင့်ပါက နောင်ပြိုင်ပွဲများစွာအထိ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သလို မိမိတို့၏ ဘဝအာမခံချက်သည်လည်း စဉ်ဆက်မပြတ်ပြည့်ဝလာမည်ဟု ယုံကြည်ပါသည်။**

ဂုဏ်ဆောင်ခဲ့သူများဖြစ်၍ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်းသည်ပင် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ခံယူ၍ဖြစ်ပါသည်။ ထို့ကြောင့် ဆီးဂိမ်းတစ်ခုနှင့်တစ်ခုအကြား နှစ်နှစ်အတွင်းမှာ လုပ်နိုင်ကိုင်နိုင်သမျှ ခွန်အားအပြည့်ဖြင့် ဆက်လက်ကြိုးစားလေ့ကျင့်ပါက နောင်ပြိုင်ပွဲများစွာအထိ အောင်မြင်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သလို မိမိတို့၏ ဘဝအာမခံချက်သည်လည်း စဉ်ဆက်မပြတ်ပြည့်ဝလာမည်ဟု ယုံကြည်ပါသည်။ ဂုဏ်ပြုမှုဖြင့် ထိုက်တန်သူများကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုခြင်းဖြင့် ပို၍ပို၍ သတိရမိသေးသည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအနက်မှ ဝဏ္ဏကျော်ထင်ဘွဲ့ ၂၁ ဦး၊ လူမှုထူးချွန် ပထမအဆင့် ၃၆ ဦး၊ လူမှုထူးချွန် ဒုတိယအဆင့် ၃၉ ဦး၊ လူမှုထူးချွန် တတိယအဆင့် ၆၉ ဦးအား ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ပြင် ၂၀၂၂ ခုနှစ် (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့အောင်မြင်မှုဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကို အသက် ၆၀ ပြည့်မြောက်သည့်အချိန်မှစ၍ (နိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာကဲ့သို့) သက်ရှိထင်ရှားရှိနေသမျှ ကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းသိရပါသည်။ နိုင်ငံတော်က လစဉ်ချီးမြှင့်ထောက်ပံ့ငွေပေးအပ်မှုအခြေအနေကို ဖော်ပြရလျှင် အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်တစ်ခု ရယူပေးနိုင်ပါက လစဉ်ချီးမြှင့်ငွေကျပ် နှစ်သိန်း၊ ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ပါက အားကစားသမားများအတွက် ဘဝအာမခံချက်ရရှိရေး၊ ထိုက်သင့်သည့်ချီးမြှင့်ငွေနှင့် ရပိုင်ခွင့်များကို ဆက်လက်ဖြည့်ဆည်းပေးရမည်ဟု ခံယူထားချက်များရှိပြီးဖြစ်သည်ဟု သိရှိရသည့်အတွက် များစွာအားတက်မိပါသည်။ နိုင်ငံ၏အားကစားလောကနှင့် လက်ရွေးစင်အားကစားသမားများ၏ ဘဝအာမခံချက်ကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအမြင်နှင့် ဆက်စပ်စဉ်းစားကြည့်မိသည်။ နိုင်ငံလက်ရွေးစင်ဖြစ်ခဲ့ဖူးသူများကို နောင်မျိုးဆက်များအတွက် နည်းပြများအဖြစ် မမြင်သင့်ဘူးလား။ ကိုယ့်လူမျိုးကိုယ့်လူငယ်တွေအတွက် တာဝန်ယူ၊ တာဝန်ခံ ပေးမည့် အောင်ပွဲဆာလောင်သည့် ကိုယ့်လူမျိုးနည်းပြများကိုပင် အစဉ်အဆက် နည်းပြတာဝန်ပေးခြင်းဖြင့် အစဉ်ဖွံ့ဖြိုးတိုးတက်နေမည့် အားကစားစက်ဝန်းကို အိပ်မက်မက်နေမိသည်။




(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသော (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်အားကစားသမားများအား တာဝန်ရှိသူများနှင့်ပြည်သူများက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

## ထင်ရှားအောင်မြင်ခဲ့သည့် မြန်မာ့အားကစား ပြန်လည်နိုးထရန်အခါကောင်း

တစ်ချိန်က မြန်မာ့အားကစားလောကနှင့် မြန်မာ့အားကစားနည်းအချို့သည် မြန်မာနှင့်ကမ္ဘာတွင်ပါ လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့သည်၊ **စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

အားကျအတုယူဖွယ်ရာများ ရှိခဲ့သည့် အကြောင်းများစွာကို အားကစားမော်ကွန်းများတွင် ရေးထိုးခဲ့ကြဖူးသည့် မှတ်တမ်းများစွာအား တွေ့မြင်ဖူးကြပါလိမ့်မည်။ နောက်တော့ မြန်မာ့အားကစား တဖြည်းဖြည်းပြန်လည်မှေးမှိန်သွားရပြန်သည်မှာ ကာလအတော်ကြာခဲ့သည်။ ယခုနှစ် ယခုကာလ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာတော့ မြန်မာ့အားကစားလောက ပြန်လည်နိုးထမှုတစ်ခုကို တွေ့မြင်လိုက်ရသလို အားလုံးကခံစားမိကြသည်။

တစ်ချိန်က မှတ်တမ်းကောင်းများရှိခဲ့သည့် ဗဟာဒူး၊ အေးမောင်လေး၊ အေးမောင်ကြီး၊ သန်းတိုးအောင်၊ မျိုးလှိုင်ဝင်းတို့ ထင်ရှားခဲ့သည့် မြန်မာ့ဘောလုံးလောက၊ ဘော်လီဘော၊ လက်ဝှေ့၊ အလေးမ ကျော်သက်၊ ဂျူဒို၊ ဂျိမ်ဖာသန်းသန်းတို့လို ပြေးခုန်ပစ် လက်ရွေးစင်များပေါ် ထွန်းခဲ့ဖူးရာ အားကစားနည်းများ ပြန်လည်ထွန်းတောက်လာရေး ရှုန်းထအားယူရန်၊ အထူးသဖြင့် မြန်မာလူမျိုးတို့သည်းခြေကြိုက် ဘောလုံးကစားပြိုင်ပွဲများ ထူးထူးချွန်ချွန်ဖြင့် ပြန်လည်အောင်မြင်မှုများရရှိလာရန်၊ နောက်ဆုံးနိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးစားကြရန်လိုအပ်ပုံများကို နိုင်ငံအကြီးအကဲ၏ လမ်းညွှန်မှာကြားချက်တွင်တွေ့ရသည်က အလေးထားဆောင်ရွက်ရန် ဦးတည်ချက်များပင်ဖြစ်သည်ဟု ခံယူထားရပါမည်။

**နိုင်ငံချစ်စိတ် မျိုးချစ်စိတ်နှင့်ယှဉ်၍**

တကယ်တော့ မြန်မာ့အားကစားလှုပ်ရှားမှုကို မြန်မာ့အမျိုးသားရေးလက္ခဏာများနှင့် ယှဉ်စပ်ထင်ဟပ်ပြီး အမျိုးသားရေးလှုပ်ရှားမှုအသွင် တန်ဖိုးထားဆောင်ရွက်နေသည်ဟုလည်း ယူဆပါသည်။ ယခုလိုချီးမြှင့်ထောက်ပံ့ခြင်းများ အပါအဝင် အားကစားကဏ္ဍကိုမြှင့်တင်ခြင်းပုံစံအမျိုးမျိုးသည်ပင် နိုင်ငံတော်ကာကွယ်ရေးအတွက် အားတစ်ခု၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းလည်း မည်ပါသည်။

ယခုကဲ့သို့ နိုင်ငံအလိုက် အားကစားအောင်မြင်မှုတွင် ဇွဲ၊ လုံ့လ၊ စွမ်းဆောင်ရည်များနှင့်ထပ်တူ မျိုးချစ်စိတ်အခံလည်းပါမှ အောင်မြင်သကဲ့သို့ ထိုနိုင်ငံချစ်စိတ် မျိုးချစ်စိတ် အရင်းခံကြောင့်ပင် တစ်မျိုးသားလုံး၏ ဇာတိသွေးဇာတိမာန်ကို ရှင်သန်တက်ကြွစေပြန်ပါသည်။ အထူးသဖြင့် လူငယ်များ၏ နိုင်ငံနှင့်လူမျိုးအတွက် အောင်မြင်လိုစိတ် နိုင်လိုစိတ်ပြင်းပြမှု mind set ကို ပြုပြင်ပြောင်းလဲရာ ရောက်စေမည်ဖြစ်သည်။ ထိုမှတစ်ဖန် လူငယ်လူရွယ်များက အားကစားကို ပိုမိုစိတ်ဝင်စားလာကြပြီး ထူးချွန်ထက်မြက်သော အားကစားမျိုးဆက်သစ်များ၊ နိုင်ငံသားကောင်း အမြောက်အမြားကိုလည်း ပေါ်ထွက်လာစေမည်သာဖြစ်ပါသည်။

ယနေ့လူငယ်များ၏ အောင်မြင်မှုများက နောင်လာနောက်သား မျိုးဆက်များအတွက် အားကျအတုယူဖွယ်ရာ ဖြစ်ပါသည်။ ဆက်လက်ရှုန်းထကြမည့် အားမာန်များဖြင့် နိုင်ငံအတွက် အနာဂတ်မှာ ဆက်လက်သက်သေပြကြမည်ကို မြင်ယောင်နေမိပါသည်။ ယခုလို ဖိအားများကြား အချို့သော Amazing come back ပုံစံ ရှားရှားပါးပါး အောင်မြင်မှုမျိုးက နောင်မျိုးဆက်များအတွက် စံနမူနာပြဖြစ်နေသည်ကတော့ အသေအချာပင်ဖြစ်၍ ယနေ့လူငယ်များအတွက် စဉ်ဆက်မပြတ်အောင်မြင်မှုများ ဆက်တိုက်ရရှိရန် အားသာချက်များစွာကို ထပ်ဆင့်ပံ့ပိုးပေးပါလိမ့်မည်။

ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ရသမျှ အင်အားဖြင့် နောက်တစ်ကြိမ် ထိုင်းနိုင်ငံတွင်ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီးအထိ ဆက်လက်သယ်ဆောင်သွားကြမည်ဟု ပြည်သူတစ်ရပ်လုံးက ယုံကြည်ပြီးလည်းဖြစ်ပါသည်။ ထိုင်းနိုင်ငံသည် အရှေ့တောင်အာရှတွင် အားကစားအင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ်၍ ယခုကတည်းကပင် စုဖွဲ့လေ့ကျင့်မှုများ အပြင်းအထန်ပြုလုပ်ကြရပါတော့မည်။ သို့မှသာ ယနေ့အားကစား အောင်မြင်မှုမှတစ်ဆင့် နိုင်ငံနှင့်ပြည်သူအတွက် သွေးသစ်လောင်းနိုင်မည့် အစဉ်အလာကောင်းတစ်ခုကို မွေးဖွားနိုင်မည်ဖြစ်ကာ နိုင်ငံအတွက် အတိတ်နိမိတ်ကောင်း များစွာကိုလည်း သယ်ယူဆောင်ကြဉ်းပေးနေမည်ဖြစ်သည်ဟု ယုံကြည်မိပါသည်။ ။

**မိုးကေနိုင်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာ

၁။ မြန်မာနိုင်ငံတွင် မေ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA-011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA-0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ ကြေညာရာတွင် အခြားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေးကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR ကို Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အားရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay နှင့် OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေးဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR ကို Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်ကိုရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်မြူမြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၂-၆-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှပ်မထ | ဧမိုန် | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၅၀၀ | ၂၂၀၀ | ၁၂၈၀၀ | ၁၃၉၀၀ | ၂၈၀၀ | ၅၀၀၀-၅၆၀၀ | ၁၄၀၀ | ၈၉၀၀ | ၁၆၀၀၀-၁၇၈၀၀ | ၉၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀ | ၂၇၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၅၀၀၀ | ၃၂၀၀ | - | ၁၃၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၈၀၀ | ၇၀၀၀-၇၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | တောင်ကြီး | ၄၄၅၀ | ၂၃၅၀ | ၂၂၀၀ | ၁၂၀၀၀-၁၃၅၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၈၀၀ | ၅၀၀၀-၆၀၀၀ | ၂၂၀၀ | ၁၆၀၀၀ | ၁၅၀၀၀-၁၆၀၀၀ | ၉၀၀၀ | ၂၃၀၀၀ | ၂၅၀ | ၃၅၀ |
| ၅ | ပုသိမ် | ၃၆၅၀ | ၂၇၅၀ | - | ၁၄၀၀၀-၁၅၀၀၀ | ၁၅၀၀၀-၁၈၀၀၀ | ၂၃၀၀ | ၅၀၀၀-၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၂၁၀၀၀-၂၃၀၀၀ | ၂၈၀ | ၃၅၀ |
| ၆ | မုံရွာ | ၄၂၀၀ | ၂၅၀၀ | ၁၉၀၀ | ၁၂၅၀၀-၁၃၀၀၀ | ၁၆၀၀၀-၁၇၀၀၀ | ၂၂၀၀ | ၅၀၀၀-၆၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၆၀၀၀ | ၁၈၀၀၀-၂၀၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | တောင်ငူ | ၄၆၀၀ | ၃၀၀၀ | ၂၂၀၀ | ၁၄၀၀၀-၁၅၀၀၀ | ၂၀၀၀၀-၂၃၆၀၀ | ၂၅၀၀ | ၅၀၀၀-၅၆၀၀ | ၂၃၀၀ | ၉၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀-၁၂၀၀၀ | ၂၅၀ | ၃၀၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# ၂၀၂၃ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ ကျင်းပပြီးစီးခဲ့သော ၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်များ၊သာသနာနွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များဝင်ရောက်ဖြေဆိုကြရာ ပထမကြီးတန်းတွင် ဖြေဆိုသူ ၆၇၅၅ ပါး၊ ဦးအနက် ၁၇၂၉ ပါး၊ ဦး အောင်မြင်၍ ၂၆ ရာခိုင်နှုန်း၊ပထမလတ်တန်းတွင် ဖြေဆိုသူ ၅၂၀၁ ပါး၊ ဦးအနက် ၂၅၂၉ ပါး၊ ဦးအောင်မြင်၍ ၄၉ ရာခိုင်နှုန်း၊ပထမငယ်တန်းတွင် ဖြေဆိုသူ ၁၃၅၇၃ ပါး၊ ဦးအနက် ၆၄၃၈ ပါး၊ ဦးအောင်မြင်၍ ၄၈ ရာခိုင်နှုန်း၊အခြေပြုမူလတန်းတွင် ဖြေဆိုသူ ၂၀၅၇၁ ပါး၊ ဦးအနက် ၁၁၂၉၄ ပါး၊ ဦး အောင်မြင်၍ ၅၅ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၈၄ ခုနှစ်(၂၀၂၃ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ပုဂ္ဂိုလ်များအနက် အတန်းအသီးသီး၌ ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

**ပထမကြီးတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမကြီးတန်း ပထမ (ပထမကျော်) | စက-၂၁၇ | အရှင်ကုဏ္ဍဓိရာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၂။ | ပထမကြီးတန်း ဒုတိယ | စက-၂၁၁ | အရှင်ဓမ္မရတာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၃။ | ပထမကြီးတန်း တတိယ | စက-၂၂၆ | အရှင်ဥာဏသိရီလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၄။ | ပထမကြီးတန်း (သီလရှင်) ပထမ | စက-၃၂၈ | မဈာနပဘာ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

**ပထမလတ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမလတ်တန်း ပထမ | စက-၅ | အရှင်ဓာဂရဓမ္မာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၂။ | ပထမလတ်တန်း ဒုတိယ | ဟ-၁၆ | အရှင်ဝါသေဋ္ဌ | မြစ်ကွေ့ပရိယတ္တိစာသင်တိုက်၊ ဟသ်ာတမြို့ |
| ၃။ | ပထမလတ်တန်း တတိယ | စိန်-၃ | အရှင်စန္ဒသိရီလင်္ကာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့ |
| ၄။ | ပထမလတ်တန်း (သီလရှင်) ပထမ | စက-၁၈၁ | မဇေဝနဉာဏီ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

**ပထမငယ်တန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမငယ်တန်း ပထမ | စိန်-၉ | ရှင်ပညာနန္ဒာဓာရ | ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့ |
| ၂။ | ပထမငယ်တန်း ဒုတိယ | စက-၇၆ | အရှင်ဝေဠုရိယာလင်္ကာရ | မြစကြာကျောင်းတိုက်၊ စစ်ကိုင်းတောင်ရိုး |
| ၃။ | ပထမငယ်တန်း တတိယ | ညတ-၃၃ | ရှင်ပဏ္ဍာဝ | တောင်ညိုစာသင်တိုက်၊ ညောင်တုန်းမြို့ |
| ၄။ | ပထမငယ်တန်း (သီလရှင်) ပထမ | ပသက-၁၁၅ | မကုန္ဒမာလာ | ချမ်းမြရိပ်သာ သီလရှင်စာသင်တိုက်၊ ပုသိမ်ကြီးမြို့ |

**အခြေပြုမူလတန်း**

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့တော် | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | အခြေပြုမူလတန်း ပထမ | ညတ-၄၁ | ရှင်ပဏ္ဍိတ | တောင်ညိုစာသင်တိုက်၊ ညောင်တုန်းမြို့ |
| ၂။ | အခြေပြုမူလတန်း ဒုတိယ | မုံ-၁၇၉ | ရှင်ဉာဏခေ | သာသနာ့ရောင်ခြည်ကျောင်း၊ မုံရွာမြို့ |
| ၃။ | အခြေပြုမူလတန်း တတိယ | နတ်-၄၇ | ရှင်စာရိတ္တ | ဒီပင်္ကရာကျောင်းတိုက်၊ နတ်မောက်မြို့ |
| ၄။ | အခြေပြုမူလတန်း (သီလရှင်) ပထမ | စက-၆၅၀ | မတိက္ခဉာဏီ | သကျဓိတာသီလရှင် စာသင်တိုက်၊ စစ်ကိုင်းတောင်ရိုး |

၁၃၈၄ ခုနှစ် (၂၀၂၃ ခုနှစ်) အစိုးရပါဠိပထမပြန်စာမေးပွဲအောင်စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mmနှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mmတို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ



သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့သောဒေသများတွင် တပ်မတော်မှကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂**

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လဲကျနေသော သစ်ပင်သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကိုးတန်ကောက်ကျေးရွာ၌ ဒေသခံပြည်သူများကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရွာသစ်ကေကျေးရွာ၌ လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်းခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ကျောက်တော်မြို့နယ်သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ခေါင်းတုတ်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လမ်းဘေးဝဲယာမှ လဲကျနေသော သစ်ပင်သစ်ကိုင်းခုတ်ထွင် ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့်အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**နေပြည်တော် ဇွန် ၂**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့်စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက်သက်သာဈေးနှုန်းများဖြင့်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများက စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ တည်ထားကိုးကွယ်အပ်သော ဇမ္ဗူအေးစေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ် ပြန်လည်တင်လှူပူဇော်ခြင်း အောင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ တည်ထားကိုးကွယ်အပ်သော ဇမ္ဗူအေးစေတီတော်မြတ်ကြီးကို ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ် ပြန်လည်တင်လှူပူဇော်ခြင်းအောင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်၌ပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အတုလရန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း၊ ပြည်နယ်ဝန်ကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အလှူရှင်များနှင့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။



**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အတုလရန်အောင်ကျောင်းဆရာတော် ဘဒ္ဒန္တကောသလ္လထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်း စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းစဉ်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုကြပြီး အတုလရန်အောင်ကျောင်းဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အတုလရန်အောင်ကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် အလှူရှင်တစ်ဦးက အလှူငွေကျပ် သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက ရွှေသင်္ကန်းဆက်ကပ်ခြင်း၊ ရွှေထီးတော်တင်လှူခြင်းတို့အတွက် ဆောင်ရွက်ပေးခဲ့ကြသော "သိဒ္ဓိရှင်" ရွှေဆိုင်း၊ ကြေးပြားကပ်၊ ရွှေချနှင့် ရွှေမိုက်လုပ်ငန်းကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

၎င်းနောက် သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်မြတ်အား လက်ယာရစ် သုံးပတ်လှည့်လည်ပင့်ဆောင်ပူဇော်ခဲ့ကြပြီး စေတီတော်အထွတ်သို့ တင်လှူပူဇော်ခဲ့ကြကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။ ဆက်လက်၍ အတုလရန်အောင်ကျောင်းဆရာတော်နှင့် တိုင်းမှူးတို့က ဇမ္ဗူအေးစေတီတော် ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြပြီး ဇမ္ဗူအေးစေတီတော်မြတ်ကြီးအား သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဒုတိယကမ္ဘာစစ်အပြီး ပြန်လည်တည်ထားကိုးကွယ်ခြင်း (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဒုတိယကမ္ဘာစစ်အပြီး ပြန်လည်တည်ထားကိုးကွယ်ခြင်း (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ အဆိုပါစေတီတော် ရင်ပြင်တော်ပေါ်၌ပြုလုပ်ရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ် မင်္ဂလာအခမ်းအနားကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အထိမ်းအမှတ်အဖြစ်ပူဇော်မည့် မြတ်စွာဘုရားဆင်းတုတော်နှင့် ဘုရားလောင်းဖွားမြင်ခြင်းရုပ်တု၏ ကမ္ပည်းကျောက်စာတို့ကို တိုင်းမှူးက စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။ ထို့နောက် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘိလပ်ပြန် နန်းဦးဘုရားကြီးတန်ဆောင်း၌ ဒုတိယကမ္ဘာစစ်အပြီး ပြန်လည်တည်ထားကိုးကွယ်ခြင်း (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ်အဖြစ် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃပူဇာ ရေစက်ချမင်္ဂလာကိုကျင်းပရာ တိုင်းမှူးနှင့် တက်ရောက်လာကြများက ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တသုန္ဒရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ၎င်းနောက် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဒွိပိဋကရေ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်က မင်္ဂလာစကားမိန့်ကြားသည်။ ယင်းနောက် ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်တစ်ဦးက အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ တင်ပြလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)ထံ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က အင်္ဂလိပ်ဘာသာပြန် ပိဋကသုံးပုံ ငါးစုံနှင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းသော ပဋ္ဌာဝဂ္ဂိငါးပါးကို တရားဦးဓမ္မစကြာ ဟောကြားတော်မူသော မြတ်စွာဘုရားဆင်းတုတော် သီတင်းသုံးမည့် ကျောင်းဆောင်သစ်ကို လွှဲပြောင်းအပ်နှံကြပြီး ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိက အလှူရှင်မိသားစုကို ထုတိမင်္ဂလာဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော်များကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများက (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ် မင်္ဂလာအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

# မုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်း



**အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးထံ အလှူရှင်များက မုန်တိုင်းသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။**

**နေပြည်တော် ဇွန် ၂**

မုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ရွှေလီဧည့်ခန်းမဆောင်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ သဘာဝဘေးအန္တရာယ်ကြိုးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ နယ်မြေခံ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသား စေတနာရှင်အလှူရှင်များ၊ လုပ်ငန်းရှင်များကလှူဒါန်းသည့် အလှူငွေကျပ် ၃၅၁၉ သိန်း ၆ သောင်းနှင့် ထောက်ပံ့ပစ္စည်းများဖြစ်သည့် အကာကွယ်ဝတ်စုံ၊ ခွဲစိတ်သုံးဝတ်စုံ၊ ဆေးရုံသုံးဦးထုပ် စသည့် ပစ္စည်း ၁၆ မျိုးတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၃-၆-၂၀၂၃ (စနေနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၁း၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၄း၃၀ | လေ့လာမှတ်သား ရိုးရာစကားပုံများ |
| ၄။ | ၁၆း၀၀ | ကမ္ဘာကျော်တို့ အနုပညာခရီး |
| ၅။ | ၁၈း၂၀ | Thazin Request Song |

# ၂၀၂၃-၂၀၂၄ ခုနှစ် ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများ ဆက်လက်ဖွင့်လှစ်သင်ကြား



ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် ဇွန် ၂**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ယနေ့တွင်လည်း ဆက်လက်ဖွင့်လှစ်၍ သက်ဆိုင်ရာအတန်းအလိုက်သင်ခန်းစာများ သင်ကြားပို့ချပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၇၅၇ ကျောင်း၊ ဘုန်းတော်ကြီးသင်ကျောင်း စုစုပေါင်း ၂၈ ကျောင်း၊ ကိုယ်ပိုင်ကျောင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်း စုစုပေါင်း ၁၄ ကျောင်း စုစုပေါင်း ၇၉၉ ကျောင်းတို့ပြန်လည်ဖွင့်လှစ်ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ဦးရေ ၂၂၀၂၇၀ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

နိုင်ငံတစ်ဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများတွင်လည်း ကျောင်းသား၊ကျောင်းသူများက ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များအညီနှင့် အေးချမ်းစွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၆၅၀၇၀၉၇ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းနှင့် ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများကိုသင်ရိုးညွှန်းတမ်းစာအုပ်များအခမဲ့ထုတ်ပေးပြီး ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များကို အခမဲ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက စာသင်ခန်းများတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ စာသင်ခုံများ နေရာချထားခြင်း၊ စာသင်ချိန်များကို စနစ်တကျစီမံထားခြင်း၊ ကျောင်းကြိုပို့ယာဉ်များ စီစဉ်ထားခြင်း၊ ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေး စသည့်ကြိုတင်ပြင်ဆင် ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြသည်။

ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား မိဘများ ယာဉ်အန္တရာယ်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက်လည်း လုံခြုံရေးတပ်ဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ ရပ်ရွာအခြေပြု ပြည်သူ့လူထုလုံခြုံရေးအဖွဲ့များပူးပေါင်း၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးအားပေးစကားများပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးချုပ်နေဝင်းအောင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးစဉ်။

# KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ကြာအင်းဆိပ်ကြီးမြို့၌ သံဃာတော် တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၂**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးကို ယနေ့နံနက်ပိုင်းတွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့်PDFအမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bombများကြဲချမှုကြောင့် သံဃာတော် တစ်ပါးနှင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။







ဖြစ်စဉ်မှာ ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆)ရပ်ကွက်ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးကို ယနေ့နံနက် ၅ နာရီခန့်တွင် KNLA တပ်မဟာ(၆)မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ အရှေ့တောင်ဘက် မီတာ ၂၀၀ ခန့်အကွာ ရပ်ကွက်အတွင်းမှနေ၍ လက်နက်ကြီး၊လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များကြဲချခဲ့သဖြင့် အဆိုပါရပ်ကွက်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းမှသံဃာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးကာ သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့်ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

KNLAတပ်မဟာ(၆)မှ အကြမ်းဖက်မှုကိုလိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊လက်နက်ငယ်များ၊Drop Bomb များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသူများ မှတ်တမ်းဓာတ်ပုံ။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ နေထိုင်ရာမြို့အတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး Dorp Bomb များကြဲချခဲ့သည့်အကြမ်းဖက်သမားများကို ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မြို့မ)ကို လက်လုပ်ရိုမှုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲ

**နေပြည်တော် ဇွန် ၂**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးကဏ္ဍမြင့်မားတိုးတက်စေရန်နှင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာရရှိနိုင်စေရန်အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

သို့ရာတွင် CRPH၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့်၎င်းတို့ကိုအကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မြို့မ)တွင် အေးချမ်းစွာပညာသင်ကြားလျက်ရှိသော ကလေးသူငယ်များ အထိတ်တလန့်ဖြစ်စေရန် ကျောင်းဝင်းပေါက်အနီး၌ လက်လုပ်ရိုမှုမိုင်း နှစ်လုံးဖြင့် ဖောက်ခွဲခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ကျောင်းအဆောက်အအုံနှင့် ကျောင်းသား၊ ကျောင်းသူများ ပျက်စီး၊ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့်အဆိုပါကျောင်းတွင် ဆရာ၊ ဆရာမ ၁၆ ဦး၊ ကျောင်းသား၊ကျောင်းသူ ၁၃၉ ဦး စုစုပေါင်းဦးရေ ၁၇၀ ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့အနာဂတ်လူငယ်လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ မိုင်းထောင်ဖောက်ခွဲခဲ့သူများကို အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။



CRPH၊ NUG အကြမ်းဖက်အဖွဲ့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(မြို့မ)ကို လက်လုပ်ရိုမှုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲမှုမှတ်တမ်းဓာတ်ပုံ။

# ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ရရှိ



**ဘိုကလေး ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှို ဝယ်လိုအားကောင်းပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ကလျာက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် မတ်လနှင့်ဧပြီလက စိုက်ပျိုးရေးကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀ ထိသာ ပေါက်ဈေးရှိခဲ့ပြီး မေ ၁ ရက်မှ ယနေ့ထိ ကောက်ရိုးမှိုတစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဈေးကောင်းရရှိလာခြင်းသည် ကောက်ရိုးမှိုစိုက်ပျိုးသူ နည်းလာခြင်းနှင့် ကောက်ရိုးမှိုဝယ်လိုအားများနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ကောက်ရိုးမှိုတစ်ပိဿာကို ငွေကျပ် ၁၁၀၀၀ ထိ ဈေးကောင်းရနေပါတယ်။ ဈေးကောင်းရရှိနေတဲ့အတွက် စိုက်ပျိုးသူတွေ တွက်ခြေကိုက်နေပါတယ်။ ကောက်ရိုးမှို စိုက်တဲ့သူနည်းတော့ အထွက်နည်းနေပါတယ်။ စားသုံးမှုနှုန်းကတော့တက်နေတယ်လို့ ပြောလို့ရပါတယ်။ ဒါ့ပြင် ဈေးကွက်ဝယ်လိုအားကောင်းနေတော့ မှိုဈေးကောင်းရရှိနေတာ ဖြစ်ပါတယ်။ မနှစ်ကလဲ ကိုဗစ်ကြောင့်ဈေးကွက်မကောင်းခဲ့တော့ ဒီနှစ် ဈေးမကောင်းလောက်ဘူးထင်ပြီး နည်းနည်းပဲ စိုက်ခဲ့ကြတော့ အထွက်နှုန်းနည်းပြီး ဈေးရနေတာလဲဖြစ်ပါတယ်။ ကုန်ပစ္စည်းက လိုသလောက်မရတဲ့ထိ ဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်ကလျာက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် စိုက်ပျိုးရေးကောက်ရိုးမှိုများကို ကျေးရွာ ၁၃ ရွာမှ တောင်သူများက စိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် ၁၅ ပေပတ်လည် ပေါင် ၁၅ ပေါင်မှ ပေါင် ၅၀ ထိ စိုက်ပျိုးကြကြောင်း၊ အဆိုပါ ကောက်ရိုးမှိုများသည် စိုက်ပျိုးပြီးသည့်ရက်မှ ၁၅ ရက်ကြာလျှင် တစ်ကြိမ်ခူးဆွတ်ရပြီး ရောင်းတမ်းဝင်သည်ထိ တစ်ပေါင်လျှင် အထွေထွေကုန်ကျစရိတ် ငွေကျပ် ၇၅၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

"ဒီနှစ်မှာ မနှစ်ကထက်စိုက်ပျိုးရေးကောက်ရိုးမှိုက ဈေးပိုရနေပါတယ်။ ဒေသထွက် ကောက်ရိုးမှိုတွေကို စိုက်ခင်းတွေထိ ကုန်ပစ္စည်းရဖို့ လာရောက်ဝယ်ယူနေကြပါတယ်။ အခုလို လာရောက်ဝယ်ယူတဲ့အတွက် မှိုစိုက်တဲ့သူတွေလဲ အဆင်ပြေပါတယ်။ ဝယ်လိုအားကောင်းတော့ ဒီနှစ်အဖို့ ကောက်ရိုးမှိုစိုက်တဲ့တောင်သူတွေ အဆင်ပြေတဲ့နှစ် ဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ကောက်ရိုးမှိုစိုက်ပျိုးသည့် လုပ်ငန်းလုပ်ကိုင်သူ ဒေါ်သင်းသင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# စေတုတ္တရာမြို့နယ် ထမင်းချက်ကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**စေတုတ္တရာ ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက် နံနက်ပိုင်းက ကောင်းကြီးကျေးရွာအုပ်စု ထမင်းချက်ကျေးရွာရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လဲ့လဲ့မွန်က သင်တန်းစည်းမျဉ်းစည်းကမ်းများနှင့် သင်တန်းမှရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် သင်တန်းနည်းပြက သင်တန်းတွင်သင်ကြားပေးမည့် ဒီဇိုင်းဘာသာရပ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုအခြေခံစက်ချုပ်သင်တန်းသို့ စေတုတ္တရာမြို့နယ်အတွင်းရှိ ထမင်းချက်ကျေးရွာ၊ ကောင်းကြီးကျေးရွာ၊ မကြီးစုကျေးရွာနှင့် ဖအိုင်းကျေးရွာတို့မှ သင်တန်းသူဦးရေ ၃၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြနှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်ထိ တစ်လကြာအခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုညို**

# ဟိုပန်ခရိုင်၌ ဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားရေး စာရင်းကိုင်သင်တန်းဆင်း

**ဟိုပန် ဇွန် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေး စာရင်းကိုင်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့တွင် အဆိုပါဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးတင်မောင်စိုးက ဌာနတွင်းဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြှင့်မားလာစေရန်၊ ရုံးလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းများသွက်လက်မြန်ဆန်လာစေရန်၊ ရုံးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စာရင်းဇယားများကို ပိုမိုကျွမ်းကျင်တတ်မြောက်လာစေရန် ရည်ရွယ်၍ စာရင်းကိုင်သင်တန်းကို ဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးပါက ရုံးလုပ်ငန်းများ ပိုမိုကျွမ်းကျင်လျင်မြန်စွာ လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူသည်။

အဆိုပါဝန်ထမ်းများစွမ်းဆောင်ရည်မြှင့်မားရေး စာရင်းကိုင်သင်တန်းသို့ ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကျွမ်းကျင်နည်းပြများက စာရင်းဇယားရေးဆွဲနည်းနှင့် ပတ်သက်သည့်သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ဖြင့် မေ ၂ ရက်မှ မေ ၃၁ ရက်ထိ တစ်လကြာအခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်စိုးက ပြောပြ၍ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

## တို့မြန်မာပြည်

\- မြန်မာ့ဟန် မြန်မာ့ဓလေ့
တို့မမေ့ မြတ်နိုးဖွယ်၊
ကမ္ဘာဝယ် မြန်မာ့မျိုး
ဂုဏ်တိုးပါတယ်၊
မြန်မာ့သွေး ရဲရင့်တကယ်
မျိုးဘာသာရယ် လက်ဆင့်ကမ်း၊
မြန်မာစာ မြန်မာချစ်
အားသစ်တွေလွှမ်း။

\- ကိုးကွယ်ရာ မြတ်ဗုဒ္ဓ
အေးချမ်းစွ တို့ရွှေပြည်၊
စိတ်ကောင်းဝင် မေတ္တာလွှမ်း
အေးချမ်းလျက်တည်၊
အလှစစ်ရှိပါသည်
စည်းလုံးညီ ဥမကွဲ၊
ပြည်မြန်မာ ဂုဏ်သတင်း
ထုံသင်းလို့မြဲ။

\- မြန်မာပြည် မင်္ဂလာရှိ
သာယာဘိ ငြိမ်းချမ်းမှန်၊
ပျော်စရာ နေရာများက
များပြားပြည့်လျှံ၊
တိုးတက်မည့် အရိပ်သဏ္ဌာန်
ပြည်အဓိဋ္ဌာန် ကြိုးစား၊
ရွှေပြည်တော် မြန်မာတန်ခိုး
ဖွံ့ဖြိုးစေသား။ ။

**မောင်မျိုးချစ်(အညာမြေ)**

# ရမည်းသင်းမြို့နယ်၌ Smart Village စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရမည်းသင်း ဇွန် ၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းကျေးရွာတွင် ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဆန်းက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အမှန်တကယ်ဆောင်ရွက်နိုင်သည့် ပုဂ္ဂိုလ်များသာ ရွေးချယ်ဖွဲ့စည်းရန်နှင့် လိုက်နာရမည့် စည်းကမ်းချက်များ၊ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်းကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြသည်။

ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းကျေးရွာ၌ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများပံ့ပိုးကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေး မြှင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးစသည့်ခေတ်မီစံပြကျေးရွာထူထောင်ရေး အဓိကလုပ်ငန်းစဉ် ခြောက်ရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကာယစွမ်းပကားနဲ့ ဉာဏစွမ်းပကားပြည့်ဝရင်

**မြင်းခြံကျော်အောင်**

လူတစ်ယောက် မဖြစ်မနေပြည့်ဝရမဲ့ စွမ်းပကား နှစ်ရပ်ရှိပါတယ်။ အဲဒါတွေကတော့ ကာယစွမ်းပကား နဲ့ ဉာဏစွမ်းပကားတွေပဲဖြစ်ပါတယ်။ အဲဒီနှစ်ရပ်နဲ့ ပြည့်စုံရင် ပြည့်စုံသူဟာ အသက်ရှည်အဆင်းလှသူ ဖြစ်ပြီး ပစ္စည်းဥစ္စာလဲ ကုံလုံကြွယ်ဝသူဖြစ်မှာပဲ။ အဲဒီအခါ အဲဒီလူဟာ လူ့ဘုံခမ်းဝါ လူတို့ရွာမှာ ကြည်ညိုလေးစားခံရသူဖြစ်ရုံမျှမက ဂုဏ်ယူဖွယ်ပုဂ္ဂိုလ် တောင် ဖြစ်သွားမှာပါ။ အဲဒီလူအမျိုးအစားတွေဟာ သာမန်လူ့လောကမှာလဲရှိကြပါတယ်။ ရာဇဝင်နဲ့ချီပြီး ပြောရရင်တော့ ကျန်စစ်သားမင်းကြီး၊ မဟာဗန္ဓုလ စစ်သူကြီးတို့ကို စံနမူနာထားပြောရမှာပါ။ ယနေ့ ကမ္ဘာမှာလဲ စီရော်နယ်ဒိုတို့၊ အောင်လအန်ဆန်းတို့လို ပုဂ္ဂိုလ်မျိုးတွေဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်တွေဟာ ကာယ စွမ်းပကားနဲ့ ထင်ရှားသူတွေပါ။ အဲဒီလိုပြည့်ဝအောင် လုပ်ကြရပါမယ်။ သိပ်ခက်တဲ့အလုပ်တွေတော့ မဟုတ် ပါဘူး။ အဲဒီမခက်ခဲတဲ့အလုပ်တွေကို ပထမဆွေးနွေး သွားပါမယ်။

**ကာယစွမ်းပကားပြည့်ဝအောင်**

စွမ်းပကားဆိုတာ သတ္တိ၊ ခွန်အားကိုဆိုလိုပါတယ်။ ကာယစွမ်းပကားဆိုရင် ကိုယ်ကာယအားဖြင့် သတ္တိ ရှိသူ၊ ခွန်အားဗလနဲ့ပြည့်စုံသူ၊ ကျန်းမာကြံ့ခိုင်သူ ဖြစ်ပါတယ်။ ယနေ့ မြန်မာတွေ ကာယစွမ်းပကား နဲ့ပြည့်ဝနေပြီလား။ ယေဘုယျပြောရရင် မပြည့်ဝကြ ဘူးလို့ အဖြေထွက်ပါတယ်။ အဲဒါ အခြားမကြည့်နဲ့ မြန်မာတို့ရဲ့လူ့သက်တမ်းကိုပဲကြည့် ၆၇ နှစ်ဝန်းကျင်ပဲ အသက်ရှည်ကြတယ်။ ကာယစွမ်းပကားရဲ့ အခြေခံ ဖြစ်တဲ့ အသက်တောင်မရှည်ကြဘူးဆိုတော့ ကာယ စွမ်းပကားနဲ့ပြည့်စုံဖို့ဆိုတာ ဝေးကောပဲ။

အဲဒါဘာကြောင့်ပါလဲ။ ကံ၊ စိတ်၊ ဥတုနဲ့ အာဟာရ တွေကြောင့်ဖြစ်ပါတယ်။ ကံဆိုတာအလုပ်ပါ။ ကောင်း တဲ့၊ တရားတဲ့၊ မှန်ကန်တဲ့အလုပ်တွေ မလုပ်ကြလို့ပါ။ စိတ်ကလဲ စိတ်ကောင်းစိတ်မြတ်မမွေးမြူနိုင်ကြလို့ပါ။ ဥတုကလဲ လူတို့ရဲ့ပြုမူမှုတွေကြောင့် ဖောက်ပြန် ပျက်စီးနေပြီ။ အာဟာရနဲ့ပတ်သက်ပြန်တော့လဲ အသီးအနှံအစားနည်းပြီး အသားငါးအစားများ နေကြတယ်။ အဆီအအိမ့်အချိုတွေ တအားစားနေ ကြတယ်။ အသောက်နဲ့ပတ်သက်လို့လဲ လက်ဖက် ရည်၊ ကော်ဖီနဲ့ အရက်ဘီယာတွေ လွန်လွန်ကဲကဲ သောက်ကြတယ်။ ဒ့ပြင် ဆေးလိပ်၊ ကွမ်းယာ၊ မူးယစ် ဆေးဝါးနဲ့ စိတ်ကိုပြောင်းလဲစေတဲ့ဆေးတွေကို လှိုင်လှိုင်သုံးစွဲနေကြတယ်။ အဲဒါတွေအားလုံး ပေါင်းဆုံလိုက်တော့ အသက်တိုကြရတယ်။ ခွန်အား ဗလ မပြည့်မဝဖြစ်ကြရတယ်။ ရောဂါဘယတွေ ထူရတယ်။

လွန်ခဲ့တဲ့အနှစ် ၁၀၀၀ လောက်က မြန်မာတွေ အသက်ရှည်ကြပါတယ်။ အနော်ရထာမင်းကြီးဟာ ကျွဲရိုင်းကို နှိမ်နင်းစဉ် နတ်ရွာစံတော့ သက်တော် ၇၅ နှစ်ရှိပါပြီ။ မင်းကြီးရဲ့ ဖခမည်းတော် ကြောင်ဖြူမင်းဟာ သက်တော် ၁၁၅ နှစ်ထိ အသက်ရှည်ခဲ့တယ်။ အသက်ရှည်ပြီး ခွန်အားဗလနဲ့လဲပြည့်ဝခဲ့ကြတယ်။ အဲဒါဘာကြောင့်ပါလဲ ကြည့်ကြရအောင်ပါ။ ကျန်စစ် သားမင်းကိုပဲ သာဓကထားတင်ပြသွားပါမယ်။

ကျန်စစ်သားမင်းဟာ ရာဇဝင်မှာ သံပရာသီးစား တာ၊ သခွားသီးစားတာသာ ဖော်ပြခဲ့တယ်။ ကြက်၊ ဝက်၊ ဘဲ၊ ငါး၊ နွား စတဲ့အသားတွေစားတာ မဖော်ပြ ခဲ့ဘူး။ အဲဒီတုန်းက ပုဂံပြည်သူတွေလဲ စိုက်ပျိုးရေး အဓိကထားလုပ်ကြတော့ စပါး၊ ပဲတွေ၊ ဟင်းသီးဟင်း ရွက်တွေပဲ စိုက်ကြစားကြတယ်။ ဒါကြောင့် လူတွေ ဟာ သန်မာတယ်၊ အသက်ရှည်ကြတယ်။

ကျန်စစ်သားဟာ ဆင်တစ်ရပ်ရှိတဲ့ ထီးလှိုင်ရှင် သူကြီးရဲ့ ယာစည်းရိုးကို ခုန်ကျော်ပြီးဝင်နိုင်တယ်။ သူ့အရိန္ဒမာလှံနဲ့ ခြုံထဲကိုပစ်လိုက်တာ သူ့ကိုသတ်ဖို့ ဘုရင်ကလွှတ်လိုက်တဲ့ ကုလားစစ်သည်ခုနစ်ယောက် ကို တသီးတတန်းကြီးထိုးမိသွားတယ်။ အဲဒီလှံ့ချက် ဘယ်လောက်ပြင်းသလဲ စဉ်းစားကြည့်။ လှံနဲ့ အမြဲ လေ့ကျင့်နေတယ်။ အခုန်၊ အပစ်၊ အထိုး ဒါတွေ အချိန်ရှိသမျှလေ့ကျင့်နေတယ်။ ဘုရင်ဖြစ်တော့ လှံချက်ကျတဲ့နေရာတွေမှာ ဘုရားတွေတည်ထားခဲ့ တာမနည်းဘူး။

ခွန်အားဗလနဲ့ပြည့်စုံတဲ့ ကျန်စစ်သားဟာ ဥဿ ပဲခူးကို ကျူးကျော်လာတဲ့ ကျွမ်းစစ်သည်တွေကို နိုင် အောင်တိုက်ခဲ့တယ်။ ငရမန်ရဲ့ ပဲခူးတပ်ကိုလဲ ချေမှုန်းပြီး အောင်ပန်းဆင်ခဲ့တယ်။ အဲဒီတော့ဘာဖြစ် လဲ။ မှူးကြီးမတ်ကြီးတွေက ဝိုင်းပြီးဘုရင်အဖြစ်တင် မြှောက်ကြတယ်။ ထီးနန်းအုပ်ချုပ်မင်းလုပ်ခဲ့ရတယ်။

ယနေ့ခေတ်မှာလဲ ကာယစွမ်းပကားထူးခြားသူ တစ်ယောက် ထင်ရှားကျော်ကြားခဲ့တယ်။ သူကတော့ ကမ္ဘာ့ဘောလုံးလောကမှာ အကောင်းဆုံးဘောလုံး သမားအဖြစ် ငါးကြိမ်အရွေးခံရသူ စီရော်နယ်ဒိုဖြစ်ပါ တယ်။ အခု သူ့အသက် ၃၈ နှစ်ရှိတာတောင် စွမ်းအား မကျသေးဘူး။ ပေါင်သန်းပေါင်းများစွာဝင်ငွေရှိတဲ့ ကြွယ်ဝချမ်းသာသူဖြစ်နေပါပြီ။ ဒါဟာ ကာယ စွမ်းပကားပြည့်ဝခြင်းရဲ့ အကျိုးဆက်တွေပဲ။

ယနေ့လူငယ်တွေ ခွန်အားဗလနဲ့ပြည့်ဝအောင် ဘာတွေလေ့ကျင့်နေကြသလဲ ကိုယ့်ကိုယ်ကိုယ် ဝေဖန် ကြည့်ပါ။ ဘယ်လောက်မြင့်မြင့်ခုန်နိုင်သလဲ။ ဘယ် လောက်ဝေးဝေးပြေးနိုင်သလဲ။ ဘယ်လောက် အပင်ပန်းအဆင်းရဲခံနိုင်သလဲ။ ဘယ်လောက် အမောအပန်းခံနိုင်သလဲလို့ ဆန်းစစ်ရပါမယ်။ အပင် ပန်းအဆင်းရဲမခံနိုင်ရင် ပညာ၊ ဥစ္စာမရရှိနိုင်ဘူးနော်။

ငယ်ရွယ်စဉ်မှာ ကျန်းမာရေးလေ့ကျင့်ခန်းမလုပ် ရင် မကျန်းမာနိုင်ဘူး။ မကျန်းမာရင် ခွန်အားဗလ မပြည့်ဝနိုင်ဘူး။ အသက်ရှည်ဖို့၊ ခွန်အားကြီးဖို့ဆိုတာ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်၊ မှန်ကန်သင့်မြတ်တဲ့ ကံ၊ စိတ်၊ ဥတုနဲ့အာဟာရတွေနဲ့လဲ ပြည့်စုံရမှာပါ။ အဲဒါဆို ကာယစွမ်းပကားနဲ့ပြည့်ဝပြီး ကောင်းကျိုး ချမ်းသာတွေ ကိုယ့်ဆီဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာ မှာပါပဲ။

**ဉာဏစွမ်းပကားပြည့်ဝအောင်**

လူမှာ ကာယထက်အရေးကြီးတာပြောရရင် ဉာဏ ပဲဖြစ်ပါတယ်။ ဉာဏစွမ်းပကားပြည့်ဝရင် လူဟာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း၊ အခြွေအရံ တောင့်တင်းခြင်း စတဲ့ဂုဏ်တွေနဲ့ပြည့်စုံမှာဖြစ်ပါတယ်။ ဗလငါးတန်အားမာန်ငါးရပ်နဲ့ ပြည့်စုံသူဖြစ်ပြီပေါ့။ ဉာဏဟာ ခေါင်ချုပ်ပါပဲ။ ဉာဏမှာ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းက အတတ်ပညာပြည့်စုံခြင်းပါ။ ဒုတိယအပိုင်းက အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်မှုပါ။

တချို့က အတတ်ပညာတတ်မြောက်ပါရဲ့။ အမှား အမှန်ကို မဝေဖန်မပိုင်းခြားတတ်တော့ မကြံစည် သင့်တာ ကြံစည်၊ မပြောသင့်တာပြော၊ မလုပ်သင့် တာလုပ်ပြီး ဒုက္ခရောက်ကြတယ်။ အဲဒီလိုလူတွေ လောကမှာ အများကြီးပဲ။ ၂၀၂၂ ခုနှစ် နှစ်ဝက် လောက်မှာ ရန်ကုန်ကဆရာဝန်တစ်ယောက်ဟာ ဆေးဝါးကုန်ကူးခဲ့တယ်။ ငွေကြေးများစွာဆုံးရှုံးခဲ့တယ်။ အဲဒီအခါ အဲဒီဆရာဝန်ဟာ သူခေါင်းဆောင်ပြီး ဘဏ် မားပြတိုက်မှုကျူးလွန်ခဲ့တယ်။ ဆုံးရှုံးငွေတွေပြန်ရ အောင်လုပ်တာ၊ အမှုမှန်ပေါ်ပြီး အဖမ်းခံရထောင်ကျ ခဲ့တယ်။ ဆရာဝန်ဘွဲ့ရ ကုသမှုအတတ် တတ်ပါရဲ့။ ကိုယ်မကျွမ်းကျင်တဲ့ကုန်သည်လုပ်ရာက အမှုဖြစ် ဒုက္ခ ရောက်ရတယ်။ အဲဒါ ဉာဏစွမ်းပကားမှာပါတဲ့ အမှား၊ အမှန်မဝေဖန်မပိုင်းခြားတတ်လို့ ဒုက္ခရောက်ရတာ။ အဲဒီလိုဒုက္ခရောက်သူတွေ အများကြီးရှိတယ်။

ဒါနဲ့ပတ်သက်လို့ ကျန်စစ်သားမင်းကြီးအကြောင်း ပဲ သာဓကထားပြောပါမယ်။ ကျန်စစ်သားမင်းဟာ လှံ့ အတတ်ကျွမ်းကျင်တာ အထက်မှာပြောခဲ့ပြီးပါပြီ။ အဲဒါတင်မကဘူး စစ်ပညာမှာလဲ ပြည့်ဝသူဖြစ်တာ စာဖတ်သူတွေအသိပါ။ ဥဿပဲခူးကို ကျူးကျော်လာ တဲ့ ကျွမ်းစစ်တပ်ကြီးက စစ်သူကြီးလေးယောက်ကို အရှင်ဖမ်းနိုင်ခဲ့တယ်။ ကျွမ်းစစ်သည်တွေ ခါးဝတ်ပုဆိုး နဲ့ ခွေးပြေးဝက်ပြေး ပြေးကုန်ကြရတယ်။

ငရမန်ရဲ့ ပဲခူးတပ်တွေကို အမြစ်ပြတ်ချေမှုန်း အောင်မြင်ခဲ့တယ်။ ငရမန်ကို အသေသတ်ဖို့ ကောင်း စွာစီမံခဲ့တယ်။ အဲဒီလို ရန်သူတွေအပေါ် စစ်အောင် နိုင်အောင် ဦးဆောင်တိုက်နိုင်စွမ်းရှိတယ်။ အဲဒါ ကာယစွမ်းပကားနဲ့ ဉာဏစွမ်းပကားထက်မြက်မှုတွေ ကြောင့်ပဲ။ ဉာဏစွမ်းပကားမှာ စိတ်ကောင်းစိတ်မြတ် တွေလဲ ပါဝင်တယ်။ အဲဒီစိတ်စေတနာတွေ ကျန်စစ်သားမင်းမှာရှိတယ်။ ပြည့်ဝတယ်။ ကျန်စစ် သားဟာ ဖခင်အနော်ရထာမင်းကြီးရဲ့ အပြစ်ပေးခြင်း ခံရတယ်။ မင်းကြီး နန်းစံနေသမျှ ကျန်စစ်သားဟာ တောကြိုအုံကြားမှာ ပြေးလွှားပုန်းအောင်းနေရတယ်။ ဒါပေမဲ့ ဖခမည်းတော်အပေါ် စိတ်ကွက်ခြင်းလုံးဝ မရှိခဲ့ဘူး။ ငါ့ဖခမည်းတော်၊ ငါ့ဖခမည်းတော်လို့ ချစ်ခင်မြတ်နိုးလေးစားစွာခေါ်ဝေါ်တော်မူခဲ့တယ်။

တစ်ဖန် နောင်တော်စောလူးမင်းဟာလဲ ကျန်စစ်သားကို မဏိစန္ဒာမင်းသမီးနဲ့ အပြောအဆို ရှိတယ်ဆိုပြီး ဒလကိုနှင်ခဲ့တယ်။ ဒါပေမဲ့ ကျန်စစ်သား က နောင်တော်အပေါ် လေးစားချစ်ကြည်မှုမလျော့ ခဲ့ဘူး။ စောလူးမင်း စစ်မြေပြင်မှာပျောက်သွားတဲ့ အခါ လိုက်ရှာခဲ့တယ်။ နောက်ဆုံး ငရမန်ရဲ့တပ်ထဲ ရှိတာသိရလို့ အသက်စွန့်ပြီး ညဉ့်အချိန် စောလူးမင်းကို ဝင်ခိုးခဲ့တယ်။ နန်းပြန်တင်မလို့ စောလူးမင်းအော်တာနဲ့ အထမမြောက်ခဲ့ဘူး။

အဲဒီလို စိတ်ကောင်းစိတ်မြတ်ရှိတဲ့မင်းဖြစ်ပါ တယ်။ တချို့ဆို အနည်းအကျဉ်းအဖုအထစ်ကလေး တောင် သည်းမခံနိုင်ကြဘူး။ ကျန်စစ်သားကတော့ ဖခမည်းတော်၊ နောင်တော်တွေအပေါ် သစ္စာစောင့်သိ တယ်။ အကြည်ညိုအချစ်ခင်မပျက်ခဲ့ဘူး။ ဘယ် လောက်အတုယူဖို့ကောင်းသလဲ။ ပြီးတော့ ထီးနန်း စည်းစိမ်နဲ့ပတ်သက်လို့ ကျန်စစ်သားဟာ သိပ်မက်မော နေတဲ့မင်းမဟုတ်ဘူး။ စောလူးမင်း စစ်မြေပြင်မှာ ပျောက်ဆုံးတော့ မှူးမတ်တွေက ကျန်စစ်သားကို နန်းအပ်ကြတယ်။ ကျန်စစ်သားက လက်မခံဘူး။ ငါ့နောင်တော် သေသည်၊ ရှင်သည် ငါစူးစမ်းအုံ့မယ် ပြောပြီး နန်းစည်းစိမ်ကိုပယ်ခဲ့တယ်။ စောလူးမင်းကို နန်းပြန်တင်ဖို့ ငရမန်ရဲ့တပ်ထဲစွန့်စားပြီးဝင်ကယ်ခဲ့ တယ်။ အထမမြောက်ခဲ့ဘူး။ မြေးတော်အလောင်း စည်သူ ရင်ခွင်ပိုက်အရွယ်မှာ ငါ့နန်းစည်းစိမ်ကို မြေးတော်ကိုပေးတော်မူမယ်။ ငါက နန်းစောင့်အနေနဲ့ ပဲနေမယ်လို့ မိန့်တော်မူပြီး မြေးတော်ကို ထီးနန်းလွှဲအပ် ခဲ့တယ်။ ကျန်စစ်သားဟာ လောဘရမ္မက်အထူးကင်းသူ၊ မြင့်မြတ်သူဖြစ်တယ်ဆိုတာ အဲဒါတွေကပေါ်လွင်နေ တယ်။ တိုင်းပြည်အုပ်ချုပ်ရာမှာလဲ တရားမျှမျှတတ စီမံအုပ်ချုပ်ခဲ့တယ်။ မြေးတော်ကို ထီးနန်းလွှဲပြီးနောက် သမ္ဘူလမင်းသမီးဟာ ခုနစ်နှစ်သားအရွယ် ရာဇကုမာရ် မင်းသားလက်ဆွဲပြီး ပုဂံထီးနန်းရောက်လာတယ်။ အဲဒီ အခါ မင်းကြီးက "မြေးကား အရင်း၊ သားကား အဖျား ဖြစ်ပြီ"လို့မိန့်တော်မူပြီး သားတော်ကိုရင်ခွင်ပိုက်ကာ တောင်စဉ်ခုနစ်ခရိုင်ကိုစားရန် အမိန့်ထုတ်ခဲ့တယ်။

မင်းကြီး တောတောင်ထဲမှာ ပြေးလွှားနေရတုန်းက ပြုစုခဲ့တဲ့ သမ္ဘူလမင်းသမီးကိုလဲ ရှေးကတိအတိုင်း မိဖုရားမြှောက်တော်မူတယ်။ အဲဒီလောက် မွန်မြတ် သန့်စင်တဲ့ စိတ်ကောင်းစိတ်မြတ်ရှိတဲ့ မင်းကြီးဖြစ်ပါ တယ်။ သူတစ်ပါးကျေးဇူးကိုလဲ သိတတ်သူဖြစ်ပါ တယ်။ နောက် သမီးတော် ရွှေအိမ်စည်ကို အိမ် ထောင်ချထားရာမှာလဲ မှူးမတ်တွေနဲ့တိုင်ပင်တော် မူပြီး နောင်ရေးမြော်တွေးကာ သမီးတော်ရည်ငံတဲ့ ပဋိက္ခရားမင်းသားနဲ့ မထိမ်းမြားဘဲ ဖခမည်းတော် အနော်ရထာ၏မြေးဖြစ်သူ စောလူးမင်းရဲ့သား စောယွန်းနဲ့ထိမ်းမြားစေခဲ့တယ်။ သက်ဦးဆံပိုင်ဘုရင် ဖြစ်ပေမဲ့လဲ တစ်ယောက်တည်းဆန္ဒနဲ့မစီမံခဲ့ဘူး။ မှူးမတ်တွေနဲ့ညှိနှိုင်းတိုင်ပင်ပြီး ဆုံးဖြတ်တော်မူတယ်။

ဒ့ပြင် ဖခမည်းတော်လက်ထက်က မပြီးပြတ်ခဲ့တဲ့ ရွှေစည်းခုံစေတီတော်ကြီးကိုလဲ ပြီးစီးသည်ထိ လှံ့လဝီရိယအပြည့်ဖြင့် ဆက်လက်တည်ထားတော်မူ တယ်။ မင်းကြီးရဲ့ ကောင်းမှုတော်အာနန္ဒာဘုရားကို လဲ အနုပညာပြောင်မြောက်စွာတည်ခဲ့တယ်။ မွေးရပ် မြေ ပရိမ္မအရပ်မှာလဲ စေတီတည်ထားခဲ့တယ်။ မိမိဇာတိမွေးရပ်မြေကို မမေ့မလျော့ခဲ့ဘူး။ ဒါ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူရဲ့ စရိုက်လက္ခဏာပဲ။ တိုင်းချစ်ပြည်ချစ်စိတ်မရှိသူ၊ အမျိုးချစ်စိတ်မရှိသူတွေ ကတော့ တိုင်းပြည်ကိုဖျက်နေကြတယ်။ အမျိုးကို ညှဉ်းပန်းနေကြတာတွေ့ရတယ်မဟုတ်လား။

အထက်မှာဖော်ပြခဲ့သလို ကျန်စစ်သားမင်းဟာ ကာယစွမ်းပကား၊ ဉာဏစွမ်းပကားပြည့်ဝစွာနဲ့ တိုင်းပြည်အုပ်ချုပ်တော့ ပုဂံပြည်ကြီးဟာ တည်ငြိမ် အေးချမ်းပြီး ကြွယ်ဝချမ်းသာခဲ့ပါတယ်။ ဘုရားတည် ကျောင်းဆောက်ကုသိုလ်တွေပြုကြပြီး အလွန်ပျော်စရာ ကောင်းတဲ့ မြန်မာနိုင်ငံကြီးဖြစ်ခဲ့ပါတယ်။

ဒါဟာ ကာယစွမ်းပကား၊ ဉာဏစွမ်းပကားပြည့်ဝ ကြခြင်းရဲ့ အကျိုးဆက်တွေဖြစ်တယ်ဆိုတာ လယ်ပြင် ဆင်သွားသလို အထင်အရှားပါပဲ။ အဲဒီတော့ လူ တစ်ယောက်ချင်းဟာ အသက်ရှည်ကျန်းမာစီးပွား ဖြာအောင်ဆိုရင် ရှေးမင်းကောင်းမင်းမြတ်တို့ရဲ့ ကျင့်စဉ်အတိုင်း ကျင့်ကြရပါမယ်။ အဲဒီလိုကျင့်ပြီဆိုရင် လောကီကောင်းကျိုးချမ်းသာတွေ ရရှိမှာအမှန်ပါပဲ။ တစ်ယောက်ချင်းကြီးပွားချမ်းသာကြရင် နိုင်ငံတော် ကြီးလဲ ကြီးပွားချမ်းသာတဲ့နိုင်ငံ၊ ငြိမ်းချမ်းသာယာတဲ့ ရွှေနိုင်ငံကြီးဖြစ်မှာပါပဲလို့ ပြောကြားအပ်ပါတယ်။

> ❖ လူမှာ ကာယထက်အရေးကြီးတာပြောရရင် ဉာဏပဲဖြစ်ပါတယ်။ ဉာဏစွမ်းပကားပြည့်ဝရင် လူဟာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝခြင်း၊ အခြွေအရံ တောင့်တင်းခြင်း စတဲ့ဂုဏ်တွေနဲ့ပြည့်စုံမှာဖြစ်ပါတယ်။ ဗလငါးတန် အားမာန်ငါးရပ်နဲ့ ပြည့်စုံသူဖြစ်ပြီပေါ့။ ဉာဏဟာ ခေါင်ချုပ်ပါပဲ။ ဉာဏမှာ နှစ်ပိုင်းရှိပါတယ်။ ပထမတစ်ပိုင်းက အတတ်ပညာပြည့်စုံခြင်းပါ။ ဒုတိယ အပိုင်းက အမှား၊ အမှန်ဝေဖန်ပိုင်းခြားနိုင်မှုပါ။ ❖

**ကိုးကား** –

**မှန်နန်းမဟာရာဇဝင်တော်ကြီး (ပထမတွဲ)**

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ မေလတွင် ၂၄ ပြည်ဝင် ဆန်အိတ်ရေ ၃၂၂၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ပုသိမ် ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် မေလတွင် ၂၄ ပြည်ဝင် ဆန်အိတ်ရေ ၃၂၂၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပုသိမ်မြို့ ဆန်နှင့် စပါးရောင်းဝယ်ရေးပွဲရုံ လုပ်ငန်းရှင် ဒေါ်ချိုချိုလွင်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါးရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဧပြီလအတွင်းက ၂၄ ပြည်ဝင်ဆန်အိတ်ရေစုစုပေါင်း ၂၂၅၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ၂၄ ပြည်ဝင်ဆန်အိတ်ရေ ၃၂၂၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးကနေ လစဉ် ရန်ကုန်ဈေးကွက်ကို ဆန်တွေ တင်ပို့ရောင်းချနေပါတယ်။ ဒီလို တင်ပို့ရောင်းချနေရာမှာ ဒီနှစ် မေလအတွင်း ၂၄ ပြည်ဝင်ဆန်အိတ်ရေ ၃၂၂၅၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဆန်နဲ့ဆန်ကွဲတွေ အရောင်းအဝယ်သွက်လာပေမဲ့ ဈေးကတော့ သိသိသာသာတက်လာတာမျိုးမရှိသေးပါဘူး။ လက်ရှိ ပုသိမ်ကနေ ရန်ကုန်ဈေးကွက်သို့ ဆန်အိတ်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အခုလို ဆန်နဲ့ ဆန်ကွဲတွေ အရောင်းအဝယ် လုပ်ငန်းတွေ ကောင်းလာတာကြောင့် ကုန်တင်၊ ကုန်ချလုပ်သားတွေနဲ့ ကုန်သည်တွေ၊ တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ၂၄ ပြည်ဝင် ဆန်အိတ်တွေပဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်"ဟု ဒေါ်ချိုချိုလွင်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဖျာပုံပေါ်ဆန်းမွှေး၊ ဧည့်မထ၊ မနောသုခ၊ ရောမင်း၊ ပေါ်ဆန်း စသည့်ဆန်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချထားရကြောင်း၊ အဆိုပါ ဆန်အမျိုးအစားများမှ ယခုနှစ် မေ ၁ ရက်မှ ယနေ့ထိ ဖျာပုံပေါ်ဆန်းမွှေး တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀၊ ဧည့်မထတစ်အိတ်လျှင် ငွေကျပ် ၆၂၀၀၀၊ မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ရောမင်း တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ပုသိမ်ပေါ်ဆန်းမွှေး တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ စသည်ဖြင့် ဈေးပေါက်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# နတ်တလင်းမြို့တွင် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းဖွင့်

**နတ်တလင်း ဇွန် ၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး ကွန်ပျူတာသင်တန်းဖွင့်ပွဲကို ဇွန် ၁ ရက်က နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ဝန်ထမ်းများကို လုပ်ငန်းခွင် ပိုမိုကျွမ်းကျင်မှုရှိစေရေးနှင့် စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရေးရည်ရွယ်၍ ကွန်ပျူတာသင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် သင်တန်းနည်းပြဆရာက သင်တန်းဖွင့်လှစ်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများနှင့် သင်တန်းတွင် လိုက်နာရမည့်စည်းကမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နယ်၊ ပေါင်းတည်မြို့နယ်၊ သဲကုန်းမြို့နယ်တို့မှ ဝန်ထမ်း ၁၀ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ကွန်ပျူတာနှင့်ပတ်သက်သည့် သင်ခန်းစာဘာသာရပ်များကို သင်တန်းနည်းပြဆရာက စာတွေ့၊ လက်တွေ့ဖြင့် ဇွန် ၁ ရက်မှ ဇွန် ၁၅ ရက်ထိ အခမဲ့ဖွင့်လှစ်သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန္တာ**

# နမ့်စန်မြို့နယ် တွံတီးကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး


**နမ့်စန် ဇွန် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် တွံတီးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်နေမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက တွံတီးကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များကို လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် စီမံကိန်း စည်းမျဉ်းများအတိုင်း ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

တွံတီးကျေးရွာ၌ အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၀ ပေရှိ ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၅ ဒသမ သုည သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၆ ဒသမ ၅ သန်း စုစုပေါင်း ၁၁ ဒသမ ၅ သန်းအသုံးပြု၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဧပြီလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး၏ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ပြောပြ၍ သိရသည်။

**သံသာ**



# မြင်းမူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၂၁၀၆ ဧက စိုက်ပျိုးမည်

**စစ်ကိုင်း ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၂၁၀၆ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြင်းမူမြို့နယ်၌ မိုးစပါးစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ မိုးစပါး ၁၂၁၀၆ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌လည်း မိုးစပါး ၁၂၁၀၆ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မိုးစပါးသီးနှံဧက ၁၀၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မိုးစပါးသီးနှံဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားမှာပါ။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ ပိုးမွှား ရောဂါ ကျရောက်မှုမရှိအောင် ကာကွယ်နည်းလမ်းတွေ ဆောင်ရွက်ပေးသွားမယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ယခင်နှစ်က မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

ယခုနှစ် မြင်းမူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမည့် တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# မြို့သစ်မြို့နယ် ကံဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြို့သစ် ဇွန် ၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့သစ်မြို့နယ် ကံဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စီမံကိန်း၏ ရည်ရွယ်ချက်မပျောက်အောင် စနစ်တကျ အသုံးပြုကြစေလိုကြောင်း၊ အတိုး၊ အရင်းများကိုလည်း သတ်မှတ်ကာလအတွင်း ပြေကျေအောင် ပုံမှန်ပေးသွင်းရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၅ သန်းကို ကံဆွယ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့က ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု ၁၆၈ စုကို ငွေကျပ် ၄၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံဆွယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ကစတင်၍ ငွေကျပ်သိန်း ၃၀၀ မတည်ပေးခဲ့ပြီး အဆိုပါမတည်ငွေများဖြင့် တစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့်အတွက် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားလာကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

# သခင်မြသန်း၏ မမိုးစွေ

**ပုသိမ်အောင်သန်းဦး**

မကွေးမြို့ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော ငွေးမောင်ကို သူ့မိဘများက ခေါ်ယူသဖြင့် ဇာတိ ကုန်းဇောင်းမြို့လေးသို့ ပြန်ခဲ့ရသည်။ သူ့ဖခင် ဦးလူမော်မှာ မြေဇာ ငါးထောင်ကျော် ပိုင်ဆိုင်သော လယ်ပိုင်ရှင်ကြီးဖြစ်သည်။ သူ့ဖခင်သည် အမြော်အမြင်ရှိသော လယ်ပိုင်ရှင်တစ်ဦးပီပီ ပထမကမ္ဘာစစ်ကြီးဖြစ်နေစဉ်ကာလတွင် ဆန်စပါးဈေးများ အလွန်ကောင်းနေသဖြင့် သူ့သားကို တက္ကသိုလ်ပညာသင်ကြားနေခြင်းထက် စီးပွားရေးကို သူနှင့်အတူတကွလုပ်ဆောင်ရန်ဆန္ဒရှိသည့်အပြင် ဆန်စက်တစ်လုံး ဝယ်ယူတည်ထောင်ရန်လည်း အကြံရှိလေသည်။

ဆန်စက်ဝယ်ရန်မှာ သူတစ်ဦးတည်းမတတ်နိုင်သဖြင့် ဆင်ဖြူကျွန်းမြို့ရှိ မုဆိုးမမြေပိုင်ရှင် ဒေါ်သီ၏ သမီး ရင်ရင်နှင့် ပေးစားလိုက်လျှင် နှစ်ဖက်ပစ္စည်းပေါင်းစပ်ခြင်းဖြင့် ဆန်စက်တစ်လုံး ကောင်းကောင်းဖြစ်လာနိုင်သည်။

သို့ဖြင့် ငွေးမောင် အိမ်ပြန်လာပြီး လေး၊ ငါး၊ ခြောက်လအကြာတွင် ဦးလူမော်နှင့် ဒေါ်ကျော့တို့ ဆင်ဖြူကျွန်းမြို့သို့ သွားကြသည်။ ငွေးမောင်ကို သူတို့နှင့်အတူ လိုက်ပါရန်ခေါ်သော်လည်း ငွေးမောင် လိုက်မသွားချေ။

ဤအချိန်က ငွေးမောင်သည် သူတို့၏အိမ်ဖော်အဖြစ် လုပ်ကိုင်နေသူ မမိုးစွေကို မျက်စိကျနေလေသည်။ မမိုးစွေမှာ သူတို့အိမ်တွင် အိမ်စေအဖြစ် လုပ်ကိုင်နေရာ သုံးနှစ်မျှပင် ကြာခဲ့ပြီဖြစ်သည်။ သုံးနှစ်အတွင်း မမိုးစွေမှာ ဖွံ့ထွားလာကာ ရုပ်ရည်လေးလည်းရှိသဖြင့် ငွေးမောင်မှာ သဘောကျနေလေသည်။ သူ့မိဘများမရှိခိုက် ငွေးမောင်သည် မမိုးစွေကို ချစ်ရေးဆိုကာ ဖက်ယမ်းနမ်းသည်။ အိမ်တွင် သူ့အဒေါ် ဒေါ်တင်မြိုင်သာရှိ၍ အခွင့်ကောင်းရယူကာ မမိုးစွေနှင့် ကျူးကျူးလွန်လွန်ဖြစ်ခဲ့ကြသည်။ မမိုးစွေကလည်း ငွေးမောင်ကို ယုံကြည်မိသည်။ ထို့ကြောင့် ငွေးမောင် အလိုကို နှစ်ကြိမ်၊ သုံးကြိမ်မျှ လိုက်လျောခဲ့သည်။

ဦးလူမော်တို့ ဆင်ဖြူကျွန်းမှပြန်လာသောအခါ ရင်ရင်တို့သားအမိလည်း ပါလာသည်။ ငွေးမောင်နှင့် ရင်ရင်ကို စေ့စပ်ကြောင်းလမ်းခြင်းပြုပြီး မိသားစုအားလုံး မကွေးသို့ ဘုရားဖူးသွားကြသည်။ မမိုးစွေမှာ ရင်မောလျက်ရှိနေပေပြီ။

ရင်ရင်တို့မိသားစု ဆင်ဖြူကျွန်းသို့ ပြန်သွားသောအခါ ငွေးမောင်သည် မမိုးစွေထံ ပြန်ကပ်ပြန်သည်။ မမိုးစွေကို နှစ်သိမ့်စကားပြောကာ လွန်လွန်ကျူးကျူးဖြစ်ကြပြန်သည်။ ဤသို့ဖြင့် မမိုးစွေတွင် ကိုယ်လေးလက်ဝန်ရှိလာသည်။ ဤအကြောင်းကို မမိုးစွေက ဖွင့်ပြောသောအခါ ငွေးမောင်က အချိန်ဆွဲကာ နှစ်သိမ့်ထားသည်။ ဤအတောအတွင်း ဦးလူမော်တို့ ဖို့ဒ်ကားတစ်စီးဝယ်သည်။ ဆင်ဖြူကျွန်းနှင့် ကုန်းဇောင်း အိမ်ဦးနှင့် ကြမ်းပြင်ဖြစ်လာသည်။

မမိုးစွေမှာ သောကများဖြင့် ရင်မောနေရသည်။ မည်သူ့ကို တိုင်ပင်ရမည်မသိ၊ ငွေးမောင်ကို အကျိုးအကြောင်းပြောပြသောအခါ ကိုယ်ဝန်ကိုဖျက်ချရန် တိုက်တွန်းလာသည်။ မမိုးစွေမှာ မမြင်ရသေးသည့် ရင်သွေးအပေါ် သံယောဇဉ်ဖြစ်လာသည်။

သို့ဖြင့် ငွေးမောင်နှင့် ရင်ရင်တို့လက်ထပ်ရက်သတ်မှတ်ပြီးသည်နှင့် မမိုးစွေမှာ ကုန်းဇောင်းမှ ရုတ်တရက် ပျောက်ကွယ်သွားသည်။ ဦးလူမော်၏ လယ်သူရင်းငှားများဖြစ်ကြသော မမိုးစွေ၏ဖခင် ဦးကြာညိုနှင့် ဒေါ်ဖွားယုံတို့မှာ သူတို့သမီး မမိုးစွေ ရုတ်တရက်ပျောက်ဆုံးသွားခြင်းအပေါ် စဉ်းစား၍မရဘဲ ရှိနေကြသည်။ ဒေါ်ဖွားယုံမှာ သူ့သမီးကို ရှာဖွေရင်း သောကဝေဒနာများဖြစ်လာသည်။

ဤအချိန်အတွင်း ငွေးမောင်နှင့် ရင်ရင်တို့ ခမ်းနားကြီးကျယ်စွာ လက်ထပ်မင်္ဂလာပွဲဆင်နွှဲကြသည်။ ရက်များကြာလာသည်နှင့်အမျှ မမိုးစွေကို မေ့နေကြသည်။ မမေ့နိုင်သူများကား ဦးကြာညိုနှင့် ဒေါ်ဖွားယုံတို့ မိဘနှစ်ပါးသာဖြစ်သည်။ သို့ဖြင့် ဒေါ်ဖွားယုံသည် သမီးစိတ်ဖြင့် ကွယ်လွန်ခဲ့သည်။

ဦးကြာညိုမှာ ခြောက်နှစ်သား ဒီလုံးနှင့်အတူ ခြံစိုက်၍နေလေသည်။ ဤအချိန်တွင် မမိုးစွေသည် သမီးငယ်ကို ရင်ဝယ်ပိုက်ပြီး ဖခင် ဦးကြာညိုအိမ်သို့ ပြန်ရောက်လာသည်။ သူသည် ဖခင်မပေါ်သည့် ကိုယ်ဝန်အတွက် မကွေးမြသလွန်စေတီတော်တွင် ပန်းရောင်းသူ အသိတစ်ဦးအိမ်၌ လျှို့ဝှက်နေထိုင်ပြီး ကလေးမွေးခဲ့ခြင်းဖြစ်သည်။

❖ ဤအချိန်က ငွေးမောင်သည် သူတို့၏အိမ်ဖော်အဖြစ် လုပ်ကိုင်နေသူ မမိုးစွေကို မျက်စိကျနေလေသည်။ မမိုးစွေမှာ သူတို့အိမ်တွင် အိမ်စေအဖြစ် လုပ်ကိုင်နေရာ သုံးနှစ်မျှပင် ကြာခဲ့ပြီဖြစ်သည်။ သုံးနှစ်အတွင်း မမိုးစွေမှာ ဖွံ့ထွားလာကာ ရုပ်ရည်လေးလည်းရှိသဖြင့် ငွေးမောင်မှာ သဘောကျနေလေသည်။ သူ့မိဘများမရှိခိုက် ငွေးမောင်သည် မမိုးစွေကို ချစ်ရေးဆိုကာ ဖက်ယမ်းနမ်းသည်။ အိမ်တွင် သူ့အဒေါ် ဒေါ်တင်မြိုင်သာရှိ၍ အခွင့်ကောင်းရယူကာ မမိုးစွေနှင့် ကျူးကျူးလွန်လွန်ဖြစ်ခဲ့ကြသည်။ မမိုးစွေကလည်း ငွေးမောင်ကို ယုံကြည်မိသည်။ ထို့ကြောင့် ငွေးမောင် အလိုကို နှစ်ကြိမ်၊ သုံးကြိမ်မျှ လိုက်လျောခဲ့သည်။ ❖

ဖခင်ထံပြန်ရောက်လာသောအခါ မမိုးစွေသည် ဈေးတောင်းခေါင်းရွက်ကာ ဈေးရောင်းရင်း လုပ်ကိုင်စားသောက်နေလေသည်။ သမီးအမှုံမှာလည်း မိခင်ကိုကူပြီး ဈေးရောင်းပေးချင်ကြောင်း ပူဆာသည်။ မမိုးစွေသည် သမီးကို စိတ်မချသဖြင့် ဈေးရောင်းခွင့်မပြုပေ။ တစ်နေ့ မမိုးစွေနေမကောင်းဖြစ်ရာ သမီးအမှုံကို မတတ်သာသဖြင့် ဈေးရောင်းခွင့်ပြုရသည်။ အမှုံသည် စာသင်ကျောင်းအနီးတွင် မုန့်ပဲသရေစာများ ရောင်းလေသည်။ ဤတွင် အခြားကျောင်းသားများ မုန့်ဝယ်စားကြသော်လည်း မုန့်ဝယ်မစားနိုင်ဘဲ အိမ်ကပို့ပေးသော ကော်ဖီနှင့် မုန့်များကိုသာ စားသောက်နေရသည့် မောင်နှမနှစ်ယောက်ကို သတိထားမိကာ ဤမောင်နှမနှစ်ယောက်အား သူရောင်းနေသည့်မုန့်များထဲမှ ကျွေးမွေးပေးကမ်းလျက်ရှိရာ သံယောဇဉ်ဖြစ်လာကြသည်။

ဦးငွေးမောင်၏ရင်သွေးနှစ်ယောက်ကို အမှုံ မုန့်ပေးနေကြောင်း သိရသောအခါ မမိုးစွေသည် မြည်တွန်တောက်တီးပြောခဲ့သော်လည်း ဦးငွေးမောင်နှင့် သူတို့နှစ်ဦး၏အကြောင်းကိုကား မပြောပြခဲ့ပေ။

တစ်နေ့ ဦးငွေးမောင်၏သမီးနှင့်သားဖြစ်သော နီနီနှင့်အပါတို့ ကျောင်းမလာသဖြင့် အမှုံစိတ်ပူရသည်။ နှစ်ရက်မျှ ကျောင်းပျက်ပြီး ကျောင်းပြန်တက်သောအခါ ပြဿနာနှင့်ကြုံရသည်။ နီနီနှင့် အပါတို့ ကျောင်းပျက်ခြင်းမှာ အပေါ်စားမုန့်များစားခြင်းကြောင့်ဖြစ်သည်။ သည်တွင် ဒေါ်ရင်ရင်သည် သူ့သမီးနှင့်သားတို့သည် အပေါ်စားမုန့်သည်ဆီမှ မုန့်များစားနေခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် သူ့သားနှင့်သမီးတို့ကို မုန့်များ မပေးရန် တားမြစ်ပေးပါဟု ကျောင်းအုပ်ကြီးနှင့် အတန်းပိုင်ဆရာမတို့ထံ တိုင်ကြားသည်။

ထို့ကြောင့် အမှုံကို အတန်းပိုင်ဆရာမက ကလေးများကို မုန့်မပေးရန် တားမြစ်သည်။ အမှုံက မုန့်မပေးရရင်နေပါစေ၊ ကလေးများနှင့် စကားပြောခွင့်တော့ပြုပါဟု တောင်းဆိုသည်။ သို့သော် မုန့်သည်မသည်စွန်းအတတ်တတ်သည်၊ ပြစားတတ်သည်ဟု ကလေးများကိုပြောဆိုထားရာ ကလေးများသည် အမှုံကိုမြင်တိုင်း ရှောင်ပြေးလေတော့သည်။

ဤအချိန်အတွင်း ဦးကြာညိုသည် ဆွဲကြိုးတစ်ကုံးကို ဆယ့်ရှစ်ကျပ်ဖြင့် အချောင်ရ၍ ဝယ်လာသည်။ ဤဆွဲကြိုးသည် နီနီ၏လည်ပင်းမှ ပျောက်ဆုံးသွားသော ဆွဲကြိုးဖြစ်နေသည်။ ဤအကြောင်းကိုသိရသောအခါ ဦးကြာညိုနှင့် အမှုံတို့သည် ဦးငွေးမောင်၏တိုက်သို့ သွားပေးရန် ကြိုးစားကြသေးသည်။ အထမမြောက်ချေ။ နောက်ဆုံး အိမ်ခေါင်းရင်းတိုင်ခြေတွင် တူးမြှုပ်ထားလိုက်ကြသည်။

ဆွဲကြိုးပျောက်မှုတွင် အမှုံကိုပင် သင်္ကာမကင်းဖြစ်ကြသည်။ ဆွဲကြိုးကို မြေမြှုပ်ထားပြီး သုံးရက်အကြာတွင် အမှုံကို ကျောင်းအုပ်ဆရာကြီးက ခေါ်သည်။ အမှုံသည် ဆရာမတစ်ဦးနှင့်အတူ ဦးငွေးမောင်တို့တိုက်သို့လိုက်သွားရသည်။ အိမ်တွင် သူကြီးမင်းနှင့် ရာဇဝတ်အုပ်တို့ ရှိနေနှင့်သည်။ ကလေးများကို မုန့်ကျွေးပြီး ဆွဲကြိုးကိုဖြုတ်ယူထားလျှင် ပြန်ပေးစေလိုကြောင်း၊ ဆွဲကြိုးပြန်ပေးလျှင် အမှုလုပ်မည်မဟုတ်ကြောင်း သူကြီးကပြောသည်။ အမှုံက မဟုတ်မမှန်ကြောင်း ငြင်းသည်။ ဦးငွေးမောင်သည် အမှုံမှာ မမိုးစွေ၏ သမီးမှန်းသိရသောအခါ မျက်နှာပျက်သွားသည်။

ဦးငွေးမောင်က မမိုးစွေနှင့် ဦးကြာညိုတို့ကို ကောင်းစွာသိကြောင်း၊ ဤကလေးယူမည်မဟုတ်ကြောင်း၊ ဤအမှုကိုလည်း ပိတ်လိုက်စေလိုကြောင်း ရာဇဝတ်အုပ်မင်းနှင့် သူကြီးတို့ကို ပြောပြလိုက်သည်။

ဤအကြောင်းများကို အမှုံက ပြန်ပြောပြသောအခါ မမိုးစွေစိတ်လှုပ်ရှားရသည်။ သူတို့မိသားစု ရေနံချောင်းသို့ ပြောင်းနေကြရန် အဆိုပြုသည်။ ဦးကြာညိုက သူ့ဇနီးခေါင်းချရာအရပ်မှ မခွာလိုကြောင်းပြောသည်။

ဆွဲကြိုးပြဿနာပြီးဆုံးပြီးနောက် ပြဿနာတစ်ခုပေါ်ပေါက်လာပြန်သည်။ ထိုပြဿနာကား ရာဇဝတ်အုပ်သည် အရက်များမူးကာ အမှုံဆီသို့ နေ့စဉ်လာနေခြင်းဖြစ်သည်။ မမိုးစွေသည် မိမိဘဝနှင့် ချင့်ချိန်ကာ အမှုံကို မိမိတို့နှင့်အဆင့်တူ လူငယ်လေးတစ်ယောက်နှင့် လက်ထပ်ပေးရန်စိတ်ကူးသည်။

ဦးအောင်ကြီးဆိုသူ လူပျိုကြီးကလည်း အမှုံကို ကမ်းလှမ်းလာ၏။ မမိုးစွေမှာ ရာဇဝတ်အုပ်၏ရန်မှ ကင်းဝေးရန် အမှုံကို အိမ်ထောင်ချပေးရန် စိတ်ကူးမိ၏။ ဤအချိန်တွင် ဦးကြာညိုက သူတို့မိသားစုကို ရာဇဝတ်အုပ်မှ လာရောက်နှောင့်ယှက်နေကြောင်း ဦးငွေးမောင်ကို တိုင်ကြား၏။ ဦးငွေးမောင်သည် ငွေကြေးဥစ္စာရှိသူဖြစ်ရာ ရာဇဝတ်အုပ်ကို ဟန့်တားနိုင်သည်။ ထို့ပြင် ဦးငွေးမောင်သည် မမိုးစွေတို့အိမ်ကို ကိုယ်တိုင်လာသည်။ အဝင်အထွက်ရှိလာသည်။ ဤအကြောင်း ပတ်ဝန်းကျင်တွင် သတင်းပျံ့လာသည်။

တစ်နေ့ မမိုးစွေအိမ်တွင် ဦးငွေးမောင်ရှိနေစဉ် ရင်ရင်ရောက်လာပြီး မမိုးစွေကို လင်ခိုးမဟုစွပ်စွဲသည်။ ဤညက ဦးကြာညိုကို သူတို့သတိမေ့နေကြသည်။ နောက်တစ်နေ့နံနက်တွင်မှ သတိရ၍ လိုက်လံရှာဖွေရာ ငှက်ပျောပင်များအကြား ကွပ်ပျစ်ပေါ်တွင်ခွေခွေကလေး သေဆုံးနေသည်ကို တွေ့ရသည်။ ဖခင်သေဆုံးနေသည်ကို ရုတ်တရက်မြင်တွေ့လိုက်ရသောအခါ မမိုးစွေသည် စိတ်ဖောက်ပြန်ရူးသွပ်သွားလေတော့သည်။

ဇာတ်လမ်းအကျဉ်းမှာ ဤမျှသာဖြစ်သည်။ မမိုးစွေသည် ဆရာသခင်မြသန်း၏ ပထမဆုံးဝတ္ထုဖြစ်သည်။ ပုဒ်မ-၅ ဖြင့် အဖမ်းခံနေရစဉ် မန္တလေးထောင်အတွင်း၌ ရေးသောဝတ္ထုရှည်ဖြစ်သည်။ ၁၉၄၉ ခုနှစ်တွင် သခင်မြသန်းသည် မမိုးစွေဝတ္ထုရှည်ကိုပိုက်ပြီး ထောင်မှထွက်ခဲ့သည်။ မမိုးစွေသည် သုံးနှစ်လုံးလုံး ထုတ်ဝေသူမရှိ၊ ၁၉၅၂ ခုနှစ်ရောက်မှ စာပန်းချီပုံနှိပ်တိုက်မှ ထုတ်ဝေဖြစ်သည်။ ထုတ်ဝေပေးသူမှာ ပန်းချီဆရာကြီး ဦးဘရင်လေးဖြစ်သည်။

ပထမအကြိမ် ထုတ်ဝေချိန်မှာပင် စာဖတ်ပရိသတ်များနှစ်သက်သဘောကျကြသည်။ မြေပိုင်ရှင်တို့၏ စော်ကားမှုကို ခံခဲ့ရသော မမိုးစွေ၏ဘဝကို စာနာခဲ့ကြသည်။ သို့သော် ဝတ္ထုဇာတ်လမ်းမှာ မြေရှင်တို့ကို တော်လှန်သောဇာတ်မဟုတ်ဘဲ မြေရှင်တစ်ဦးက မြေမဲ့ယာမဲ့ အိမ်စေတစ်ဦးကိုသာ စော်ကားသောဇာတ်ဖြစ်သည်။ ဝတ္ထုအတတ်ပညာလည်း အားနည်းသည်။ ဇာတ်ကွက်ဆင်ထားသည်မှာလည်း ထင်းထင်းကြီးပေါ်နေသည်။

မမိုးစွေကို နောက်ပိုင်းတွင် ရုပ်ရှင်ရိုက်ခဲ့သည်။ သခင်မြသန်းသည် အဖျောက်ဇာတိဖြစ်သည်။ ၁၉၂၁ ခုနှစ်တွင် မွေးဖွားခဲ့သည်။ သခင်မြသန်း၏ကျော်ကြားသောဝတ္ထုများမှာ "သံမဏိသူရဲကောင်း"၊ "မြေအောက်တော်လှန်ရေးနှင့် ပဋိပက္ခ"၊ "နှစ်ကျွန်းပြန် သံမဏိနှစ်ဦး"၊ "ကြုံရဆုံရဘုံဘဝ"၊ "စိုးပိုင်"၊ "ရေစီးတစ်ခါ ရေသာတစ်လှည့်"၊ "ငုပ်မိသဲတိုင်"၊ "ထိပ်ဆုံးကလူ"၊ "ရောဝတီ" စသည့်ဝတ္ထုများဖြစ်သည်။

ပင်ကိုရေးဝတ္ထု ၄၈ အုပ်ရေးသားခဲ့ပြီး ၃၀ ကျော် ရုပ်ရှင်ရိုက်ကူးရန် ဝယ်ယူခြင်းခံခဲ့ရသည်။

**ကိုးကား**

– **မလိခ၏မြန်မာဝတ္ထုအညွှန်း အမှတ် ၁၊ ၂**

## သံတောင်ကြီးမြို့နယ် ဒေဒါခိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံတောင်ကြီး ဇွန် ၂**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ဒေဒါခိုကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ်ထုတ်ချေးပေးခြင်းကို ဇွန် ၁ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များကို စီမံကိန်းလည်ပတ်ရန်ပုံငွေများ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်းပထမအကြိမ်အဖြစ် ဒေဒါခိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၆၀ ကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သူသူ**

# အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် သဲမုန်တိုင်းတိုက်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ



**ကိုင်ရို ဇွန် ၂**

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ဇွန် ၁ ရက်နေ့လယ်ပိုင်းက သဲမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ မုန်တိုင်းကြောင့် လူတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိကာ အဆောက်အအုံများလည်းပျက်စီးခဲ့ကြောင်း ကိုင်ရိုမြို့ရဲတပ်ဖွဲ့၏ ပြောကြားချက်များကို ကိုးကား၍ The new Arab သတင်းဌာနက ဇွန် ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

အီဂျစ်နိုင်ငံ မြို့တော် ကိုင်ရိုမြို့တွင် ဇွန် ၁ ရက် နေ့လယ်ပိုင်းက သဲမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ မြို့တော်အတွင်း အဓိကလူသွားလူလာများပြားသော လမ်းမကြီးတစ်ခုပေါ်တွင် ကြော်ငြာဆိုင်းဘုတ်တစ်ခုပြိုကျမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ပြီး ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကိုင်ရိုမြို့ ယာဉ်ထိန်းအာဏာပိုင်များအနေဖြင့် မုန်တိုင်းတိုက်ခတ်ပြီးမကြာမီ ကြော်ငြာဆိုင်းဘုတ်ကို ဖယ်ရှားခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှုကို ပြန်လည်ထိန်းသိမ်းရန် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

သဲမုန်တိုင်းတိုက်ခတ်စဉ် မုန်တိုင်းနှင့်အတူ လေပြင်းတိုက်ခတ်မှုအရှိန်ကြောင့် ပင်လယ်နီအနီးကမ်းစပ်တွင် အမြင့်လေးမီတာခန့်ရှိသည့် လှိုင်းလုံးကြီးများ ဖြစ်ပေါ်ခဲ့ပြီး ရာသီဥတုဆိုးရွားမှုကြောင့် စူးအက်တူးမြောင်း တစ်လျှောက်ရှိ ဆိပ်ကမ်းနှစ်ခုကိုလည်း ပိတ်ထားခဲ့ရကြောင်း စူးအက်တူးမြောင်းအာဏာပိုင်အဖွဲ့က ကြေညာခဲ့သည်။

အီဂျစ်နိုင်ငံတွင် နွေဦးရာသီ၌ နှစ်စဉ် သဲမုန်တိုင်းများဝင်ရောက်တိုက်ခတ်လေ့ရှိပြီး အဆိုပါအခြေအနေများကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပွားလေ့ရှိကြောင်း အီဂျစ်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

AZH

# ဇမ်ဘီယာနိုင်ငံ လိုဝါးဇမ်ဘီဇီအမျိုးသားဥယျာဉ်အနီး ကြေးနီတူးဖော်ရေးလုပ်ကွက်များကို ရပ်ဆိုင်းထားရန် ဇမ်ဘီယာအာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့

**လူဆာကာ ဇွန် ၂**

ဇမ်ဘီယာနိုင်ငံ တောင်ဘက်ပိုင်းတွင်တည်ရှိသော လိုဝါးဇမ်ဘီဇီအမျိုးသားဥယျာဉ်အနီး ဆောင်ရွက်နေသည့် ကြေးနီတူးဖော်ရေးလုပ်ကွက်များကို မေ ၃၁ ရက်မှစ၍ ရပ်ဆိုင်းထားရန် ဇမ်ဘီယာအာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားသွားခဲ့ကြောင်း Gulf News သတင်းဌာနက ဇွန် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကြေးနီတူးဖော်ရေးလုပ်ကွက်ကို Mwembeshi Resources Ltd သတ္တုမိုင်းတွင်း ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါစီမံကိန်း၏ တန်ကြေးမှာလည်း အမေရိကန်ဒေါ်လာ ၄၉၄ သန်းထိ ရှိကြောင်း၊ Mwembeshi Resources Ltd သတ္တုမိုင်းတွင်း ကုမ္ပဏီသည် ကြေးနီတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပါ အချက်အလက်တချို့ကို ချိုးဖောက်နေသည့်အတွက် ကြေးနီတူးဖော်ရေးလုပ်ကွက်ကို ရပ်ဆိုင်းထားရန် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း ဇမ်ဘီယာ သဘာဝပတ်ဝန်းကျင်နှင့် စိမ်းလန်းသောစီးပွားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"ရပ်ဆိုင်းထားရတဲ့ ကြေးနီတူးဖော်ရေးလုပ်ကွက်ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်ခွင့် ရဖို့အတွက် ကြိုးစားသွားမယ်။ ကုမ္ပဏီအနေနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေနဲ့ပတ်သက်ပြီး ချိုးဖောက်မှုတွေရှိခဲ့တယ်ဆိုရင်လဲ ဘယ်အချက်က ဥပဒေကို ချိုးဖောက်နေလဲဆိုတာကို တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု Mwembeshi Resources Ltd သတ္တုမိုင်းတွင်းကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူ အိုလီဗီယာရှာလာလာက ပြောကြားခဲ့သည်။

ဇမ်ဘီယာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီကလည်း အဆိုပါသတ္တုမိုင်းတွင်း ကုမ္ပဏီကို စုံစမ်းစစ်ဆေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**နိုင်းဆက်**



# ဝါရှင်တန်မြို့အခြေစိုက် Amazon.com Inc ကုမ္ပဏီကို ဝန်ထမ်း ၁၀၀ ကျော်က ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးမူဝါဒပြောင်းလဲမှုနှင့်ပတ်သက်ပြီး ဆန္ဒထုတ်ဖော်

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် အခြေစိုက်သည့် ကမ္ဘာ့အကြီးဆုံး e-commerce ကုမ္ပဏီဖြစ်သည့် Amazon.com Inc ကုမ္ပဏီမှ ဝန်ထမ်း ၁၀၀ ကျော်က မေ ၃၁ ရက်တွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးမူဝါဒပြောင်းလဲမှုနှင့်ပတ်သက်ပြီး Amazon.com Inc ရုံးချုပ်ရှေ့တွင် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ခဲ့ကြကြောင်း US News သတင်းဌာနက ဇွန် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Amazon.com Inc ကုမ္ပဏီသည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့်ပတ်သက်ပြီး မူဝါဒများ ပြောင်းလဲထားမှုအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများဖြစ်သည့်ဝန်ထမ်း ၁၀၀ ကျော်က ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ပြီး အဆိုပါ ဆန္ဒထုတ်ဖော်သူများကို ကုမ္ပဏီဘက်ကလည်း လုပ်ငန်းတာဝန်မှ ရပ်ဆိုင်းထားကြောင်း၊ ဆန္ဒထုတ်ဖော်ခဲ့ကြသည့် ရုံးဝန်ထမ်း ၁၀၀ ကျော်သည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးနှင့် ပတ်သက်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြသလို ရုံးပြန်တက်ခွင့်ရရေးအတွက်လည်း တောင်းဆိုမှုပြုလုပ်ခဲ့ကြကြောင်း သိရသည်။

"လေထုညစ်ညမ်းမှုနှုန်းတွေ မြင့်တက်လာပြီ။ ထိန်းချုပ်ရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ အချိန်ကျပြီ။ နောက်ပြန်မလှည့်ဘဲ အားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ကြမယ်"ဟု ဆန္ဒထုတ်ဖော်ခဲ့ကြသည့်ရုံးဝန်ထမ်းများက သံပြိုင်အော်ဟစ်ခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် Amazon.com Inc ကုမ္ပဏီမှ ဝန်ထမ်းပေါင်း ၁၉၀၀ ကျော်ထိ ဆန္ဒထုတ်ဖော်သွားကြရန်စီစဉ်နေကြောင်း ရာသီဥတုပြောင်းလဲမှု၊ တရားမျှတမှုဆိုင်ရာ အမေဇုန်ဝန်ထမ်းများအဖွဲ့ (AE-CJ) က ထုတ်ပြန်ခဲ့သည်။

ဆန္ဒထုတ်ဖော်ကြရန် ဆုံးဖြတ်ခဲ့ရသည့် အဓိကအကြောင်းရင်းမှာ Amazon.com Inc ကုမ္ပဏီက ပြောင်းလဲကျင့်သုံးမည့် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာ မူဝါဒသည် ၂၀၃၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သိသိသာသာ လျော့ကျရေး ရည်မှန်းချက်ကို အရောက်သွားနိုင်မည့်အခွင့်အရေး နည်းပါးနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

**နိုင်းဆက်**

# အမေရိကန်နိုင်ငံ မွန်တာနာပြည်နယ်တွင် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်

**ဝါရှင်တန် ဇွန် ၂**

အမေရိကန်နိုင်ငံ မွန်တာနာပြည်နယ်တွင် မေ ၃၁ ရက်က မိုးသက်လေပြင်း ကျရောက်နေပြီး မိုးသက်လေပြင်း ကျရောက်မှုကြောင့် လာမည့်ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု NPR သတင်းဌာနက ဇွန် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မိုးသက်လေပြင်းသည် မွန်တာနာပြည်နယ် အနောက်တောင်ဘက်ပိုင်းတွင် ကျရောက်ခဲ့ခြင်းဖြစ်ပြီး မိုးသက်လေပြင်းကြောင့် ကြီးကြီးမားမား ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ မိုးသက်လေပြင်း ကျရောက်မှုကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ကောင်တီများမှာ ဟီလ်ကောင်တီနှင့်ဘလိန်းကောင်တီတို့ဖြစ်ကြောင်း မွန်တာနာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဟီလ်ကောင်တီနဲ့ ဘလိန်းကောင်တီမှာ မိုးသက်လေပြင်းကျရောက်နေပြီး မိုးရေချိန်မှာ သုည ဒသမ ၅ လက်မကနေ ၁ ဒသမ ၅ လက်မထိ မြင့်တက်နေပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်တဲ့အတွက် မြစ်ကြောင်းဘေးမှာရှိတဲ့ ဒေသတွေအနေနဲ့ ရေဘေးအန္တရာယ်သတိပေးချက်ကို စောင့်ကြည့်သွားဖို့ လိုအပ်ပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးသက်လေပြင်း ကျရောက်ခဲ့ပြီးနောက် မိုးရွာသွန်းမှုမှာ မိနစ် ၂၀ ခန့်သာရှိခဲ့ပြီး ရေဘေးအန္တရာယ်အခြေအနေကို စောင့်ကြည့်သွားရမည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

အမေရိကန် အမျိုးသားမိုးလေဝသ ညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ မွန်တာနာပြည်နယ်မြောက်ဘက်ပိုင်း ဂရိတ်ဖောနှင့် မွန်တာနာပြည်နယ် အနောက်ဘက်ပိုင်းတွင်လည်း မိုးသည်းထန်စွာရွာသွန်းလာနိုင်ပြီး ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

ဘက်တီနယ်မြေတွင်လည်း မိုးရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်နေပြီး စိုးရိမ်ရေမှတ်သို့ရောက်ရှိရန် အနည်းငယ်သာ လိုတော့သည့် အခြေအနေဖြစ်ပြီး မြစ်ချောင်းများအတွင်း မြစ်ရေပမာဏမြင့်တက်ကာ အဝေးပြေးလမ်းမကြီး တချို့တွင် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**နိုင်းဆက်**

# နမီးဘီးယားနိုင်ငံတွင် သန့်စင်သောစွမ်းအင်ဖြင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်ရေး လက်မှတ်ရေးထိုး

**ဝင်းဟုတ် ဇွန် ၂**

နမီးဘီးယားနိုင်ငံတွင် သန့်စင်သောစွမ်းအင်ဖြင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ထုတ်လုပ်နိုင်ရေး ဂျာမနီနိုင်ငံမှ စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သော Hyphen Energy ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံတန်ဖိုးရှိသည့် သဘောတူညီချက်တစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးခဲ့ကြောင်း နမီးဘီးယားသမ္မတရုံးမှ ထုတ်ပြန်သောသတင်းများကို ကိုးကား၍ VOA သတင်းဌာနက ဇွန် ၁ ရက်တွင် ရေးသားဖော်ပြထားသည်။

ဂျာမနီနိုင်ငံမှ စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သော Hyphen Energy ကုမ္ပဏီသည် နမီးဘီးယားနိုင်ငံ Tsau Khaeb အမျိုးသားဥယျာဉ်အတွင်း စီမံကိန်းတည်ဆောက်ရေး ဆောင်ရွက်လျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် သန့်ရှင်းသောစွမ်းအင်ဖြင့် ထုတ်ယူရရှိသော ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ဖြင့် အမိုးနီးယားတန်ချိန် နှစ်သန်းထုတ်လုပ်နိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

အဆိုပါအမိုးနီးယားကို လောင်စာအဖြစ် ဆက်လက်အသုံးပြုနိုင်မည်ဖြစ်ပြီး စွမ်းအင်ထုတ်လုပ်ကာ ပြည်တွင်းအတွက် လိုအပ်သော အောက်ဆီဂျင်နှင့် လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Hyphen Energy ကုမ္ပဏီက အဓိကထုတ်ကုန်များကိုဝယ်ယူရန် ဂျာမနီ၊ အင်္ဂလန်၊ တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှကုမ္ပဏီများနှင့် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း နမီးဘီးယားသမ္မတ၏ စိမ်းလန်းသော ဟိုက်ဒရိုဂျင်ထုတ်လုပ်ရေးကော်မရှင်နာနှင့် စီးပွားရေးရာအကြံပေးဖြစ်သူ James Mnyupe က ပြောကြားခဲ့သည်။

သန့်စင်သောစွမ်းအင်ဖြင့်ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ ထုတ်လုပ်မှုက ရာသီဥတုကို ပြောင်းလဲစေသော ရုပ်ကြွင်းလောင်စာများမှ ကာဗွန်ထွက်ရှိမှုကို လျှော့ချပေးနိုင်သဖြင့် ကမ္ဘာကြီးက လိုအပ်လျက်ရှိကြောင်း Hyphen Energy ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Macro Raffinetti က ပြောကြားခဲ့သည်။

AZH

# တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက ထိပ်တိုက်တွေ့ဆုံမှုမှာအသာရနေပြီး တိုက်စစ်အားကောင်းနေတဲ့ ဗလင်စီယာ၊ ဗယ်လာဒိုးလစ်၊ လိုက်ပ်ဇစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



© Michael Taeger/Jan Huebner/IMAGO

တနင်္ဂနွေနေ့ညမှာတော့ အီတလီစီးရီးအေနဲ့ လာလီဂါအမှတ်ပေးပြိုင်ပွဲတွေ ရာသီပိတ်ပွဲစဉ်ကစားမှာဖြစ်ပါတယ်။ အီတလီစီးရီးအေမှာတော့ ချန်ပီယံဆု၊ ချန်ပီယံလိဂ်ဝင်ခွင့်နဲ့ တန်းဆင်းဇုန်က ပြိုင်ဆိုင်မှုပြင်းထန်မှာမဟုတ်ပါဘူး။ လာလီဂါမှာတော့ ချန်ပီယံနဲ့ချန်ပီယံလိဂ်ဝင်ခွင့်က ပြိုင်ဆိုင်မှု မပြင်းထန်ပေမဲ့ တန်းဆင်းဇုန်ကတော့ အဆင့်(၁၃)ထိသက်ရောက်မှုရှိနေတာကြောင့် လက်ကျန်တစ်သင်းက ဘယ်အသင်းတန်းဆင်းရမလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ဒီ့ပြင် ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲစဉ်လဲရှိနေတာကြောင့် ပြိုင်ပွဲကောင်းတွေကို ဆက်လက်ကြည့်ရှုရအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် တနင်္ဂနွေနေ့ညပွဲစဉ်တွေထဲက တွေ့ဆုံမှုအစဉ်အလာမှာအသာရနေပြီး တိုက်စစ်အားကောင်းတဲ့ အသင်းတွေကိုသာ ရွေးချယ်ရမှာဖြစ်ပါတယ်။

## ဗလင်စီယာအသင်းကို အားပေးရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စပိန်လာလီဂါနောက်ဆုံးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘက်တစ်နဲ့ ဗလင်စီယာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ အဓိကကစားသမားတွေ ဒဏ်ရာရချိန်မှာရလဒ်ပိုင်းကျဆင်းသွားတာခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာဒဏ်ရာရကစားသမားတွေ ပြန်လည်ကောင်းမွန်လာတာကြောင့် ပုံစံကောင်းပြန်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ အခုပွဲစဉ်မှာ ကွင်းလယ်ကစားသမား ဖက်ကီယာတစ်ဦးသာ ဒဏ်ရာကြောင့် ပါဝင်နိုင်မှာမဟုတ်တာကြောင့် ကစားအားကျဆင်းသွားမှာမဟုတ်သလို နောက်ဆုံးငါးပွဲမှာသုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ရမှတ်မလိုဘဲအရှုံးအနိုင် အရေးမကြီးတော့တဲ့ပွဲစဉ်မှာ လူငယ်ကစားသမားတွေနဲ့ ပွဲထွက်လာမလားဆိုတာ စဉ်းစားစရာဖြစ်နေပါတယ်။ ဒါကြောင့် နောက်ဆုံးအိမ်ကွင်း နှစ်ပွဲဆက်မှာဂိုးပေးခဲ့ရတာကိုတွေ့ရမှာပါ။

ဗလင်စီယာအသင်းဟာ ပွဲစဉ်(၃၇) ကစားအပြီးမှာ ရမှတ် ၄၁ မှတ်သာရရှိခဲ့ပြီး အဆင့်(၁၅)မှာရောက်ရှိနေပေမဲ့ တန်းဆင်းဇုန်က ဗယ်လာဒိုးလစ်နဲ့ ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေတာကြောင့် အခုပွဲစဉ်ကို ရှုံးလို့မရတာကိုတွေ့ရမှာပါ။ လက်ရှိမှာလဲ သူတို့အသင်းဟာ နည်းပြဂတ်တူဆိုထွက်ခွာပြီးနောက်ပိုင်း ပုံစံကောင်းပြန်လည်ရရှိခဲ့တာကြောင့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့ပြီး ဗီလာရီးရဲလ်နဲ့ အက်စ်ပန်ညိုကို ဂိုးမရှိသရေ၊ ဆဲလ်တာဗီဂို၊ ရီးရဲလ်မက်ဒရစ်တို့ကို အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီ့ပြင် နည်းပြသစ်လက်ထက်မှာ သူတို့အသင်းဟာ ခံစစ်၊ တိုက်စစ်ဟန်ချက်ညီညီကစားနိုင်ခဲ့တာကြောင့် စုဖွဲ့မှုကောင်းတဲ့ အသင်းတွေကိုတောင် နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့ပွဲစဉ်မှာ သူတို့အသင်းရဲ့ တန်းဆင်းဇုန် ရှန်းအားက အားရစရာကောင်းနေပေမဲ့ အခုပွဲစဉ်ကို မဖြစ်မနေအနိုင်ရမှသာ သူတို့ရဲ့ရည်မှန်းချက် ပြည့်မြောက်နိုင်မှာဖြစ်ပါတယ်။ ဗလင်စီယာအသင်းဟာ အခုပွဲစဉ်ကို ရှုံးနိမ့်ခဲ့ရင်တော့ တန်းဆင်းသွားရမှာဖြစ်တာကြောင့် အိမ်ရှင်ဘက်တစ်ဆီက ရမှတ်အပြည့်ရယူဖို့ အစွမ်းကုန်ပြင်ဆင်လာမှာပါ။ သူတို့နှစ်သင်းထိပ်တိုက်တွေ့ဆုံမှုတွေမှာတော့ ကိုးကြိမ်စီအနိုင်ရခဲ့ပြီး ခြောက်ကြိမ်သရေရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ လက်ရှိခြေစွမ်းနဲ့ ကြိုးစားအားထုတ်မှုအရ ဗလင်စီယာအသင်းကိုပဲ အားပေးရမှာပါ။

**ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၀ | - | ၁ | ဘက်တစ် |
| ဘက်တစ် | ၃ | - | ၁ | ဗယ်လ်ကာနို |
| ဆီဗီလာ | ၀ | - | ၀ | ဘက်တစ် |
| ဘက်တစ် | ၀ | - | ၁ | ဂီတာဖေး |
| ဂျီရိုနာ | ၁ | - | ၂ | ဘက်တစ် |

**ဗလင်စီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၁ | - | ၁ | ဗီလာရီးရဲလ် |
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဗလင်စီယာ |
| ဗလင်စီယာ | ၁ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| မာယော့ကာ | ၁ | - | ၀ | ဗလင်စီယာ |
| ဗလင်စီယာ | ၂ | - | ၂ | အက်စ်ပန်ညို |

## ဗယ်လာဒိုးလစ်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စပိန်လာလီဂါနောက်ဆုံးပွဲစဉ်တွေထဲက နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဗယ်လာဒိုးလစ်နဲ့ ဂီတာဖေးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဗယ်လာဒိုးလစ်အသင်းဟာ ပွဲစဉ်(၃၇) ကစားအပြီးမှာ ရမှတ် ၃၉ မှတ်နဲ့ အဆင့်(၁၈)မှာရောက်ရှိနေပြီး တန်းဆင်းဇုန်မှာ ကျရောက်နေတာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ အခုအိမ်ကွင်းပွဲစဉ်မှာ ရမှတ်သုံးမှတ်ရရှိတာနဲ့ လာလီဂါမှာဆက်လက်ကစားခွင့်ကို ပိုင်ဆိုင်နိုင်မှာဖြစ်လို့ ရေကုန်ရေခန်းကစားလာမှာသေချာပါတယ်။ ဒီ့ပြင် သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ လက်ရှိချန်ပီယံ ဘာစီလိုနာအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ယူခဲ့ပြီး လာလီဂါမှာဆက်လက်ကစားခွင့်နဲ့ ထိုက်တန်ကြောင်း ပြသနိုင်ခဲ့တာလဲဖြစ်ပါတယ်။ ဒါပေမဲ့ နည်းပြသစ်အနေနဲ့ အသင်းနဲ့အထိုင်ကျဖို့ ရှုန်းကန်နေချိန်မှာ အသင်းကြီးတွေနဲ့ ပွဲကျပ်တွေ ဆက်တိုက်ကစားခဲ့ရတာကြောင့် အလုပ်မဖြစ်ဘဲ တန်းဆင်းဇုန်ထဲ ဆက်လက်ရှိခဲ့တာဖြစ်ပါတယ်။ အခုဂီတာဖေးနဲ့ ပွဲစဉ်မှာ ပြီးခဲ့တဲ့ဘာစီလိုနာကို အနိုင်ရခဲ့တဲ့ပွဲစဉ်ကအတိုင်း ကစားနိုင်ရင်တော့ ရမှတ်ပြည့်ရယူနိုင်မှာ သေချာပါတယ်။ ဒီ့ပြင် သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာလဲ ဗယ်လာဒိုးလစ်အသင်း ရှုံးပွဲမရှိခဲ့တာကို တွေ့ရမှာပါ။

ဂီတာဖေးအသင်းဟာ နည်းပြဖလိုရက်ဇ် လက်ထက်မှာ ရလဒ်ပိုင်းတည်ငြိမ်မှု မရှိခဲ့တာကြောင့် တန်းဆင်းဇုန်ထဲရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ နည်းပြဘိုဒါလက်စ် လက်ထက်မှာတော့ အဝေးကွင်းရလဒ်မကောင်းခဲ့ပေမဲ့ အိမ်ကွင်းပွဲစဉ်တွေမှာတော့ အသင်းကြီးတွေကိုတောင် အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြသစ်လက်ထက် အဝေးကွင်းလေးပွဲမှာလဲ မာယော့ကာ၊ အက်စ်ပန်ညို၊ ရီးရဲလ်မက်ဒရစ်တို့ကို ရှုံးခဲ့ပြီး ရမှတ်မလိုတော့တဲ့ ဘက်တစ်ကိုသာ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာလဲ သူတို့အသင်းရဲ့ အဓိကကစားသမားအုနယ်လ် ပါဝင်ခဲ့တာကြောင့် ရမှတ်စုဆောင်းနိုင်ခဲ့ပေမဲ့ တိုက်စစ်မှူး အုနယ်လ်ဒဏ်ရာရရှိပြီးနောက်ပိုင်းမှာတော့ တိုက်စစ်ပိုင်းကဂိုးရဖို့ရှုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်ကို မဖြစ်မနေအနိုင်ရဖို့ ကြိုးစားလာမဲ့ အိမ်ရှင်ဗယ်လာဒိုးလစ်ရဲ့ဖိအားပေးမှုကြောင့် ဂီတာဖေးအသင်းခံစစ်ပိုင်းထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒီ့ပြင် တွေ့ဆုံမှုအစဉ်အလာမှာလဲ ဗယ်လာဒိုးလစ်က အသာရထားတာကြောင့် ရမှတ်လိုအပ်နေတဲ့ အိမ်ရှင်ကိုပဲ ရွေးချယ်ရမှာပါ။

**ဗယ်လာဒိုးလစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လ်ကာနို | ၂ | - | ၁ | ဗယ်လာဒိုးလစ် |
| ဗယ်လာဒိုးလစ် | ၀ | - | ၃ | ဆီဗီလာ |
| ကာဒီဇက် | ၂ | - | ၀ | ဗယ်လာဒိုးလစ် |
| ဗယ်လာဒိုးလစ် | ၃ | - | ၁ | ဘာစီလိုနာ |
| အယ်မာရီယာ | ၀ | - | ၀ | ဗယ်လာဒိုးလစ် |

**ဂီတာဖေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂီတာဖေး | ၁ | - | ၀ | ဆဲလ်တာဗီဂို |
| ရီးရဲလ်မက်ဒရစ် | ၁ | - | ၀ | ဂီတာဖေး |
| ဂီတာဖေး | ၁ | - | ၁ | အယ်ချီ |
| ဘက်တစ် | ၀ | - | ၁ | ဂီတာဖေး |
| ဂီတာဖေး | ၂ | - | ၁ | အိုဆာဆူနာ |

## လိုက်ပ်ဇစ်အသင်းနဲ့ လက်တွဲရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲစဉ်မှာတော့ လက်ရှိချန်ပီယံလိုက်ပ်ဇစ်အသင်းနဲ့ ဖရန့်ဖတ်အသင်းတို့ တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ဖလားပွဲစဉ်ဖြစ်လာမှာသေချာပါတယ်။ လိုက်ပ်ဇစ်အသင်းဟာ ပိုကယ်ဖလားပြိုင်ပွဲမှာ အိုဆန်ဆန်ကို ရှစ်ဂိုး ဂိုးမရှိ၊ ဟမ်းဘတ်အသင်းကို လေးဂိုး ဂိုးမရှိ၊ ဟော်ဖန်ဟိမ်းကို သုံးဂိုး တစ်ဂိုး၊ ဒေါ့မွန်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဖရိုင်းဘတ်ကို ငါးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲကိုရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပိုကယ်ဖလားဗိုလ်လုပွဲစဉ်ကို သုံးနှစ်ဆက်တိုက် တက်ရောက်ခဲ့ရာမှာ ၂၀၂၁ ခုနှစ်မှာ ဒေါ့မွန်ကိုရှုံးခဲ့ပြီး ဖလားမရခဲ့ပေမဲ့ ပြီးခဲ့တဲ့နှစ်မှာတော့ ဖရိုင်းဘတ်ကိုအနိုင်ယူပြီး ပထမဆုံးဆုဖလားကို ရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အခုနှစ်မှာလဲ သူတို့အသင်းဟာ ဖလားပြိုင်ပွဲမှာ ခြေစွမ်းကောင်းတဲ့ အသင်းတွေကို အနိုင်ယူပြီး ဗိုလ်လုပွဲရောက်ရှိခဲ့တာကြောင့် ဆုဖလားရဖို့ ရေပန်းစားနေတာလဲဖြစ်ပါတယ်။ ဒီ့ပြင် သူတို့အသင်းရဲ့ အဓိက ကစားသမားတွေ ဒဏ်ရာက ပြန်လည်ကောင်းမွန်လာတာကလဲ ဖလားရဖို့ အားတစ်ခုဖြစ်စေပြီး ကာလရှည်အနားယူနေရတဲ့ တိုက်စစ်မှူး အန်ကူကူလဲ အခုပွဲစဉ်မှာပါဝင်မှာသေချာပါတယ်။ သူတို့နှစ်သင်းတွေ့ဆုံမှု ၁၅ ကြိမ်မှာ လေးကြိမ်စီအနိုင်နဲ့ ခုနစ်ပွဲသရေရလဒ် ထွက်ပေါ်ခဲ့ပေမဲ့ ကစားသမားစုဖွဲ့မှုမှာတော့ လိုက်ပ်ဇစ်အသင်းကအသာရနေတာကို တွေ့ရမှာပါ။

ဖရန့်ဖတ်အသင်းဟာ ပိုကယ်ဖလားသမိုင်းမှာရှစ်ကြိမ် ဗိုလ်လုပွဲတက်ရောက်ခဲ့ရာမှာ ငါးကြိမ် ဆုဖလားရရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ၂၀၁၈ ခုနှစ် နောက်ပိုင်းမှာတော့ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ခြင်းမရှိဘဲ အခုနှစ်မှသာ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်ရောက်ခဲ့တာလဲ ဖြစ်ပါတယ်။ လက်ရှိမှာတော့ ကစားသမားနဲ့ နည်းပြကြား နားလည်မှုလွဲနေတာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတော့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ပိုကယ်ဖလားပွဲစဉ်မှာ မက်ဒီဘက်အသင်းကို လေးဂိုး ဂိုးမရှိ၊ စတုဂါတာအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဒမ်စတက်အသင်းကို လေးဂိုး နှစ်ဂိုး၊ ယူနီယံဘာလင်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ စတုဂတ်အသင်းကို နှစ်ဂိုး သုံးဂိုးတို့နဲ့ အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဖရန့်ဖတ်ရဲ့ ဖလားလမ်းကြောင်းဟာ ပွဲစဉ်ချောင်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူးမူအာနီက သွင်းဂိုးခြောက်ဂိုးထိ သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာ ကစားသမားစုဖွဲ့မှု အားကောင်းတဲ့ လိုက်ပ်ဇစ်ဟာ ၄-၄-၂ ကစားကွက်နဲ့ တီမိုဝါနာ၊ အန်ကူကူတို့အတွဲနဲ့ ပွဲထွက်လာမယ်ဆိုရင် ခံစစ်ပိုင်းအားနည်းတဲ့ ဖရန့်ဖတ်အသင်း ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် လက်ရှိ ကစားသမားစုဖွဲ့မှုနဲ့ တိုက်စစ်ထက်မြက်နေတဲ့ လိုက်ပ်ဇစ်အသင်းပဲ ဆုဖလားရယူနိုင်မှာသေချာပါတယ်။

**လိုက်ပ်ဇစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | ၁ | - | ၅ | လိုက်ပ်ဇစ် |
| ဖရိုင်းဘတ် | ၀ | - | ၁ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၂ | - | ၁ | ဝါဒါဘရီမင် |
| ဘိုင်ယန်မြူးနစ် | ၁ | - | ၃ | လိုက်ပ်ဇစ် |
| လိုက်ပ်ဇစ် | ၄ | - | ၂ | ရှော်လ်ကေး |

**ဖရန့်ဖတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စတုဂတ် | ၂ | - | ၃ | ဖရန့်ဖတ် |
| ဟော်ဖန်ဟိမ်း | ၃ | - | ၁ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၃ | - | ၀ | မိန့်ဇ် |
| ရှော်လ်ကေး | ၂ | - | ၂ | ဖရန့်ဖတ် |
| ဖရန့်ဖတ် | ၂ | - | ၁ | ဖရိုင်းဘတ် |





ရန်သူမျိုးဘေး
တားဆီးရေး
မနေး
ဆောင်ရွက်ကြ

စာပေ
မြင့်မှ
လူမျိုး
တင့်မည်

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သက်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှုက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျသုဒ္ဓာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မုံတော(မြောက်) မူလွန်ကျောင်း ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade - 7 (အောင်)မှ မပြည့်ဖူးခိုင်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-4 (အောင်)မှ မောင်ပြေဇင်ခန့်တို့၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျော်မျိုးခိုင် ဖြစ်ပါကြောင်း။ **ဦးကျော်မျိုးခိုင် (၉/စကတ(နိုင်)၀၆၁၄၇၂)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ မိုးကောင်းကျေးရွာနေ (ဘ) ဦးလှဘော်၏သား ဦးစိန်ဝင်းလှိုင်(ခ)စိန်ဝင်းနိုင်(ခ)ဦးမောင်နိုင်(၉/စကတ(နိုင်)၀၂၈၂၂၉)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိန်ဝင်းလှိုင်(ခ)စိန်ဝင်းနိုင်(ခ)မောင်နိုင်**
**(၉/စကတ(နိုင်)၀၂၈၂၂၉)**

### ဖခင်အမည်မှန်

စစ်ကိုင်းမြို့ 'ထက်' ကိုယ်ပိုင်အထက်တန်းကျောင်း၊ G-2 တန်းခွဲ (အေ)တွင် ပညာသင်ကြားနေသော မောင်ပြည့်စုံမောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းသူရ(၅/စကန(နိုင်)၂၀၅၃၂၈)ဖြစ်ပါကြောင်း။
**ဦးမင်းသူရ (၅/စကန(နိုင်)၂၀၅၃၂၈)**

### ပျောက်ဆုံးကြောင်း

လေးမျက်နှာမြို့နယ်နေ မောင်ဇော်သက်ပိုင် (ဘ) ဦးလှိုင်ဝင်း(၁၄/လမန(နိုင်)၀၆၅၁၅၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-779229)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၁၀၉၄၅၁၅

### ပျောက်ဆုံးကြောင်း

ဟသ်ာတမြို့နယ်နေ ဦးနေလင်းထွန်း (ဘ) ဦးညာဏ်မှင့် (၁၄/ဟသတ(နိုင်)၂၄၅၄၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(M-055547)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၄၅၆၈၇၃

### ပျောက်ဆုံးကြောင်း

အေးသဲမြို့နယ်နေ မအေးဆန်းသွယ် (ဘ) ဦးချစ်စိန် (၁၄/ဒဒရ(နိုင်)၂၁၁၀၉၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-069526)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၁၁၈၆၉၅၃

### ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နယ်နေ စနေထက် (ဘ) ဦးမောင်ပေါင် (၁၄/ဝခမ(နိုင်)၃၁၂၈၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-634152)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၆၈၅၄၂၃၅၅

### ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့သစ်၊ (၂)ရပ်ကွက်နေ ဝင်းကိုအောင် (ဘ) ဦးမြသင်း (၅/ဒပယ(နိုင်)၁၁၂၇၀၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-381271)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၁၄၁၆၈၅

❖ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည် ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန်လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာလုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

# (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများကို ကြိုဆိုနှုတ်ဆက်ခြင်းအခမ်းအနားကျင်းပ



**နေပြည်တော် ဇွန် ၂**

ကမ္ဘောဒီးယားနိုင်ငံက ဇွန် ၃ ရက်မှ ၉ ရက်ထိ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်နိုင်ငံများမှ အားကစားအဖွဲ့များ ကြိုဆိုနှုတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Sports Complex ၌ (Team Welcome Ceremony) ကြိုဆိုရေးအခမ်းအနားကို ကျင်းပသည်။

ဦးစွာ ကမ္ဘောဒီးယားနိုင်ငံမှ H.E. Hun Many (Member of the Cambodian National Assembly)က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

စာမျက်နှာ ၁၇ ကော်လံ ၄ ☆

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် ဇွန် ၂**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ဆက်လက်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက ဖိအားပေးကစားနိုင်ခဲ့ပြီး

စာမျက်နှာ ၁၇ ကော်လံ ၁ ❖

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် သဘာဝဘေးအထိခိုက်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

စာမျက်နှာ - ၂၂

စစ်တွေမြို့ရှိ မုန်တိုင်းအထိခိုက်သင့်ပြည်သူများကို ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

စာမျက်နှာ - ၂၀

CRPH၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက တီးတိန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (မြို့မ)ကို လက်လုပ်ရိုမှုမိုင်းဖြင့် မိုင်းထောင်ဖောက်ခွဲ

စာမျက်နှာ - ၂၄

Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀၁ ~ ၈၂၄၀၀၀၇



ကုမ္ပဏီအခမ်းအနားများ
ဖြင်ဝအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..